
www.burmeseclassic.com

# မြမှူးခင်ခင်

## ချစ်သူ့ရဲ့မျက်ဝန်းတစ်စုံ

အိုးယွန်းယှဉ်စာပေ



အချစ်လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၆၃၀၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၆၁၀၃၀၇

ထုတ်ဝေသူ

ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) (မြ-၀၉၃၂)

ရဲအောင်စာပေတိုက်၊

အမှတ် (၂)၊ ချွန်းလမ်း (၁)၊

မင်္ဂလာတောင်ညွန့်မြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ

ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)

၁၇၁၊ ၃၃ - လမ်း ကျောက်တံတား။

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ မေ လ။

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဝိလွှန်းယှဉ် စာပေတိုက်မှ ပြည်လုံးကျွတ် ဖြန့်ချိပါသည်။




# မြမှူးခင်ခင်

# ချစ်သူရဲ့ မျက်ဝန်းတစ်စုံ

www.burmeseclassic.com

www.burmeseclassic.com

- ကမ္ဘာပေါ်မှာ တစ်ဦးတည်းသော အချစ်တတ်ဆုံး
  လူသားတစ်ဦးထံက . . .
- နူးညံ့သိမ်မွေ့တဲ့ ချမ်းမြေ့ခြင်းမေတ္တာတွေ . . .
  နိုင်မြဲတဲ့ သစ္စာတရားတွေ . . .
- အကြင်နာအယုအယတွေ . . .
  ချစ်မြတ်နိုးမှုတွေ . . .
  အားလုံး . . . အားလုံး
  ဘာကိုမှ ပိုင်ဆိုင်ခွင့်မရနိုင်တော့တဲ့ဘဝမှာ . . .
- "ချစ်သူရဲ့ မျက်ဝန်းတစ်စုံ" ကိုသာ
  ပိုင်ဆိုင်ခွင့်ရခဲ့မယ်ဆိုရင် . . .
  ခပ်နွဲ့နွဲ့ ခပ်ညှို့ညှို့ သိပ်ချစ်တတ်တဲ့
  မိန်းမသားဘဝအဖြစ်
  ကျွန်မ ကျေနပ်စွာ ခံယူနိုင်စွမ်းရှိပါတယ်။

"ချိုသဲစဉ်"

## အခန်း(၁)

'အင့် . . .'

'အို . . . အမေ'

ခြေလှမ်းကျဲကျဲနဲ့ ပေါ်တီကိုအောက်ကို ပြေးဝင်စဉ် ကျွန်မ တစ်စုံတစ်ရာနဲ့ ဝင်တိုက်မိတယ်။ တိုက်မိတဲ့အရှိန်က ပြင်းတာမို့ ကျွန်မရဲ့ ကိုယ်လုံးလေး သူ့ရင်ခွင်ထဲသို့ တိမ်းညွှတ်သွားပြီး ဒူးခွေသွားတဲ့အတွက် ယိုင်လုလု . . .။

ဒီအခြေအနေကို ထိန်းသိမ်းဖို့ သူက လှမ်းအပွေ့ ကျွန်မ ရှောက်ကိုယ်လုံး နွေးထွေးသည့် အငွေ့ကလေးတစ်ခု ဖြတ်သန်းသွား ခဲ့တယ်။

'ကျွန်မကို နွေးထွေးမှုပေးတဲ့ တစ်စုံတစ်ရာဟာ ဘယ်သူ ပါလိမ့်နော်'



www.burmeseclassic.com

www.burmeseclassic.com



သည်အတွေးနှင့် တစ်စုံတစ်ရာကို ကျွန်မ လှမ်းကြည့်လိုက်တဲ့အခါ ကျွန်မရဲ့ ဦးခေါင်းတစ်ခုလုံး အိုးထိန်းစက်တစ်ခုလို ချာချာလည်ခဲ့။

ဘာကြောင့်လဲ သိရဲ့လား…။

တစ်စုံတစ်ရာဟာ ကျွန်မ တစ်ခါမှမမြင်ဖူးတဲ့ ယောကျ်ားတစ်ယောက်။ မမျှော်လင့်ဘဲ သူ့ရင်ခွင်ထဲမှာ ကျွန်မ ရောက်နေတယ်။

ရှက်လိုက်တာ။ အသားဆတ်ဆတ်တုန်နေတယ်။

သူ့ရင်ခွင်က ကျွန်မ အပြေးကလေးရုန်းထွက်လိုက်တယ်။ ကျွန်မရင်တွေ ဗာဒိန်းဒိန်းခုန်နေလို့ နံရံကို လက်တစ်ဖက်နဲ့ အသာလေး မှေးကိုင်ထားရတယ်။

'ညီမ… ရရဲ့လား'

ကျွန်မရဲ့ ယိမ်းယိုင်နေတဲ့ အခြေအနေကို သူသိပုံရတယ်။

'ရပါတယ်'

ကျွန်မကလည်း ဒီလိုပဲဖြေလိုက်တယ်။

'ဒါဆို ကျွန်တော် စာအုပ်တွေ ကောက်ပေးမယ်နော်'

အဲဒီလိုပြောပြီး ကျွန်မ တိုက်မိစဉ်က ကျသွားတဲ့စာအုပ်





တလေးတွေ ကောက်ပေးနေလေရဲ့။

ပြန့်ကျဲနေတဲ့ စာအုပ်ကလေးတွေကို ကောက်ပေးပြီး…

'Sorry နော်၊ မတော်တဆဖြစ်သွားတာမို့ ကျွန်တော် တောင်းပန်ပါတယ်'

ကျွန်မနှုတ်က ဘာမှပြန်မပြောနိုင်အောင် ဆွံ့အနေတယ်။ ဘာကြောင့် ကျွန်မ ဆွံ့အစွာ နှုတ်ဆိတ်နေမိပါလိမ့်။ တကယ်တော့ ကျွန်မဟာ မဟုတ်မခံ ခပ်စွာစွာ ကောင်မလေး။

အခု သူ့က ကျွန်မကို ပြင်းပြင်းထန်ထန်ဝင်တိုက်လို့ ကျွန်မ မူးဝေသွားခဲ့တယ်။ ခေါင်းတစ်ခုလုံးလည်း နာကျင်သွားတယ်။ တကယ်ဆို သူက Sorry ဆိုတာနဲ့ ကျွန်မ ကျေနပ်ရအောင်လား။ ကောင်းကောင်းကြီး ရန်တွေ့ရမှာ။

အခုတော့ တကယ်ပဲ ကျောက်ဆစ်ရုပ်တစ်ရုပ်လို ရပ်တန့်နေခဲ့။ သူကတော့ ပြောပြောသွားသွား သွားခဲ့ပြီ။

အတန်ကြာမှ ကျွန်မ သတိပြန်ဝင်လာတယ်။ ကျွန်မဟာ SKL ကွန်ပျူတာကောလိပ်(စ်)ကို လာတက်တာပဲ။ သတိရရချင်း ကွန်ပျူတာကောလိပ်(စ်)ရှိရာ တတိယထပ်ကို အမြန်ဆုံးပြေးတက်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



**တလယ်(စ်)က စ,နေပြီ။** ဆရာမဝင်ပြီး စာသင်နေပြီမို့ **ကျွန်မ နောက်တန်းကခုံမှာပဲ** ဝင်ထိုင်လိုက်တယ်။ ဆရာမသင်ပြနေတဲ့ သင်ခန်းစာကို နားထောင်နေမိတယ်။ ဒါပေမဲ့ အစပိုင်း ကျော်သွားလို့ သူ ဘာသင်နေတယ်ဆိုတာ ကောင်းကောင်း သဘောမပေါက်ဘူး။

စာအုပ်ကို ကျွန်မ ကြည့်နေပေမယ့် စိတ်က ပျံ့လွင့်နေတယ်။

ခုနက နွေးထွေးတဲ့ရင်ခွင်တစ်ခုရဲ့ အငွေ့အသက်ဆီကို စိတ်ရောက်သွားခဲ့တယ်။

တကယ်လို့သာ ဘတ်(စ်)ကားအဆင်းမှာ မိုးသည်းသည်း မရွာခဲ့ရင် ဒီအဖြစ်မျိုးနဲ့ ကြုံမှာမဟုတ်။

ကျွန်မကိုက ကံဆိုးလေသလားမသိ။

ထီးမယူတဲ့နေ့ဆိုရင် မိုးရွာတာနဲ့ကို တိုက်ဆိုင်စွာကြုံတတ်ပါတယ်။

အိမ်ကထွက်လာတော့ ထီးယူဖို့ သတိရမိသေးတယ်။ ဒါပေမဲ့ ရာသီဥတုကလည်း သာယာနေတာကြောင့်တစ်ကြောင်း ကျောင်းချိန်မမီမှာစိုးတာ တစ်ကြောင်းကြောင့် ထီးရှာမနေတော့





ဘဲ ဘတ်(စ်)ကားဆီကို အပြေးလာခဲ့တယ်။ ဘတ်(စ်)က နည်းနည်းစောင့်ရတယ်။ ကားစီးလာခဲ့တာ ဖွန်ပျူတာသင်တန်း တည်ရှိရာမှတ်တိုင်ကို ရောက်လာပါပြီ။

ကျွန်မ လက်ကနာရီကလေးကို လှမ်းကြည့်လိုက်တော့…

'ဟာ… ရှစ်နာရီဆယ်မိနစ်တောင်ရှိပြီ'

'ဒါဆို ဆယ်မိနစ် နောက်ကျသွားပြီ'

ကျွန်မက တီးတိုးရေရွတ်ရင်း ဘတ်(စ်)ကားပေါ်က အဆင်း…

'ဟောတော့'

မမျှော်လင့်ဘဲ မိုးသည်းသည်းရွာချတယ်။

'အို… နောက်ကျရတဲ့အထဲ မိုးကလည်း ရွာလိုက်သေးတယ်'

ကျွန်မက မိုးကို မကျေမနပ်နဲ့ ပြောလိုက်ပြီး ပါလာတဲ့ စာအုပ်တွေကို ပလတ်စတစ်ဖိုင်ထဲထည့်ပြီး ဒီဖိုင်ကလေးကို ခေါင်းပေါ်မိုးရင်း အပြေးကလေး ပြေးလာခဲ့တယ်။

ငါးမိနစ်လောက် ပြေးလိုက်ရင်ပဲ ကွန်ပျူတာသင်တန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်မှာရှိတဲ့ ပေါ်တီကို,ကို လှမ်းမြင်လိုက်ရပြီ။ ကျွန်မ အားတက်သွားပြီပေါ့။ ဒါကြောင့် အရှိန်ပိုထည့်ပြီး ပေါ်တီကို အောက်ကို ပြေးအဝင် သူနဲ့ တိုက်ဆိုင်စွာဝင်တိုက်ခဲ့မိတယ်။

တော်ပါသေးရဲ့။ ကျွန်မ လဲကျတော့မလို့။

သူလှမ်းဆွဲထားလို့။ ဒါကြောင့် ကျွန်မရဲ့ 'စွာတေး' ဆိုတဲ့ ဘွဲ့ကို စွန့်လွှတ်ပြီး ကျောက်ရုပ်ဖြစ်သွားသလား မဆိုနိုင်ဘူး။

ဒါပေမဲ့ ဒီ တဒင်္ဂအချိန်မှာ ကျွန်မရဲ့ နှလုံးသားခုန်သံ စည်းချက် မမှန်တော့ဘူး။ အခုထက်တိုင် တည်ငြိမ်မှုကင်းမဲ့နေ လေရဲ့။

'ဟင်း...'

ပင့်သက်ချရင်း စိတ်ကို တည်ငြိမ်အောင် ကြိုးစားဖို့ အမှတ်တမဲ့နဲ့ ပြတင်းပေါက်ဆီကို လှမ်းကြည့်မိတယ်။

အပြင်မှာ ပြင်းထန်စူးရှတဲ့ မိုးချုန်းသံနှင့်အတူ မိုးသီး မိုးပေါက် ကြမ်းကြမ်းကြီး ရွာသွန်းနေလေရဲ့။ ကျွန်မ တကယ်ပဲ ပြုံးမိတယ်။ ဘာကြောင့်လဲဆိုတော့ ခုနက မိုးက ဒီလောက် မသည်းသေးဘူး။ ဒါတောင် မိုးစိုမှာကြောက်တဲ့ ကောင်မလေး နဲ့ ကောင်လေးတစ်ကောင်ရဲ့ ထိခိုက်မှုဒဏ်ရာက ပြင်းထန်တယ်။





အခုလို အပြင်ဘက်က ရွာတဲ့မိုးကြမ်းကြမ်းကြီးဆိုရင်...

ကျွန်မ ဆက်မတွေးရဲဘူး။ ဒီလိုစဉ်းစားရင် ကျွန်မရဲ့ မျက်နှာဟာ ပြုံးစိစိဖြစ်နေတယ်။

ဒီအချိန်မှာ ဆရာမရဲ့ အသံကြောင့် ကျွန်မ ဆရာမကို လှမ်းကြည့်လိုက်မိတယ်။ ဒီလိုကြည့်ရင်း အမှတ်မထင် သင်တန်း သူ၊ သင်တန်းသားများဘက်ကိုလည်း လှမ်းကြည့်တဲ့အခိုက် တတိယတန်းမှာ ထိုင်နေတဲ့ သူ့ဆီကို မျက်စိရောက်သွားတယ်။

'ဟင်... သူ... သူပဲ'

ကျွန်မတစ်ကိုယ်လုံး တုန်ယင်သွားတယ်။

ကျွန်မဟာ အလွယ်တကူ ကြောက်ရွံ့တုန်လှုပ်တတ်သူ မဟုတ်။ ဒါပေမဲ့ သူမှန်းသိလိုက်တဲ့ တဒင်္ဂအချိန်မှာ စောစောက ပြုံးနေတဲ့ အပြုံးတွေလည်း ပျောက်ကွယ်သွားပြီ။

ကျွန်မ သူနဲ့ ရင်ဆိုင်ဖို့ သတ္တိမရှိဘူး။

ရှက်လွန်းတာကြောင့် ဒီကလပ်(စ်)ကနေ ထွက်သွားဖို့ ခုံပေါ်မှာတင်ထားတဲ့ ပလတ်စတစ်ဖိုင်ရယ်၊ စာအုပ်တွေရယ်၊ ဘောလ်ပင်တွေရယ်ကို ကောက်သိမ်းလိုက်တယ်။ ဒါပေမဲ့ ရင် တုန်တုန်၊ လက်တုန်တုန်။



www.burmeseclassic.com

www.burmeseclassic.com



"ရှုန်း…"

"ရှုန်း…"

"ရှုန်း…"

"ဟောတော့…"

ပလတ်စတစ်ခိုင်းရုပ် ဘဲဘုတ်ခြေတွေရယ်၊ ဘောလ်ပင်တွေ ရယ် စားပွဲခုံအောက်ကို ပြန့်ကျဲလွင့်စင်ကျခဲ့တယ်။

ကျွန်မလည်း ကျွန်မရဲ့ နဖော်နမှုနိုင်လှတဲ့ အပြုအမူ ကြောင့် ငယ်နံ့ချပ်ပြီး မတ်တတ်ရပ်လိုက်မိတယ်။

တိတ်ဆိတ်ငြိမ်သက်နေတဲ့ စာသင်ခန်းမှာ ကျွန်မရဲ့ ပစ္စည်းတွေ ကျသွားတဲ့အသံဟာ ဟိန်းထွက်သွားတယ်လို့တောင် ထင်ရတယ်။

ဆရာမအပါအဝင် စာသင်သားတွေရဲ့ ခေါင်းများက တညီတညွတ်တည်း ကျွန်မဘက်ကို လှည့်ကြည့်ကြတယ်။ ဒီ အကြည့်တွေထဲမှာ ဟိုလူစိမ်းလည်း ပါလေရဲ့။

ကျွန်မ ရှက်လိုက်တာ။

ဘာကိုမှ မမြင်ရတော့ဘူး။ တစ်ကိုယ်လုံး တုန်ယင်နေ ခဲ့။ ဒီမှာတင် ဆရာမက…





"ချိုသဲစဥ် နေမကောင်းဘူးလား"

ကျွန်မကို လှမ်းမေးလိုက်တယ်။ နည်းနည်းတော့ ရှိုင်း သွားသလား မသိ။ ကျွန်မနှုတ်က အသံမထွက်လို့။ ခေါင်းညိတ် ပြီး ထိုင်ချလိုက်တယ်။ ပစ္စည်းတွေကို ကျွန်မ ကောက်နိုင်စွမ်း မရှိတော့ဘူး။

ကျွန်မရဲ့ အားနည်းချက်ကို သူငယ်ချင်း ရွှေယင်းမာဦးက လှမ်းတွေ့ပြီး ရှေ့တန်းကနေ ကျွန်မဆီကို အပြေးကလေးရောက် လာပြီး ပစ္စည်းတွေကောက်ပေးရင်း…

"နင် ဘာဖြစ်တာလဲ၊ နေမကောင်းဘူးလား"

သူက မေးလည်းမေး၊ ကျွန်မအင်္ကျီကိုလည်း ကိုင်ကြည့် ပြီး…

"နင့်အင်္ကျီမှာ ချွေးရေတွေ စိုရွှဲနေတယ်၊ နင် အအေးမိပြီး ဖျားချင်နေတာ မဟုတ်လား"

ရွှေယင်းမာဦးဟာ အကြွားနိုလေးတစ်ယောက်လို အနား ကနေ တတွတ်တွတ် ခပ်တိုးတိုးလေး ပြောနေခဲ့တယ်။

ကျွန်မကလည်း သူ့ကို ခပ်တိုးတိုးပဲ "အင်း"လို့ ပြန်ဖြေ လိုက်တယ်။ သူလည်း ကျွန်မပစ္စည်းတွေ ကောက်ပေးပြီး ရှေ့



www.burmeseclassic.com

www.burmeseclassic.com



တန်းမှာ သွားမထိုင်တော့ဘဲ ကျွန်မခုံဘေးမှာ ဝင်ထိုင်လိုက်တယ်။

'နှင် နောက်ကျပြီးမှ ရောက်လာတာလား'

'အင်း…'

'ငါက နှင် ကလပ်(စ်)မတက်တော့ဘူးလို့တောင် ထင်နေတာ'

'အင်း…'

'နှင် မိုးသည်းသည်းရွာတုန်းက ရောက်လာတာ မဟုတ်လား'

'အင်း…'

'နေစမ်းပါဦး၊ တအင်းအင်းနဲ့ ဘာဖြစ်နေတာလဲ'

'ငါ ဘယ်လိုဖြစ်မှန်း မသိဘူး၊ 'အင်း' တောင် မနည်းပြောနေရတယ်'

'အောင်မယ်လေး… အရေးထဲ၊ နှင်ကလည်း မိုးထိတာလေးလောက်နဲ့ နုနေလိုက်တာ၊ ခေတ်သစ်နန်းမတော်မယ်နု ဖြစ်နေပြီ'

ကျွန်မတို့ ဒီလို စကားပြောနေစဉ်မှာ ကလပ်(စ်)ပြီးသွားခဲ့တယ်။ ဆရာမက အရင်ထွက်သွားပြီး နောက်က ကျောင်းသူ





ကျောင်းသားတွေ လိုက်ထွက်ခဲ့တယ်။

ကျွန်မလည်း ဘာဖြစ်မှန်းမသိတဲ့ ရောဂါကြောင့် ချက်ချင်းထမပြန်သေးဘဲ အားလုံးပြန်မှ ပြန်မယ်လို့ စိတ်ကူးထားတယ်။

ကျွန်မဘေးကနေ ကျောင်းသူ ကျောင်းသားတွေ တစ်သုတ်ပြီးတစ်သုတ် ထပြန်သွားကြပြီ။ ဒါပေမဲ့ လူမကုန်သေး။

ဒီအချိန်မှာ ကျွန်မရဲ့ ခုံဘေးမှာ တစ်စုံတစ်ရာ ရောက်ရှိလာတယ်၊

'ညီမ… ဘယ်လိုနေသေးလဲ၊ ခေါင်းမူးနေသေးလား'

တိုးသက်ညင်သာတဲ့ အသံပျော့ကလေးနဲ့အတူ သူပြောလိုက်တယ်။ ကျွန်မ သူ့ကို မော့ကြည့်စဉ် ချိုသာတဲ့အပြုံးကလေးတစ်ချက် သူ့နှုတ်ခမ်းမှာ လင်းလက်သွားတယ်။ ဆက်ပြီးရင်မဆိုင်ရဲလို့ ကျွန်မ မျက်လွှာကို အသာချရင်း…

'ဘာမှမဖြစ်ပါဘူး၊ နေကောင်းပါတယ်'

စိတ်အားတင်းပြီး ပြန်ပြောလိုက်တယ်။

'ကျွန်တော့်ရဲ့ အလေးတကြီး အမေးအတွက် တောင်းပန်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"ကျွန်တော်တို့ ကောလိပ်(ဇ်)အတူတူတက်ကြတော့ အတန်း ဖော်မိတ်ဆွေတွေပေါ့၊ နောက်လည်း ခေါ်ပါ၊ ကျွန်တော့် နာမည် "ကိုမိုးသည်း"ပါ"

"ဟုတ်ကဲ့"

"ညီမနာမည်လည်း ပြောပါဦး"

"ချိုသံစဉ်ပါ"

"ချိုသံစဉ် ဟုတ်လား၊ မှတ်မိပြီ၊ နောက်တွေ့ရင် ခေါ် မယ်နော်"

"ဟုတ်ကဲ့"

ဒီလိုပြောပြီး သူ ကျွန်မရှေ့က ထွက်ခွာသွားခဲ့တယ်။ ဒီမှာတင် ရွှေယမင်းမာဦးက…

"နေမကောင်းရတဲ့ကြားထဲ နောက်တွေ့ရင် ခေါ်ဖို့တောင် ချိတ်လုပ်သွားတယ်"

"ဒီလိုပေါ့ဟာ"

"နေစမ်းပါဦး၊ သူက ဘယ်သူလဲ၊ နင်နဲ့ ဘယ်လိုသိတာ လဲ"





"အောင်မယ်လေး… နေမကောင်းပါဘူးဆိုနေမှ စပ်စုနေလိုက်တာ၊ သူ့အကြောင်းသိရင် ဝမ်းသာလို့ ကားစင်မှာ ကတောင်လို့ သတ်ဦးမလား မသိဘူး"

"ဟာ… ဘာအကြောင်းမို့လဲ၊ နင့်ကို သူ ဘာလုပ်သွား လဲ၊ နင့်ကိုထိရင် ငါမခံဘူး"

"အေးပါ… နင် မခံပါနဲ့၊ ငါ့ဟာငါ ခံပါ့မယ်"

"ဒီလူကို တို့ကောလိပ်(ဇ်)မှာ အရင်က မတွေ့ဖူးပါဘူး၊ ဒီနေ့မှ စတက်တဲ့ လူစိမ်းနေမှာ"

"ငါလည်း ဒီလိုပဲထင်တာပဲ"

"နေပါဦး… အဲဒီလူစိမ်းနဲ့ ဘယ်လိုသိတာလဲ၊ ပြော"

"အင်း… ပြောရရင်တော့ မယ်သုမနေခါင်းမှာ ဘော်ရှာ တွေနဲ့လို့ ပြောရမယ်"

"ဘယ်လို… ဘယ်လို…"

"အဖြစ်က ဒီလို… ဒီလို…"

နည်းနည်းလေး ခေါင်းမူးပြေသွားပြီ၊ ပုံမှန်အခြေအနေ ရောက်လာပြီမို့ ရွှေယမင်းမာဦးက အစွန်းမောက်ပြီး ပြောပြနေချိန် မှာ…



www.burmeseclassic.com

www.burmeseclassic.com



'ဒုန်း…'

'အောင်မယ်လေး…'

'ဘာဖြစ်တာလဲ'

ကျွန်မ စိတ်ဆိုးဆိုးနဲ့ လှမ်းကြည့်တော့…

'အာကာမိုးထက်' ဆိုတဲ့ ကောင်ကလေး။ သူ့ရဲ့မျက်နှာက သုန်မှုန်နေပြီး တစ်စုံတစ်ခုကို မကျေမနပ်မျက်နှာနဲ့ သူ့ရဲ့စာအုပ်တွေကို ကျွန်မရှေ့က စားပွဲပေါ်ကို ခပ်ကြမ်းကြမ်းချလိုက်တဲ့အတွက် 'ဒုန်း…' ဆိုတဲ့အသံ ပေါ်ထွက်လာခဲ့တယ်။

'အာကာ… နင် ဘာကြောင့်ကြမ်းတမ်းတဲ့ အမူအရာတွေ လုပ်ရတာလဲ'

အာကာဆိုတာ အာကာမိုးထက်ရဲ့ အိမ်ခေါ်နာမည်ပါ။

'နင့်ကြောင့်ပေါ့'

'ဘာ နင့်ကြောင့်လဲ၊ ငါဟာငါတောင် သိပ်နေမကောင်းရတဲ့အထဲ'

'နင် နေမကောင်းတာ ဟိုကောင်ကြောင့် မဟုတ်လား'

'ဘယ်ကောင်လဲ'

'ဒီနေ့မှ တို့ကလပ်(စ်)ကို လာတက်တဲ့ လူစိမ်းလေ'





'လူစိမ်းက ဘာဖြစ်လို့လဲ'

'ငါ မသိဘူးများ ထင်နေလား၊ ဒီကောင်က နင် မိုးရွာကြီးထဲမှာ ပြေးလာတာတွေ့ပြီး ဓာတ်လမ်းလုပ်ချင်လို့ အပြေးလာပြီး နင့်ကို ဝင်တိုက်တာ ငါမမြင်ဘူးလို့ ထင်နေလား၊ အဲဒီတည်းက ဒီကောင်ကို ခွဲထိုးမလို့၊ ဟင်း… သူက အပေါ်ကို အပြေးမြန်သွားလို့'

'နင်ကလည်းဟယ်၊ ဒီနေ့မှတွေ့တဲ့လူက ဘယ်လို ဓာတ်လမ်းလုပ်နိုင်မှာလဲ၊ သူလည်း မိုးရွဲ၊ ငါလည်း မိုးရွဲနေတာ'

'နင် မသိပါဘူး၊ မြွေမြွေချင်းမှ ခြေမြင်တာ'

'မြွေမှာ ခြေမရှိပါဘူး အာကာရယ်'

ကျွန်မက ဒီလိုပြောလိုက်တော့ နဂိုက ဒေါသကြောင့် တင်းမာနေတဲ့ အာကာရဲ့မျက်နှာဟာ ပြေလျော့သွားတယ်။

'ဘယ်ကလာမှန်းမသိတဲ့ ကောင်က နင့်ကို ဘာပြောသွားသေးလဲ'

'သူဟာသူ ဘာပြောပြော နင့်ကို သံတော်ဦးတင်ရအောင် နင်က ငါ့ရည်းစားလား'



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရည်းစား မဟုတ်သေးလို့ပေါ့၊ ဟုတ်လို့ကတော့ ဒီကောင်လူစိမ်း မရှောင်ဘူး၊ လက်မပါဘူး မဟုတ်တာ၊ သူက မြန်ထိုးမှ နင့်မျက်စိက ပထမတစ်လုံး အတတ်တစ်လုံး ဆောင်းရွဲ့သွားမှာ"

"အေးပါ… ဟို လူစိမ်းဘက်က တော်တော်မှား၊ နောက်မှ ငါ့ကို အဆိုးမဆိုနဲ့"

"သွားပါ… နင် အေးအေးဆေးဆေး မြန်ပါတော့"

အစကာက သူ့သူငယ်ချင်းအုပ်စုနဲ့အတူ အောက်ကိုဆင်းသွားခဲ့တယ်။ ကလပ်(စ်)ထဲမှာ လူတစ်ယောက်မှ မရှိတော့ဘူး။ ဒီတော့မှ ကျွန်မနဲ့ ရွှေယင်းမာဦးတို့နှစ်ယောက် အတူတူဆင်းလာခဲ့တယ်။

"အစကာကလည်း ဘာမှန်းမသိဘူး"

"အေးလေ… သူ့ရဲ့ မနှစ်ကတည်းက အတူတူ ကလပ်(စ်) တက်ဖော်အဆင့်ပဲ ရှိတာ"

"ဒါပေမဲ့ သူ့အမေနဲ့ ငါ့အမေက ရင်းနှီးတော့ ငါ့ကို စောင့်ရှောက်ပါဆိုပြီး အပ်ထားလို့လေ"

"ဪ… ဒီလိုလား"





"ဟုတ်တယ်၊ ဒါက ကြိုတွန်း ရွှေ(ကြီး)လောင်းတဲ့ သဘောပေါ့"

"အေး… ငါသိပြီ"

"တို့ ဟိုရှေ့က လက်ဖက်ရည်ဆိုင်မှာ တစ်ခုခုဝင်စား ရအောင်"

ကျွန်မက ရွှေယင်းမာဦးကို ပြောလိုက်တယ်။ ဒါနဲ့ ဘတ်(စ်)ကားဂိတ်အရှေ့က အဲဒီ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်ဖြစ်ခဲ့တယ်။

ဆိုင်နာမည်က ဧဒင်ဥယျာဉ်တဲ့။

ဧဒင်ဥယျာဉ်ဆိုတာ ကမ္ဘာဦးအစက အာဒမ်နဲ့ ဧဝတို့ရဲ့ ချစ်နိုင်ဖြူကလေးပေါ့။ အေးချမ်းသော့ချွင်ခြင်းနဲ့ ကြည်နူးမှုအပြည့် အရှိတဲ့နေရာလေးဆိုတဲ့ အဓိပ္ပာယ်ပေါ့။

ကျွန်မတို့နှစ်ယောက် ဒီဆိုင်လေးမှာ အသုပ်စားပြီး လက်ဖက်ရည်သောက်ခဲ့ကြတယ်။ အမှတ်မထင် စားသောက်ခဲ့တဲ့ ဒီဆိုင်ကလေးဟာ နောင်သောအခါမှာ ကျွန်မရဲ့ ဖူးစာရေစက် မေတ္တာ အခိုက်အတန့်ကလေးတစ်ခု ဖြစ်လာမယ်မှန်း မသိခဲ့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အဖို့ ကျွန်မရင်ထဲမှာ မွန်းကျပ်မှုတွေကင်းတဲ့ ပျော်ရွှင်ခြင်းအတိနဲ့ အိမ်ကိုပြန်လာခဲ့တာပါ။

နောက်နေ့ နောက်နေ့တွေမှာလည်း ကျွန်မ ပျော်ရွှင်ချင်တယ်။

* * *

## အခန်း(၂)

ခဏခဏ နောက်ကျတတ်လို့ 'ဖော်တီဖိုက်မိနစ်' (လေးဆယ့်ငါးမိနစ်)လို့ အမည်ပေးခံရတဲ့ ကျွန်မဟာ ဒီနေ့ အိပ်ရာက စောစောထ ရေချိုးပြီး ကောလိပ်(စ်)ကို လာခဲ့တယ်။

သင်တန်းခန်းမနားက ဘတ်(စ်)ကားဂိတ်ကို ရောက်ခဲ့ပါပြီ။ အချိန်က ခုနစ်နာရီခွဲ။ သင်တန်းက ရှစ်နာရီမှ စမှာဆိုတော့ ဒီနေ့ တော်တော်စောနေတယ်။ ဒါကြောင့် ခြေလှမ်းနှေးနှေးနဲ့ ကြည်နူးရွှင်ရွှင် လမ်းလျှောက်လာခဲ့တယ်။

ပေါ်တီကိုနား ရောက်လာခဲ့ပြီ။

'ဟော... ကိုလူစီမိး'



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တီကိုဆောက်မှာ စာအုပ်ကလေးတွေကို ဟန်ပါပါ ပိုက်ရင်း ကျွန်မကို ပြုံးပြုံးကြီး စောင့်ကြိုနေတဲ့ ကိုလူစိမ်းကို တွေ့လိုက်ရတယ်။ ကျွန်မ သူ့အနီးကို ရောက်တဲ့အခါမှာတော့ . . .

"မရွှေသံစဉ်"

"ရှင် . . ."

ကျွန်မရဲ့ အမည်ကို ခေါ်လိုက်တော့ ကျွန်မ နည်းနည်း အံ့သြသွားတယ်။

"ကျွန်တော့်ကို အကူအညီတစ်ခု ပေးပါလားဗျာ"

"ပြောပါ"

"ကျွန်တော်က ဒီကလေ့(စ်)ကိုဝင်တာ နောက်ကျတော့ အရင်သင်ထားတဲ့ လက်ချာတွေ ပြန်ကူးချင်လို့ စာအုပ်ကလေးများ ငှားပေးနိုင်မလားလို့ပါ"

"ဪ . . . ဒါလား၊ အတန်းဖော် မိတ်ဆွေအချင်းချင်းပဲ၊ ငှားနိုင်ပါတယ်"

သူပြောခဲ့ဖူးသောစကားအတိုင်း အတန်းဖော်မိတ်ဆွေ ဆိုတဲ့ စကားလုံးကို သုံးလိုက်သည်။

"ကျေးဇူးပါပဲ၊ ကျောင်းဆင်းရင် စာအုပ်ငှားပါနော်"





"ရပါတယ်"

ကျွန်မတို့နှစ်ယောက် ဒီစကားတွေ ပြောနေတုန်း ရွှေယင်းမာဦး ရောက်လာတယ်။ ကျွန်မတို့နှစ်ယောက်ကို တစ်ချက် စောင်းငုံ့ကြည့်ပြီး အပေါ်ထပ် စာသင်ခန်းဆီကို ပြေးတက်သွားတယ်။ ရွှေယင်းမာဦး အထာနဲ့ လုပ်သွားတာ ကျွန်မ သိတယ်။

ကျွန်မ အတန်းထဲဝင်သွားပြီး ရွှေယင်းမာဦးရဲ့ ဘေးမှာ ဝင်ထိုင်လိုက်တယ်။ အစကဆို လက်ပံပင် ဆက်ရက်တွေသလို ဆူညံစွာ ပြောနေခဲ့တဲ့ ရွှေယင်းမာဦးဟာ အခုတော့ နှုတ်ဆိတ်နေလေရဲ့။

"ယင်းမာ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"နင် တစ်ခုခုဖြစ်နေမှန်း ငါသိတယ်၊ ပြော"

"မပြောချင်ပါဘူး"

"ပြောပါဆိုနေမှ"

"ဟိုလူစိမ်းကို ကြည့်မရဘူး"

"ဘာဖြစ်လို့လဲ"

"မနေ့ကမှ သိတယ်၊ ဒီနေ့ ပေါ်တီကိုဆောက်မှာစောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နှင့်ကို ဘာပြောတာလဲ’

‘ဩော်… ရှေ့က လက်ချာတွေမရှိလို့ စာအုပ်ငှားတာပါဟာ’

‘အဲဒါ အကြံအဖန်လုပ်တာ ဖြစ်မယ်’

‘မဟုတ်တာဟာ’

‘စာအုပ်ငှားချင်ရင် တခြားယောက်ျားလေးတွေဆီမှာ ငှားပါလား၊ နှင့်ဆီမှ ငှားရသတဲ့လား’

‘သူတို့ဆီမှ မသိတာ၊ ငါနဲ့ပဲ သိတာလေ’

‘အဲဒါ နှင်က သိပ်အတာပဲ၊ တကယ်တော့ မနေ့က တိုက်မိဟန်ဆောင်ပြီး နှင့်ကို မိတ်ဆွေဖွဲ့တာ နေမှာ’

‘မဟုတ်နိုင်တာ’

‘ဟုတ်သမှ သိပ်ဟုတ်ပေါ့၊ အခု နှင့်ဆီက စာအုပ်ငှားတယ် မဟုတ်လား၊ မယုံကြည့်နေ၊ နှင့်စာအုပ်ပြန်ပေးရင် ရည်းစားစာ ထည့်ပေးလိမ့်မယ်’

‘မဖြစ်နိုင်တာဟယ်… ဒီပုံစံမျိုးက ဘိုးတော်ဘုရားလေးဘက်ဘွားတုန်းက ပုံစံဟောင်းတွေပါ၊ အခု ဒီလိုမျိုး မရှိတော့ပါဘူး’





‘နင်ကတော့လေ၊ တကယ်ပဲ ငါမပြောလိုက်ချင်ဘူး’

ဒီအချိန်မှာ ဆရာမ ဝင်လာလို့ စကားစပြတ်သွားတယ်။ ရွှေယင်းမာဦးပြောစကားတွေအတွက် ကျွန်မ အံ့သြမိပါတယ်။ ကျွန်မရဲ့ အတွေးထဲမှာတောင် မရှိတဲ့ အကြောင်းအရာမျိုး ဘာကြောင့် သူ့ခေါင်းထဲမှာ ရောက်နေပါလိမ့်။

တကယ်တော့ ကိုလူစိမ်းလည်း ဟန်ဆောင်ပြီးတိုက်မိတာ မဖြစ်နိုင်။ ကျွန်မတို့နှစ်ယောက်စလုံး အရှိန်နဲ့ ပြင်းပြင်းထန်ထန် တကယ်တိုက်မိတာပါ။ ကျွန်မရဲ့ဦးခေါင်းမှာ ပြင်းပြစွာ နာကျင်သွားသလို သူ့ရဲ့ရင်ဘတ်မှာလည်း တော်တော်ကလေး နာသွားပုံရတယ်။ အဲဒါကို ရွှေယင်းမာဦးမို့ ပြောရက်တယ်။

‘အကြံအဖန်’တဲ့။

ဆရာမက ဒီနေ့အတွက် အကြောင်းအရာအသစ်တွေကို သင်ကြားပေးတယ်။ ကျွန်မလည်း ဆရာမသင်ပြတာ စိတ်ဝင်စားစွာရေးမှတ်ရင်း အချိန်ကုန်သွားတယ်။ ထုံးစံအတိုင်း ကျောင်းသူကျောင်းသားတွေအားလုံး ပြန်ပြီးမှ ကျွန်မတို့ ပြန်မယ်။

အာကာမိုးထက်က ကျွန်မကိုနှုတ်ဆက်ပြီး ပြန်သွားတယ်။ အားလုံးပြန်မှ ကိုရှူစိမ်းက ကျွန်မအနားကို ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့ကို တစ်ချက်ကြည့်လိုက်ပြီး…

"ဒီမှာ ရှင်လိုချင်တဲ့ စာအုပ်"

ကျွန်မရဲ့စာအုပ်တွေ သူ့ကို လှမ်းပေးလိုက်တယ်။

"ကျေးဇူးအများကြီးတင်ပါတယ်"

"ရပါတယ်"

"မချိုသဲစဥ်တို့လည်း မြန်မာ့မဟုတ်လား"

"ဒါနဲ့ မချိုသဲစဥ်လို့မခေါ်လည်း ရပါတယ်၊ 'သဲစဥ်'ဆိုရင် ရပါပြီ"

"ကောင်းပါပြီ သဲစဥ်"

ကျွန်မတို့သုံးယောက် အတူဆင်းလာပြီး ဘတ်(စ်)ကားဂိတ်အထိ လျှောက်လာကြတယ်။ အဲဒီနားရောက်တော့…

"သဲစဥ်စာအုပ်ကို မိတ္တူကူးလိုက်ချင်လို့၊ ခေါင်းညှပ်ဆိုင်မှာ စောင့်နေပေးနိုင်မလား"

"ရပါတယ်"

ဒီလိုနဲ့ ကိုလူမင်းရယ်၊ ကျွန်မတို့နှစ်ယောက်ရယ် ခေါင်းညှပ်ဆိုင်ထဲ ရောက်ခဲ့တယ်။ ခေါင်းညှပ်ဆိုင်ဟာ လက်ဖက်ရည်ဆိုင်လေးရယ် ဖုန်းဟင်းခါး အသုတ်စုံ အအေး အစုံရတယ်။ ကျွန်မဟာ





တစ်တာရိုက်၊ မိတ္တူ အားလုံး အစုံရှိတယ်။

မိတ္တူကူးနေချိန်မှာ ကျွန်မတို့ဝိုင်းမှာ လာထိုင်ပြီး…

"တစ်ခုခုစားပါ၊ ကျွေးပါရစေ"

သူက လိုက်လဲ့ပျူငှာစွာ ပြောလိုက်တယ်။ ဒါပေမဲ့ ကျွန်မက…

"နေပါစေ"လို့ပဲ ပြန်ပြောလိုက်တယ်။

မကြာပါဘူး အသုပ်စုံပွဲတွေ ရောက်လာတယ်။

"သဲစဥ် စာအုပ်ငှားပေးဖြစ်ပဲဖြစ်ဖြစ် သုံးဆောင်ပါ"

ကျွန်မလည်း ငြင်းလို့မကောင်းတဲ့အတွက် သူကျွေးတဲ့အသုပ်စုံကိုစားရင်း စကားစမြည် ပြောဖြစ်ခဲ့တယ်။ ဘာရယ်မဟုတ်။ ဟိုရောက်သည်ရောက်ပေါ့။ မိတ္တူဆွဲတာစောင့်ရင်း ပြောဖြစ်ခဲ့တဲ့ စကားတွေပေါ့။

"ချိုသဲစဥ်ဆိုတဲ့ နာမည်က တစ်မျိုးလေးပဲ၊ ကျွန်တော့်အထင် ဒီနာမည်ဟာ ညီမတစ်ယောက်တည်းပဲ ရှိတယ်နဲ့တူတယ်"

"နာမည်တူ ရှိရင်လည်း ရှိမှာပေါ့"

သူဟာ ကျွန်မရဲ့နာမည်ကို ချစ်ခင်နှစ်သက်ပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်ဆိုတဲ့စကားကို တိုးတိုးညင်သာစွာ ပြောလိုက်တဲ့အခါမှာ ကျွန်မရင်ထဲမှာ အေးချမ်းကြည်နူးလာခဲ့တယ်။ တကယ်တော့ သူ့ရဲ့ အေးဆေးတဲ့ အမူအရာ၊ လူကြီးဆန်တဲ့ အပြုအမူတွေဟာ ကျွန်မရဲ့စိတ်ကို ပြောင်းလဲသွားစေခဲ့တယ်။ ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ ကိုလူစိမ်းလို နူးညံ့တဲ့အပြောအဆို၊ သိမ်မွေ့တဲ့ နေထိုင်ပုံမျိုး မရှိခဲ့ဘူး။ လူကြီးဆန်တဲ့ ကိုလူစိမ်းကို ကျွန်မ စိတ်ဝင်စားခဲ့မိပြီလား မဆိုနိုင်။

ကျွန်မအသက် နှစ်ဆယ့်နှစ်နှစ်။ သိပ္ပံနှင့် ကျောင်းပြီးခဲ့သူ။ ဒါပေမဲ့ အခုအရွယ်အထိ ဘယ်ယောကျ်ားကိုမှ ကျွန်မရင်မခုန်ခဲ့ဖူးပါ။ ကျွန်မ တွေ့ဖူး၊ ခင်ဖူးတဲ့ ယောကျ်ားလေးများဟာ အခုခေတ်လူငယ်မို့လားမသိ။ ခေတ်ဆန်ဆန်နေတတ်ပြီး ကောင်မလေးအများကြီးကို ထည်လဲတွဲသူ များပါတယ်။ ဒီလိုလူမျိုးကို ကျွန်မ စိတ်မဝင်စားနိုင်။

'မိတ္တူဆွဲပြီးပါပြီ'

ဆိုင်ရှင်က လှမ်းပြောလိုက်တော့ ကိုလူစိမ်းထွက်သွားပြီး ကျသင့်ငွေကိုရှင်းပြီး ကျွန်မကို စာအုပ်ပြန်ပေးလိုက်တယ်။

'သံစဉ် စာအုပ်ငှားတဲ့အတွက် ကျေးဇူးတင်ပါတယ်'





'မုန့်ကျွေးတဲ့အတွက် သံစဉ်တို့ကလည်း ကျေးဇူးတင်ပါတယ်'

'ကျွန်တော့်ကို ခွင့်ပြုပါဦး'

'ဟုတ်ကဲ့ပါ'

ကျွန်မတို့နဲ့ လမ်းခွဲသွားခဲ့တယ်။

ဒီမှာတင် သူငယ်ချင်းဖြစ်တဲ့ ရွှေယင်းမာဦးကို စချင်တဲ့စိတ်နဲ့ . . .

'ခယ်မလဲ နင်ပြောတဲ့ ရည်းစားစာ'

'အဲဒါ ငါပါလို့ဖြစ်မှာ၊ ငါပါတော့ ရည်းစားစာမထည့်ရဲလို့ မိတ္တူကူးလိုက်တာနေမှာ'

'တော်တော်လည်း အပြောကောင်းတယ် 'စကားတောင်စား' လုပ်ဖို့ ကောင်းတယ်'

'ဟုတ်ပါတယ်၊ နဂိုတည်းက ငါက တော်ပြီးသားပါ ဆိုနေမှ'

'နင့်ကို မြှောက်ပြောတာ မဟုတ်ဘူး၊ အမြင်ကတ်လို့ ရွဲ့ပြောတာဟ'

'အေးပါ . . . ရွဲ့ချင်ရွဲ့၊ မရွဲ့ချင်နေ၊ ငါ့စိတ်ထဲမှာ ကိုလူ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းရဲ့ အချစ်စိတ်တွေဟာ ဆောင်းနှင်းမြူတွေလို နှင့်အနားမှာ ပျံ့နှံ့နေတယ်လို့ ခံစားရတယ်"

"တော်တော့… အသုပ်တစ်ပွဲနဲ့ အောင်သွယ်လာရလိုက်ရဲ့"

ကျွန်မတို့နှစ်ယောက် အပျော်အပျက်ပြောရင်း အိမ်ကို ပြန်လာခဲ့တယ်။

ညရောက်တော့ စာကျက်ဖို့ စာရေးစားပွဲမှာ ထိုင်လိုက်တယ်။ စာအုပ်တွေ ဖွင့်ဖတ်ပေမယ့် စိတ်မဝင်စားနိုင်။

ကျွန်မ တစ်စုံတစ်ရာကို ခံစားနေရသလို နိုးလိုးနဲ့လေ။

ကျွန်မ ဘွဲ့ရပြီးနောက်ပိုင်း ကျွန်မရဲ့ Dream တွေကို ဒိုင်ယာရီမှာ ချရေးဖြစ်တယ်။ အခုလည်း ကျွန်မ စားပွဲပေါ်က ဒိုင်ယာရီစာအုပ်ကလေးကို အမှတ်မထင် ဆွဲယူကြည့်လိုက်တယ်။

ကျွန်မရဲ့ Dream လို့ ရေးထားတဲ့ စာမျက်နှာကလေးကို ပြန်ဖတ်မိတယ်။

လောကကြီးထဲက နူးညံ့သိမ်မွေ့တဲ့ အချစ်ဆိုတဲ့အရာကို တွေ့ဖူးချင်တယ်။ အချစ်ဆိုတဲ့အရာကို ပိုင်ဆိုင်သူဟာ ကျွန်မရဲ့ ချစ်သူပါ။





"သူဟာ နူးညံ့တဲ့နှလုံးသား ရှိရမယ်။

ထက်မြက်ထူးချွန်တဲ့ ဦးဆောင်နိုင်တဲ့သူ။

အရာရာကို ဆင်ခြင်စဉ်းစား တွေးခေါ်နိုင်တဲ့သူ။

အရပ်နည်းနည်းမြင့်ပြီး ယောကျ်ားပီသသူ ဖြစ်ရမယ်။

အားလုံးထဲမှာ ထူးခြားတဲ့အချက်ကတော့ ကျွန်မ သူ့ကို တွေ့တွေ့ချင်း ရင်ခုန်မိတဲ့သူပဲ။

ကျွန်မ ချစ်သူနဲ့ လက်ထပ်မယ့်သူဟာလည်း တစ်ဦးတည်းပဲဖြစ်ရမယ်"

ဒီစာကြောင်းကလေးတွေကို ဖတ်ရင်းမှာ ကျွန်မ သူ့ကို တိုက်ဆိုင်စွာ သတိရလာတယ်။

ချောမောသန့်ပြန့်တဲ့ ယောကျ်ားပီသတဲ့ မျက်နှာ။

ပြီးတော့ အေးအေးဆေးဆေးစွာ ပြောဆိုဆက်ဆံတတ်တဲ့သူ။

ငွေပ်အကျီအကွက်ပျော့ကလေးနဲ့ လူကြီးဆန်သူ။

နောက်ဆုံးအချက်ကတော့ သူ့ကိုတွေ့တွေ့ချင်း ကျွန်မ ရင်ခုန်မိခဲ့တယ်။ သူဟာ အမြဲတမ်း သပ်သပ်ရပ်ရပ်နဲ့ သန့်ရှင်းစွာ နေတတ်သူ။

"အို… ဒါ ဘာကြောင့် သူ့အကြောင်းကို တွေးမိပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အတွေးစကို ဖြတ်တောက်ပြီး စာအုပ်နဲ့ မျက်နှာကို အပ်လိုက်တယ်။ နေ့တိုင်းလိုလို သူနဲ့ တွေ့ဆုံဖြစ်ခဲ့တယ်။

တစ်ခါတစ်ခါ ဗဒင်ဥယျာဉ်မှာ ကျွန်မတို့ မုန့်အတူစား ဖြစ်ခဲ့တယ်။ ဒီမှာတင် ပြဿနာက စခဲ့တယ်။

ပြဿနာဖန်တီးရှင်ကတော့ အာကာမိုးထက်။

'သံစဉ် နင့်ကို ငါ ပြောစရာရှိလို့'

'ပြောလေ'

'နေစမ်းပါဦး… နင် ပေါင်းစရာရှားသလား'

'နင် ဘာကိုဆိုလိုတာလဲ အာကာ'

'ဟို နောက်မှရောက်လာတဲ့အကောင်နဲ့ တတွဲတွဲဆို၊ ဗဒင်ဥယျာဉ်မှာလည်း အတူတူစားဆို'

'စားတာ ဘာဖြစ်လဲ၊ အတန်းဖော်ချင်း မခင်မင်ရဘူးလား'

'နင်က သူနဲ့သာ အတူသွားစားတာ၊ ငါနဲ့ တစ်ခါမှ မစားဖူးဘူး'

'နင့်ပုံက လမ်းသရဲပုံစံနဲ့၊ အခု ကျောင်းလာတာတောင် လက်ပတ်တွေရော သံကြိုးတွေရော ဒီလိုပုံစံမျိုးလူနဲ့ ငါ





ဘယ်မှမသွားနိုင်ဘူး'

'ဒါက ငါ့ရဲ့ စတော်တော်ဝင်လဲ၊ နင်က ခေတ်ရှေ့ယေ တစ်ယောက်ဖြစ်ပြီး ဘာကြောင့် ငါ့စတိုင်လ်ကို မကြိုက်ရ တာလဲ၊ ဘာကြောင့် အတိုးအိုစတိုင်လ်ကိုမှ ကြိုက်ရတာ လဲ'

[illegible] သွား… [illegible] သွား… နင်နဲ့ ငါ

'ငါသိပါတယ်၊ ငါလို မွှင့်မွှင့်လင်းလင်းလူကိုတော့ အမြစ်မြင်တယ်၊ မိန်းကလေးတွေနားမှာကပ်ပြီး အပျော့ဆွဲ ဆွဲတတ်သူကိုမှ အချစ်ဝင်ချင်တာလား'

'တော်ပြီ အာကာ၊ အခုချက်ချင်း နင့်စကားကို ရပ်လိုက်၊ နင်နဲ့ ငါ ရန်မဖြစ်ချင်ဘူး၊ နောက်ပြီး ငါဟာငါ ဘယ်သူ နဲ့တွဲတွဲ နင်နဲ့မဆိုင်ဘူး၊ လာမပြောနဲ့'

'အေးပါ… နင် အပြောကြီးထားဦး'

ကျွန်မ အာကာကို စော်တော်ခေါ်သာထွက်မိတယ်။ [illegible]တော့ ကိုလူစိမ်းနဲ့ ကျွန်မဟာ မိတ်ဆွေအဆင့်မှာသာ [illegible]သားတယ်။ သူကလည်း အခုအချိန်အထိ အာမှုဖွင့်ဟာစကား



www.burmeseclassic.com

www.burmeseclassic.com



မဆိုခဲ့သေးဘူး။ ကျွန်မမှာလည်း အဖြေပေးနိုင်လောက်အော
မစဉ်းစားရသေးဘူး။ ဒီလို အခြေအနေမျိုးမှာ အာကာတစ်ယော
ကိုလှစိမ်းကို ပြဿနာရှာခဲ့တယ်။

ကလပ်(စ်)အပြီး ကျောင်းအဆင်းမှာ အာကာက ကိုလှ
စိမ်းကို ဒေင်ဥယျာဉ်ထဲကို ခေါ်သွားခဲ့တယ်။

'ခင်ဖျား ချိုသံစဉ်ကို မနှောင့်ယှက်ပါနဲ့'

အာကာက ခပ်ထန်ထန်ပြောလိုက်တယ်။

'ငါဟာ သံစဉ်ချိုကို တစ်ခါမှ မနှောင့်ယှက်ဖူးဘူ
သူဟာ ငါ့မိတ်ဆွေပဲ'

'ဘာပဲဖြစ်ဖြစ် ခင်ဖျားနဲ့ သူဟာ မိတ်ဆွေအဆင့်
ရှိသေးတယ်၊ သူ ဏ္ဍမြွေပျက်အောင် တွဲသွားတွဲလာ
မလုပ်သင့်ဘူး'

'ငါတို့ အတန်းဖော်တွေ အရွယ်ရောက်တဲ့သူတွေ
စဉ်းစားဉာဏ်ရှိတယ်၊ တွဲမသွားနဲ့ပြောရအောင် မင်းမှာ
ဘာအရည်အချင်းရှိလို့လဲ'

'ခင်ဖျားစကား လွန်လာပြီနော်'

'မင်း စဉ်းစားပါဦး ငါညီ၊ အရွယ်ရောက်ပြီး လွတ်လ





တဲ့ ယောက်ျားတစ်ယောက်နဲ့ လွတ်လပ်တဲ့ မိန်းမတစ်
ယောက်ဟာ မိတ်ဆွေအဆင့်ကနေ ချစ်သူအဆင့်လည်း
ဖြစ်ခွင့်ရှိတယ်၊ ဒါမှမဟုတ် ဇနီးမောင်နှံအဖြစ်လည်း
ဖြစ်ခွင့်ရှိတယ်'

'ဘာပဲဖြစ်ဖြစ် ခင်ဖျား ချိုသံစဉ်ကို မချစ်ရဘူး'

'နှလုံးသားရဲ့ တောင်းဆိုချက်ကို ဘယ်သူမှ မတားဆီး
နိုင်ဘူး'

'ဒါဆို ခင်ဖျားက ချိုသံစဉ်ကို ချစ်နေတာပေါ့၊ ဟုတ်
လား'

'ဂုဏ်သိက္ခာတစ်ခုကို ငဲ့ကွက်ပြီး အမျိုးသမီးနာမည်ကို
ထည့်မပြောစေချင်ဘူး'

'ခင်ဖျားကို ကျုပ် ထိုးမိတော့မယ်'

အာကာက ဒီလိုပြောပြီး ကိုမိုးသည်းရဲ့ အင်္ကျီကော်လာ
နစ်ဖက်ကို ဆွဲလိုက်တယ်။

'လက်ရုံးရည်ထက်စာရင် နှလုံးရည်နဲ့ ယှဉ်ပြိုင်ဖြေရှင်း
တာပိုကောင်းပါတယ်'

မိုးသည်းက အေးဆေးစွာပြောလိုက်တော့မှ ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့လက်တွေကို ရှက်သိမ်းရှိုက်တာပဲ။

"တောက်... ခင်ဗျားမှာ သူမရဲ့ သချစ်ကို မာညီဖြစ်ရမယ်လို့ ဆိုလိုတာလား"

"ညီရေး နားလည်သလို နေပေါ့"

ပြောပြောနီဆို မိုးသည် ထွက်သွားခဲ့တယ်။ [illegible] ဦးလေးကြီးတော့ သူ့ရဲ့ ကျည်ကြည့်တဲ့ [illegible] ခဲ့တယ်။ ဒီလောက် စိန်ခေါ်တော့ [illegible] ကို အောင်မြေးမှာ အနိုင်မရသွားပါဘူး။

နောက်တစ်နေ့မှာ ကျွန်မရဲ့ ကိုလူမိုးကို တွေ့ [illegible] အကာမိုးထက်နဲ့ သူ ရန်ဖြစ်တဲ့အကြောင်း ကြားပြီးဖြို့ ဒီအကြောင်း စကားကို ပြောမလားလို့ စောင့်မျှော်နေမိတယ်။

ဒါပေမဲ့ အာကာကိစ္စနဲ့ပတ်သက်ပြီး သူ ဘာမှမပြော သလိုပဲ။ အစွန်းအစကလေးတောင် ပြောမသွားဘူး။

ကျွန်မ မနေနိုင်တော့ပါ။

"မနေ့က အာကာနဲ့ ရန်ဖြစ်တယ်ဆို"

"ကျွန်တော် ဘယ်သူနဲ့မှ ရန်မဖြစ်ပါဘူး၊ အာကာက အသေးအဖွဲကိစ္စကလေးတစ်ခုကို အထင်လွဲတာပါ"





"ဒါနဲ့ သူက ထိုးမယ် ကြိတ်မယ်လို့ ပြောတယ်ဆို"

"ခြော်... ဒါက ဒေါသထွက်လွယ်ပြီး လက်ရုံးရည်ကို အသုံးချလိုတဲ့ လူငယ်တွေရဲ့ စိတ်ဓာတ်ပါ၊ တဖြည်းဖြည်းတော့ သူနားလည်သွားမှာပါ၊ အခုလိုတက်နေချိန်မှာ ဘယ်ဆေးမှ တိုးမှာမဟုတ်ဘူး၊ အနာကျက်ရင် သူ့အလိုလို ကောင်းသွားမှာပါ၊ အချိန်တစ်ခုပဲ လိုတယ်"

"အချိန်... ဟုတ်လား"

"မကြာခင်မှာ အဲဒီ အချိန်ဟာ သံစဉ်ဆီကို ရောက်လာလိမ့်မယ်"

"ဟင်... အာကာနဲ့ ရန်ဖြစ်တဲ့ကိစ္စနဲ့ ကျွန်မ ဘာဆိုင်လို့လဲ"

"မဆိုင်ဘူးလို့ ထင်ရပေမယ့် မြွေကိုက်လို့ ဖားအော်၊ ဖားအော်လို့ မိုးရွာဆိုသလိုပေါ့"

"ဟင်... ဘာမှန်းလဲ မသိဘူး"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ကိုလူစိမ်းပြောတဲ့ အချိန်ဆိုတဲ့အရာတစ်ခု ကျွန်မဆီကို ရောက်လာခဲ့တယ်။ ကလပ်(စ်)အဆင်းမှာ အာကာတစ်ယောက် ကျွန်မအနားကို ရောက်လာခဲ့တယ်။

'သံစဉ် နင့်ကို ငါ အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာ ရှိတယ်'

'ဒါဆို ပြောလေ'

'ဒီနားမှာ ပြောလို့မရဘူး'

'မရရင်လည်း မပြောနဲ့ဟာ'

'မဟုတ်ဘူး၊ ငါပြောမယ့်အကြောင်းက မိုးသည်းနဲ့ ပတ်သက်နေတယ်'





မိုးသည်းဆိုတဲ့နာမည် ကြားတာနဲ့ ကျွန်မစိတ်တွေ တုန်လှုပ်သွားတယ်။

'မိုးသည်းက ဘာဖြစ်လို့လဲ'

'မိုးသည်းအကြောင်း ပြောချင်လို့'

'ဒါဆို ငါနဲ့ ယမင်းမာ လိုက်ခဲ့မယ်'

ကျွန်မတို့ မြို့ထဲက ဆိုင်တစ်ဆိုင်ကို ရောက်သွားတယ်။ လွတ်လွတ်လပ်လပ် ပြောနိုင်ဖို့ ယမင်းမာက အခြားစားပွဲတစ်ခုမှာ သွားထိုင်ပေးတယ်။

'ဟိုနေ့က မိုးသည်းနဲ့ ငါ ရန်ဖြစ်ခဲ့တယ်'

'ငါသိပြီးပြီ'

'တော်တော်ရင့်တဲ့အကောင်၊ သူ့ကိုယ်သူ ဆရာကြီးပုံစံနဲ့၊ ငါလည်း ဘယ်ရမလဲ၊ သူ့ကို ဦးအောင်ချိုးလိုက်တယ်'

'ဘယ်လိုချိုးလိုက်တာလဲ'

'ဒါတော့ နင်သိဖို့ မလိုဘူး'

'ဒါဆို နင် ဘာကြောင့် ငါ့ကို လာခေါ်တာလဲ'

'အဲဒီကောင်ကို နင်သတိထား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့် သတိတေးရမှာလဲ'

'နင့်ရဲ့အချစ်ကို နှလုံးရည်နဲ့ပြိုင်ပြီး ယူမယ်တဲ့'

'ဘယ်သူနဲ့ပြိုင်မှာလဲ'

'ငါနဲ့'

'တင် ... နင့်နဲ့ပြိုင်ရအောင် နင်က ငါ့ချစ်သူမှ မဟုတ်ဘဲ'

'ဒါကြောင့် ပြောတာပေါ့'

'ဘာပြောတာလဲ'

'ငါ တကယ်အတည်ပြောတာပါ၊ နောက်မှရောက်လာတဲ့ ရွှေကြာပင်နဲ့ ငါ မယှဉ်ချင်ဘူး၊ ငါဟာ နင့်ကို တကယ့်ကို နှစ်နှစ်ကာကာ ချစ်တာပါ။ ငါ့ကိုပြန်ချစ်ပါဟာ၊ နင်မချစ်ရင် ငါတော့ သေမှာပဲ'

'ဖြစ်မှဖြစ်ရလေ အာကာရယ်၊ မိန်းမကောင်းတစ်ယောက်ရဲ့ အချစ်ဟာ ဒီလောက်လွယ်ကူပါ့မလား၊ နင်တို့ရန်ဖြစ်တာနဲ့ ငါနဲ့ ဘာမှမဆိုင်ဘူး၊ ငါ ဘယ်သူ့ကိုမှ မချစ်ဘူး'

'စဉ်းစားပါဦး သံစဉ်ရယ်၊ နင်နဲ့ ငါနဲ့ဟာ ဘွဲ့ရတော့လည်း အတူတူ၊ ကွန်ပျူတာသင်တန်းကို တက်တော့လည်း အတူတူ၊ မိဘချင်းကလည်း သဘောတူ'

'နင် ငါ့ကို ဘာမှလာမပြောနဲ့'

'သံစဉ် နင် အခုအဖြေမပေးပါနဲ့ဦး။ စဉ်းစားပြီးမှ အဖြေပေးပါ'

'တော်ပြီ ... ငါပြန်တော့မယ်'

ကျွန်မ စိတ်ပျက်စွာ အိမ်ပြန်လာခဲ့တယ်။ အာကာရဲ့ လုပ်ပုံကို တော်တော်စိတ်ဆိုးမိတယ်။ အချစ်ဆိုတဲ့ နူးညံ့သိမ်မွေ့တဲ့ အရာတစ်ခုကို ဒီလို ကြမ်းကြမ်းတမ်းတမ်းပုံစံနဲ့ ဆက်ဆံရသလား။

ဒီလိုပုံစံမျိုးနဲ့သွားရင် အရှုံးကိုသာ ရင်မှာပိုက်ရမယ်ဆိုတာ သူမသိလေရော့သလား။

သူ့ပုံစံက ဟစ်ဟော့ပုံစံမျိုး။

နင့်ကို ငါချစ်တယ်။ ငါ့ကို နင် ချစ်မလားဆိုတဲ့ သီချင်းထဲကအတိုင်း။ တကယ်တော့ မိန်းမသားတစ်ယောက်ရဲ့ ရှုမြွေသိက္ခာဆိုတဲ့ ထိန်းသိမ်းရမယ့်အကြောင်းတွေကို နင် သိမှမသိဘဲ အာကာရယ်။

အချစ်ဟာ နူးညံ့သိမ်မွေ့တယ်။ လုပ်ယူလို့ရတာ မဟုတ်





အိုယွန်းယှဉ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နှလုံးသားဟာ ဦးနှောက်မဟုတ်ဘူး။ သူတကယ်ချစ်တဲ့ လူရဲ့ မေတ္တာသော့နဲ့မှ နှလုံးသားတံခါးကို ဖွင့်လို့ရတာ။

ဒီလို နူးညံ့တဲ့နှလုံးသားကို ကြမ်းတမ်းစွာ တံခါးလာ မခေါက်ပါနဲ့။ ဒီလိုပုံစံမျိုးကို ကျွန်မ မုန်းတယ်။ အချစ်နဲ့ပတ်သက်လို့ ကျွန်မကို တယ်သူမှ ဩဇာမလွှမ်းမိုးစေရဘူး။

ကျောင်းရောက်တော့ ရွှေယင်းမာဦးနဲ့ တွေ့တယ်။

'ကိုမိုးသည်းဟာ ထောင့်တစ်ထောင့်ကနေ နင့်ကို ကြည့်နေတယ်၊ သူ နင့်ကို ဘယ်လောက်ချစ်ကြောင်း ပြောဖို့ ကြိုးစားနေတာဖြစ်မယ်'

'ယင်းမာ ငါဟာ ကျွဲနှစ်ကောင်ခတ်တဲ့ကြားက မြေဇာပင် အဖြစ်မခံနိုင်ဘူး၊ အခုအချိန်မှာ ငါ့ကို ဘယ်သူကပဲ ချစ်တယ်ပြောပြော ငါ ဘယ်သူ့ကိုမှ ပြန်မချစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ သံစဉ်'

'သူတို့ရဲ့ ပြိုင်ဆိုင်မှုဟာ ငါ့ရဲ့ ချစ်ခြင်းမေတ္တာ မဖြစ်စေရဘူး'

'တစ်နေ့နေ့မှာ ကိုမိုးသည်းဟာ နင့်ကို ချစ်ရေးဆိုလာမယ်လို့ ငါထင်တယ်'





ဒီလိုနဲ့ ကျွန်မတို့ဟာ ကာလပ်(စ်)ကို ပုံမှန်တက်ဖြစ်ခဲ့တယ်။ ထူးခြားတာက ကိုမိုးသည်းတစ်ယောက်ဟာ ကျွန်မကို အဝေးကလှမ်းကြည့်ရုံကလွဲလို့ အနားကိုရောက်မလာခဲ့ဘူး။

ချစ်စကားပြောဖို့ ဝေးစွ။ ကျွန်မကို နှုတ်ဆက်ဖော်တောင် မရဘူး။ မထုံတက်တေးနဲ့။ ဒီလိုနဲ့ တစ်ပတ်၊ နှစ်ပတ်။

ရွှေယင်းမာဦးတောင် မျက်စိလည်သွားတယ်။

'သံစဉ်... ကိုမိုးသည်းတစ်ယောက် နင့်ဆီကို မလွဲမသွေ ရောက်လာပြီး ချစ်မေတ္တာတောင်းခံလိမ့်မယ်လို့ထင်တာ၊ အခုတော့ ငါထင်တာနဲ့ တလွဲစီဖြစ်နေပါလား'

'နေပါစေဟာ... သူနေတတ်သလို နေပါစေ'

ကျောင်းဆင်းလို့ ဘတ်(စ်)ကားဂိတ်ကိုရောက်တော့ ဒေဝဥယျာဉ်မှာ တစ်ခုစားဖို့ လျှောက်လာခဲ့တယ်။ ဒေဝဥယျာဉ်ထဲက ထိုင်ခုံတစ်ခုမှာ ကိုမိုးသည်း ထိုင်နေတာတွေ့တယ်။

'ဟယ်... ဟိုမှာ ကိုမိုးသည်း'

ရွှေယင်းမာဦးက ကျွန်မကို လှမ်းပြောလိုက်တယ်။ ကျွန်မကိုတောင် နှုတ်မဆက်ဘဲ အဝေးကိုရှောင်နေတဲ့ လူတစ်ယောက်ရှိတဲ့အရပ်ကို ကျွန်မက သွားရမှာလား။



www.burmeseclassic.com

www.burmeseclassic.com



'သူရှိရင် အဲဒီကို ငါမသွားတော့ဘူး။ တခြားနေရာမှာပဲ သွားစားတော့မယ်'

အဲဒီလို ပြောပြီး ခြေလှမ်းပြန်ကွေ့လိုက်မိတယ်။

'နင်ကလည်းဟယ်'

ရွှေယင်းမာဦးက ဒီလိုပြောပြီး ကျွန်မနောက်က အပြေးလိုက်လာခဲ့တယ်။

'သမီး ငါတို့ဆောက်တာကို [illegible]

အခု သူ ငါတို့ကိုကြည့်နေတယ်၊ သိလား'

'ဒါဆို နင်ပဲသွားတွေ့လိုက်'

'ခုက္ကာပါပဲ'

'ဘာခုက္ကာလဲ၊ ငါတို့ကို မခေါ်ချင်လို့ သူ့ဘာသာသူ စားနေတဲ့ဟာကို ငါတို့က သူ့ဆီကို သွားရမှာလား'

'မဟုတ်ပါဘူး၊ ခုက္ကာလို့ပြောတာက ငါက ခေါင်ဥယျာဉ်က အသုပ်စုံကို မစားရလို့ ပြောတာပါ'

ဘာကြောင့်မှန်းမသိ ကျွန်မ စိတ်တိုနေတယ်။ ဦးခေါင်းတစ်ခုလုံးလည်း နောက်ကျိနေတယ်။ ဘာကိုမှ အကောင်းမမြင်တော့ပါ။ အိမ်ပြန်ရောက်တော့ အိပ်ခန်းထဲမှာ တံခါးပိတ်ပြီး





တစ်ယောက်တည်း အိပ်ရာထဲမှာ လှဲနေမိတယ်။

ကျွန်မရဲ့ အတွေးပုံရိပ်ထဲကို ကိုမိုးသည်းတစ်ယောက် ဝင်လာခဲ့တယ်။ သူ့ရဲ့ ညို့မှိုင်းတဲ့ အကြည့်တွေနဲ့ ခပ်ဝေးဝေးက လှမ်းကြည့်နေမှန်း ကျွန်မ သိခဲ့ရတယ်။ သူနဲ့ ကျွန်မဟာ အတန်းဖော်မိတ်ဆွေတွေပဲ။ မေးထူးခေါ် ပြောဖို့အခွင့်မှာ ရှိပါလျက် အာကာမိုးထက်နဲ့ ပြဿနာဖြစ်ပြီး နောက်ပိုင်းမှာ ခပ်ရှောင်ရှောင် ဖြစ်နေခဲ့တယ်။

အာကာဆိုတဲ့ လှိုင်းပုတ်သံကြောင့် ဖျိုင်းလန့်ပျံခဲ့ပြီလား ကိုမိုးသည်းရယ်။

နံနက်ရောက်လာပြန်ပြီ။ နေ့စဉ်တက်နေကျ ကာလပ်(စ်)ကို မှန်မှန်အောင်တက်ခဲ့တယ်။ မုန်းစရာကောင်းတဲ့ သဗ္ဗာဝါတွေ။ သူတို့နှစ်ယောက်စလုံးကို ကျွန်မကလည်း ခပ်ရှောင်ရှောင်နေလိုက်တယ်။

အာကာကလည်း 'ကျွန်မ မခေါ်ချင်မှန်းသိလို့ အဝေးကနေပဲ ကြည့်နေတယ်။ ကိုမိုးသည်းတစ်ယောက်ကိုတော့ ခေါင်ဥယျာဉ်မှာ ထိုင်ထိုင်နေတာ တွေ့ရတယ်။ ဒါကြောင့် ခေါင်ဥယျာဉ်ရဲ့ ဝေးတဲ့အရပ်မှာပဲ နေလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးသည်းကို ကျွန်မ နားမလည်ဘူး။

တကယ်ဆိုရင် သူနဲ့ ကျွန်မနဲ့က အတော်နေဖော်မိတ်ဆွေ တွေပဲ။

သူ ရှောင်ပုန်းပြီး ဝေးဝေးကကြည့်နေဖို့ မလိုဘူး။

သူနဲ့ ကျွန်မနဲ့ ဘာမှမဖြစ်တာ။

ယောကျ်ားတစ်ယောက်ရဲ့ အတွင်းစိတ်ကို ကျွန်မ ဘယ်လိုနားလည်ရမလဲ။

ဒီလိုနဲ့ တစ်လလောက်ကြာသွားတယ်။

ဒီနေ့ ကျောင်းအဆင်းမှာ ခေါင်ညယျာဉ်ဘက်ကို မသိမသာ လှမ်းကြည့်မိတယ်။ ထူးခြားတာက ကိုမိုးသည်းကို အဲဒီဆိုင်မှာ မတွေ့ရဘူး။

စိတ်ချမ်းသာတယ်လို့ ပြောရမလား မသိဘူး။ တိုက်တိုက်ဆိုင်ဆိုင် ရွှေယင်းမာဦးကလည်း ဆိုင်အတွင်းကို လှမ်းကြည့်ပြီး…

"ဆိုင်ထဲမှာ ကိုမိုးသည်း မရှိဘူး"

"သူမရှိတာနဲ့ ငါတို့နဲ့ ဘာဆိုင်လို့လဲ"

"မဟုတ်ပါဘူး။ ငါက အဲဒီဆိုင်က အသုပ်စုံကို သိပ်





ကြိုက်တာ။ ကိုမိုးသည်းရှိတော့ စားရဘူးလေ၊ အခု သူမရှိတာ၊ တို့ အသုပ်စုံဝင်စားရအောင်နော်"

ရွှေယင်းမာဦးရဲ့ မျက်နှာလေးကြည့်ပြီးတော့ ကျွန်မ သနားသွားတယ်။ သူသိပ်ကြိုက်တဲ့ အသုပ်စုံကို စားချင်လို့ ပြောတဲ့အသံက တောင်းပန်တိုးသံကလေး။

"အေးပါ သူငယ်ချင်းရယ်၊ နင်စားချင်တာ ငါသိပါတယ်၊ တို့ သွားစားကြတာပေါ့"

ကျွန်မတို့နှစ်ဦး ခေါင်ညယျာဉ်ထဲ ဝင်လာခဲ့တယ်။

ဆိုင်ရှင်ဦးလေးက အတော်ကြာအောင် ပျောက်နေတဲ့ ကျွန်မတို့ကို နှုတ်ဆက်လိုက်ပါတယ်။

"သမီးတို့လေးတွေ တော်တော်ကြာပြီနော်"

"ဟုတ်တယ် ဦးလေး"

"ဦးလေး ချဉ်ငံစပ် အစုံသုပ်နှစ်ပွဲပေးပါ"

ခေါင်ညယျာဉ်ဆိုင်ကလေးအတွင်းမှာ ဂီတသံများ ဖွင့်လွှင့်ထားနေတယ်။ ဂီတသံစဉ်မှာ နစ်မြောရင်း ဆိုင်ထဲက ရှုတ်နေတဲ့ စားပွဲမှာ ဝင်ထိုင်လိုက်တယ်။

အသုပ်စုံမှာပြီး ကျွန်မနဲ့ ရွှေယင်းမာဦးတို့ နှစ်ဦးသား



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေတုန်း ဆိုင်ထဲကို တစ်စုံတစ်ယောက် ဝင်လာခဲ့တယ်။

သူ…

သူဟာ ကိုမိုးသည်းပေါ့။

မျှော်လင့်ပေမယ့် ကျွန်မရဲ့မိတ်ဟာ ကြည်လင်သွားသလို ခံစားလိုက်ရတယ်။

သူဟာ ကျွန်မတို့ကို မမြင်သလိုနဲ့၊ ဆိုင်ရှင်ဦးလေးကြီးဆီ တန်းသွားတယ်။ နောက် သူ့အိတ်ထဲက VCD ခွေပြားလေး လှမ်းပေးလိုက်တာ တွေ့ရတယ်။

ဆိုင်ရှင်ဦးလေးကြီးက သူ့ရဲ့ VCD ခွေကို ဖွင့်လိုက်တယ်။ ခုနက လွှင့်ပြနေတဲ့ ဂီတသံစဉ်များ ရပ်သွားတယ်။ နားထောင်လို့ကောင်းတုန်း ဘာကြောင့် ဂီတသံရပ်သွားပါလိမ့်။

ဒီလို စဉ်းစားနေတုန်းမှာ ဂီတသံစဉ်တစ်ခု ထွက်ပေါ်လာတယ်။ နောက်တော့ ချေငြိမ့်တဲ့ သီချင်းသံလေး ပေါ်ထွက်လာတယ်။

"နားမည်ဆန်းတဲ့ လက်ဖက်ရည်ဆိုင် "အလွမ်းကဗီး" လို့ ပေးထားတယ်၊ အချစ်ဆုံး မင်းနဲ့အတူ အမြဲသောက်ခဲ့





ဒီဆိုင်လေး ××× ဆိုင်ရှင်ဦးနဲ့ရင်းနှီးတာ ကိုယ်တို့ အတွဲ လေးရောက်လာရင် ××× တိုက်ကြိုက်တဲ့သီချင်းတွေ ××× အလိုက်တသိနဲ့ ××× ဖွင့်ပေးတယ်"

ဪ… ရှေညီညီဆိုထားတဲ့ "အလွမ်းကဗီး" သီချင်းပါလား။

အမှတ်တမဲ့ သူ့ကို လှမ်းကြည့်မိတယ်။

ဘုရား… ဘုရား… သူက ကျွန်မကို စိုက်ကြည့်နေတယ်။

သူ့ရဲ့ ရှိတဲ့အကြည့်တွေကို ကျွန်မ ရင်မဆိုင်ရဲလို့ ချက်ချင်း မျက်နှာလွှဲပစ်လိုက်တယ်။

သီချင်းစာသားကလေးကို ကျွန်မ နားလည်ခံစားမှုမှာ တွေး၊ ခေါင်းမာဉ်ဟာ ကိုမိုးသည်းရဲ့ အလွမ်းကဗီးကလေး ဖြစ်သွားပြီလား။ တကယ်ပဲ ရှင်ဟာ ကျွန်မကို လွမ်းဆွတ်တာလား။ ဒါပေမဲ့ နွတ်ဆိတ်နေတဲ့ ရှင့်ကို ကျွန်မ ဘယ်လို နားလည်ရမလဲ။

ဒါပေမဲ့ ကျွန်မ နားလည်တာတစ်ခုက ဒီသီချင်းပါတဲ့ VCD ခွေကို ဆိုင်ရှင်ဦးလေးကြီးကိုပေးပြီး တမင်ဖွင့်ခိုင်းတာ



www.burmeseclassic.com

www.burmeseclassic.com



သိလိုက်တယ်။ ဒီသီချင်းလေးဟာ ကျွန်မသိပ်ကြိုက်တဲ့ သီချင်း
လေးပဲ။ ဘာဖြစ်လို့ ရှင့်ရဲ့ခံစားချက်ကို ဒီသီချင်းလေးနဲ့ သက်သေ
ပြရတာလဲ။

ငိုကြွေးမြည်တမ်းနေတဲ့ ရှင့်အကြည့်တွေထဲက ကျွန်မ ထွက်ပြေး
ခဲ့တယ်။

နှုတ်မဆက်ပေမယ့် ကျွန်မတို့ရဲ့ အပြန်ခရီးကို လှမ်း
ကြည့်နေမှန်း ဘတ်(စ်)ကားပေါ်က လှမ်းတွေ့လိုက်တယ်။

တည်ငြိမ်နေတဲ့ ကျွန်မရဲ့ နှလုံးသားကန်ရေပြင်မှာ
အလွမ်းကဗျာသီချင်းလေးဟာ ပွိုင့်ထားစေတဲ့ ခဲလုံးလေးတစ်လုံး
ပေါ့။ တကယ်ပဲ ရင်မှာ လှိုင်းထသွားခဲ့တယ်။

ဒီလိုနဲ့ အချိန်တွေ ကုန်ဆုံးသွားတယ်။

ပထမနှစ်ဝက်အတွက် စာမေးပွဲဖြေပြီးသွားပြီ။

ကျောင်း (၁၅)ရက်ပိတ်မယ်တဲ့။

ကျောင်းမပိတ်ခင်မှာ ဒီသင်တန်းက သင်တန်းသူ
သင်တန်းသားတွေကို အပန်းဖြေလေ့လာရေးခရီးထွက်ဖို့ စီစဉ်
ထားတယ်။

"ဆရာမတို့ သင်တန်းက စာမေးပွဲဖြေပြီး ပေးပန်းသွား





တဲ့ သားတို့ သမီးတို့ကို အပန်းဖြေရင်း ဗဟုသုတရအောင်
သုတ လေ့လာနိုင်ဖို့ ခရီးတစ်ခု စီစဉ်ထားတယ်၊ အဲဒါ
ကတော့ 'ပုဂံ-ပုပ္ပါး' ခရီးစဉ်ပဲ"

"ဟေး..."

ကောင်လေးတွေက ဝမ်းသာအားရ အော်လိုက်တယ်။

"လေ့လာရေးခရီးက ဆယ်ရက်လောက်ကြာမယ်၊ ခရီး
စဉ်အတွက် ကုန်ကျစရိတ်ကို ဆရာတို့ သင်တန်းမှူး
ဆရာက ကျခံမှာဖြစ်တယ်၊ သားတို့ သမီးတို့က လိုက်
နိုင်ဖို့ ကြိုးစားပေါ့"

"ဆရာမ ဘယ်နေ့ ခရီးထွက်ရမှာလဲ"

"(၁၅)ရက်နေ့ ညနေ နှစ်နာရီမှာ ဒီသင်တန်းက စုရပ်
အဖြစ် စတင်ထွက်မယ်၊ ခါကြောင့် အချိန်က သုံးရက်ပဲ
ကျန်တယ်၊ ဒီသုံးရက်အတွင်း လိုက်မယ့်သူတွေ စာရင်း
လာပေးပါ"

"ဟုတ်ကဲ့ ဆရာမ"

လေ့လာရေးခရီး ထွက်ရမယ်ဆိုတော့ သင်တန်းသူ
သင်တန်းသားအားလုံး ပျော်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသင်းမောင်ဦးက ကျွန်မကို တအံ့တသြလှမ်းကြည့်ရင်း…

"သံစဉ်… နင်လိုက်မှာလား"

"ငါ တစ်ခါမှ မရောက်ဖူးတော့ လိုက်ချင်တာပေါ့၊ နင်ရော"

"ငါလည်း တအားလိုက်ချင်တာပဲ၊ ဒါပေမဲ့ ငါ့အိမ်က လွှတ်ပါ့မလား မသိဘူး"

"ငါလည်း အဲဒါပဲ စိုးရိမ်နေတာ၊ ခုချိန်ထိ ညအိပ်ညနေ ဆိုလို့ ဘယ်မှမလွှတ်ဖူးဘူး"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ငါတို့ဟာ အသက်လည်း နှစ်ဆယ်ကျော်ပြီ၊ ဘွဲ့လည်းရပြီးပြီ၊ အခု ဘွဲ့လွန် ကွန်ပျူတာသင်တန်းကို တက်နေတဲ့သူတွေဆိုတော့ နင့် မိဘတွေကို နားလည်အောင်ပြော၊ ငါလည်း ငါ့မိဘ တွေကို နားလည်အောင်ပြောမယ်"

"အေး… အေး…"

ကျွန်မတို့နှစ်ဦး ဤသို့သဘောထားကို တိုင်ပင်ဆွေးနွေး နေစဉ်မှာပဲ ကလပ်(စ်) ပြီးဆုံးသွားခဲ့တယ်။

ကျောင်းသူ၊ ကျောင်းသားတွေ အလျှိုလျှို ပြန်သွားကြ





တယ်။ ကျွန်မလည်း ပြန်မယ်အလုပ်မှာ ကျွန်မတို့ရှေ့ကို အောင်ဘ ရောက်လာခဲ့တယ်။

"သံစဉ်"

"ဘာလဲ"

"လေ့လာရေးခရီးကို နင်လိုက်မှာလား"

"နင်ရော လိုက်မှာလား"

"ငါလိုက်မှာပေါ့ဟာ၊ ငါက ဒီအစွန့်အစားကို စောင့်နေ တာ"

"နင်လိုက်မယ်ဆိုရင် ငါမလိုက်တော့ဘူး"

"မလုပ်ပါနဲ့ လိုက်ပါဟာ"

"ငါလိုက်ရင် နင်က ငါ့ကို တစ်လမ်းလုံး ဒုက္ခပေးမှာ ငါသိတယ်"

"ဒုက္ခမပေးပါဘူးဟာ"

"ဒါဆိုရင် နင် ကတိတစ်ခုပေး"

"ဘာပေးရမလဲ ပြော"

"တကယ်လို့ လေ့လာရေးခရီးကို ငါလိုက်ဖြစ်ရင် နင် ငါ့ကို ဘာမှဒုက္ခမပေးရဘူး"



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ... နှင်းသာလိုက်နဲ့ပါ၊ ငါ နှင့်ကို ဘာမှ ရှာမှ မပေးဘူး'

'နှင်းသာ ပြောရတာ၊ ငါ့အိမ်က ဘာပြောဦးမလဲ မသိဘူး'

'ငါလည်း လာပြောပါဦးမယ်'

ကျွန်မတို့နှစ်ယောက် စကားပြောနေတာကို ကိုစိုးသည်းက လှမ်းကြည့်နေတယ်။ ကျွန်မလည်း လေ့လာရေးခရီးကိစ္စပြောဖို့ အိမ်ကို အမြန်ဆုံးပြန်လာခဲ့တယ်။ ကျွန်မတို့အိမ်မှာ အကြောက်ရဆုံးက မေမေ။

ပြဿနာရှိဆုံးကတော့ မေမေ့ရဲ့အမေ ဘွားဘွားကြီး။ အားလုံးနဲ့ လိုက်လိုက်လျောလျော ပြောနေတာက မေမေ။ ဒီကိစ္စကို ဘယ်သူ့ကို အရင်ပြောရပါ့။

မေမေ့ကိုပဲ အရင်ပြောလိုက်တော့မယ်လို့ စိတ်ကူးပြီး...

'မေမေ သမီးတို့ကျောင်းက လေ့လာရေးခရီးအဖြစ် ပုဂံ နဲ့ မုံရွာကို သွားရမယ်'

'ပုဂံ-မုံရွာဆို အဝေးကြီးပဲ၊ ဘယ်နှစ်ရက်ကြာမှာလဲ'

'ဆယ်ရက်လောက်ကြာမယ်လို့ ပြောတယ်၊ အဲဒါ





မေမေ့ကို ပြောပေးပါ'

'ဟင်း...'

မေမေကလည်း ဒေါသကြီးတဲ့ မေမေ့ကို ကြောက်ရတော့ သက်ပြင်းချလိုက်တယ်။

'သမီးမေမေက ညအိပ်ညနေခရီးကို ထည့်မှာမလား မသိဘူး'

'ထည့်ပါလိမ့်မယ် အားကြီး'

ကျွန်မနဲ့ အမေ စကားပြောနေစဉ် ဘွားဘွားကြီးက ဝင်ပြောလိုက်ပါသည်။

'ဘွားဘွားကြီးကပါ မေမေ့ကို ပြောပေးရမယ်နော်'

'အောင်မယ်လေး... ညည်းအမေ ဒေါသအိုကြီးကို မပြောချင်ပေါင်'

'မလုပ်ပါနဲ့ ဘွားဘွားရယ်၊ သမီးက ဘယ်ခရီးမှ ထွက်ရတာလည်း မရှိဘူး၊ မေမေတို့ မေမေတို့တလည်း ကိုယ့်သမီးလေး ဘွဲ့တောင်ရပြီးပြီ၊ ဘယ်မှလိုက်မပို့ဘူး'

'အေးဗျာ... သမီးကို တစ်ခုခုဖြစ်မှာ စိုးရိမ်လို့ပါ သမီးရယ်'



www.burmeseclassic.com

www.burmeseclassic.com



"သင်တန်းသားအားလုံး ပါတာပဲ၊ ယင်းမာလည်း ပါတယ်၊ အာလှာလည်း ပါတယ်"

ဒီလို ပြောနေစဉ်မှာ ရွှေယင်းမာဦးရော၊ အာကာပါ ရောက်လာကြတယ်။

"အာကာပါလား၊ ဘယ်ကလှည့်လာလဲ"

"ဒီကို သက်သက်လာခဲ့တာ"

"ဪ... အေး... အေး..."

"ဘွားဘွားမြေး သိစဉ်ကလေ ဝါ လှေလှောရေးခင်းကို လိုက်ချင်လို့ ဘွားဘွားကြီး လာပြောပေးလို့ ငိုယိုပြီး တောင်းပန်လို့ လာပြောပေးတာ ဘွားဘွားရဲ့"

"အာကာ နင်နော်၊ မဟုတ်တာတွေ လာမပြောနဲ့"

"နင် လှေလှောရေးခင်းကို လိုက်ချင်တယ် မဟုတ်လား။ ဘွားဘွားကြီးရယ် ကြည့်လိုက်ပါ၊ ကျွန်တော် သူ့ကို ကြည့်ထိန်းပေးပါ့မယ်"

"အာကာနော်... နင်ထိန်းပေးရအောင် ငါက ကလေးမှ မဟုတ်တဲ့"

"ကဲပါ... တော်ကြပါတော့"





အခြေအနေကို ဘွားဘွားကြီးက ထိန်းပေးလိုက်တယ်။

"ဪ... ဒီအရွယ်ဟာ အပျိုသင်စ ငှက်ကလေးတွေလိုပဲ ကောင်းကင်အနှံ့ ခြေဆန့်ပြန့်ချင်ကြတာ မဟုတ်လား။ ယင်းမာရောပါ လိုက်မယ်ဆိုတော့ ဘွားဘွားကြီး ကိုယ်တိုင် ပြောပေးမယ်၊ ကဲ... စိတ်ချမ်းသာပြီလား"

"ပေါ့... ဒါမှ တို့ဘွားဘွားကြီး"

ကျွန်မတို့အားလုံး ပျော်ရွှင်စွာ ဝိုင်းအော်လိုက်ကြတယ်။ အားလုံးရဲ့မျက်နှာမှာ အပြုံးပန်းတွေ ဝေနေလေရဲ့။

"ကဲ... အာကာကလည်း ယင်းမာရော သိစဉ်ကိုပါ စောင့်ရှောက်ပါ"

"ဟုတ်ကဲ့ ဘွားဘွားကြီး၊ အမြင်မတော်ရင် ဆုံးမရအောင် အိမ်ကနေပြီး ကြောင်ရိုက်တဲ့ကြိမ်လုံး တောင်းယူသွားရမယ်"

"အာကာ အကောင်စုတ်"

ကျွန်မရဲ့ မေမေက သူတို့ကို လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းကိုကျွေးပြီး ဧည့်ခံခဲ့တယ်။ အိမ်မှာ မေမေ့ကို အသေအားနဲ့ပဲ။ မေ့ရှေ့ရေသွားရာလမ်းကို အမြဲဆုံးနဲ့ ပြည့်စုံအောင်လုပ်ပေးရသလို



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမဖြစ်တဲ့ ဘွားဘွားကြီးကိစ္စတွေကိုလည်း [illegible] ဆောင် လုပ်ပေးရတယ်။ ကျွန်မကိုလည်း အဆင်သင့် ပညာသွား ယူနိုင်အောင် ထမင်းဘူးကို အသင့်လုပ်ပေးတယ်။ မေမေတက် တဲ့ ဘီအီးဒီဘွဲ့ကို ဘေးဖယ်ပြီး ဆရာမဘဝက အနားယူကာ အိမ်ရှင်မကောင်းတစ်ယောက်အဖြစ် ရပ်တည်နေခဲ့တယ်။

မေမေ့ကိုလည်း ကိုယ့်ခင်ပွန်းသည်ကို လေးစားရ။
ယောက္ခမကိုလည်း ချစ်ကြောက်ရိုသေရ။
သမီးဖြစ်သူ ကျွန်မရဲ့ အဆိုးအနွဲ့တွေကိုလည်း သည်းခံ ရရဲ့။

မေမေဟာ သူ့ရဲ့ဆန္ဒကို ဘေးဖယ်ပြီး အားလုံးရဲ့ဆန္ဒနဲ့ ကိုက်ညီအောင် အလျှော့ပေးပြီး တစ်နေကုန် အိမ်အလုပ်တွေနဲ့ မအားအောင် လုပ်ဆောင်နေရတဲ့ မေမေ့ကို သနားတယ်။

ကျွန်မက မေမေ့ကို တစ်ခါက မေးခဲ့ဖူးတယ်။

“မေမေ သမီး အိမ်ထောင်ပြုရင်တော့ တတ်ထားတဲ့ ပညာတွေကို ဘေးဖယ်ပြီး အားလုံးရဲ့အလိုကျ အိမ်ရှင်မဘဝနဲ့ နိဂုံးချုပ်ရမှာလား”

“အိုး… သမီးလေးရယ်၊ လောကရဲ့ ကျင့်ဝတ်တွေကို





သမီးနားလည်ဖို့ ခက်သေးတယ်၊ လူဆိုတာ လောကရဲ့ ကျင့်ဝတ်တွေနဲ့ လိုက်လျောညီထွေ နေနိုင်ရမယ်၊ သမီး ရဲ့အလှည့်မှာ ဘယ်လိုကံကြမ္မာမျိုးနဲ့ တွေ့မယ်လို့ မေမေ မှ မသိတာ”

ကျွန်မ တောင်တွေးမြောက်တွေး တွေးနေစဉ် မေမေ ဈေးကပြန်ရောက်လာခဲ့တယ်။ အဝတ်အစားလဲပြီး မေမေ ဧည့်ခန်း ဝင်ထိုင်စဉ်မှာပဲ ဘွားဘွားကြီးက လေ့လာရေးခရီး ထွက်မယ့် ကိစ္စကို ပြောပြလိုက်တယ်။

“မောင်မြတ်သူ မင်းသမီးရဲ့ သင်တန်းက ပုဂံ-ပုပ္ပား လေ့လာရေးခရီးကို လိုက်ရမယ်တဲ့”

“ပုဂံ-ပုပ္ပားဆိုတော့ ဘယ်နှရက်ကြာမှာလဲ”

“ဆယ်ရက်ခရီးတဲ့”

“အမေ့မြေးက ဘယ်ခရီးမှ သွားဖူးတာ မဟုတ်ဘူး၊ ဖြစ်ပါ့မလား”

“ဖြစ်ပါတယ် မေမေ၊ သမီးတို့ သင်တန်းသားတွေ အကုန်သွားကြမှာ၊ သမီး လိုက်သွားချင်လို့ ခွင့်ပြုပါနော်”

ဘွားဘွားကြီးနဲ့ မေမေ စကားပြောနေစဉ် ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ကြားဖြတ်ဝင်ပြောလိုက်ပါတယ်။ မေမေက အာကာနဲ့ ရွှေသင်းမာဦးကို မြင်လိုက်တော့...

"အာကာရော" ယင်းမပေါ် ဒီခရီးကို လိုက်သွားကြမှာလား"

"ဟုတ်ပါတယ် ဦး"

"ဒါဆိုလည်း သမီး လိုက်ချင် လိုက်သွားပေါ့"

"ဒါမှ တို့မေမေကြီး"

ကျွန်မက အဲဒီလိုပြောလိုက်တော့ ဘွားဘွားကြီးရော မေမေပါ ပြုံးပျော်သွားနဲ့တယ်။

"အေး... သွားတာတော့ သွားတာပေါ့၊ ဘာမှမဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းစောင့်ရှောက်ပါ"

"ဟုတ်ကဲ့ပါ မေမေ"

မေမေ့ထံမှ ခွင့်ပြုချက်ရပြီးဖြစ်လို့ ကျွန်မတို့အုပ်စုအားလုံး ပျော်သွားကြတယ်။

"ကဲ... ဒါဆို တို့ပြန်မယ်"

-သူတို့နှစ်ယောက်လုံး နှုတ်ဆက်ပြီး ပြန်သွားကြတယ်။

ပုပ္ပား-ပုဂံခရီးကို လိုက်ခွင့်ရတော့ ကျွန်မ တော်တော်





ပျော်သွားတယ်။ ဒီအပျော်တလေလေနဲ့အတူ ကိုမိုးညသည်းကိုလည်း သတိရလိုက်တယ်။

ကိုမိုးသည်းတစ်ယောက်လည်း ဒီခရီးလမ်းကို လိုက်မှာလား မသိဘူး။

အေးလေ... သူ့ဘာသာသူ လိုက်ချင်လိုက် မလိုက်ချင်နေ ငါနဲ့ ဘာဆိုင်တာမှတ်လို့လဲ။

စိုစိစိနဲ့ မုန်းစရာကောင်းတဲ့လူကြီး။ ဟင်း...

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

နေခင်း တစ်ချက်တီးကတည်းက သင်တန်းသူ သင်တန်း
သားတွေ တချို့နဲ့ ရောက်ရှိလာတယ်။

အိမ်က ပေးတော့ စားစရာမုန့်တွေရော ငါးပိကြော်
လက်ဖက် အားလုံးစုံနေအောင် ထည့်ပေးလိုက်တယ်။ နောက်ပြီး
ပါရာစီတမော၊ ဘာဇီကွန်၊ ပုရုတ်ဆီ စတဲ့ အိမ်သုံးဆေးဝါးတွေ
လည်း ထည့်ပေးလိုက်တယ်။

ကျွန်မရဲ့ လက်ဆွဲအိတ်ထဲမှာ အဝတ်တွေရော၊ အနေ
ထည့်ထွေပါ ထည့်ပေးလိုက်တဲ့အတွက် အိတ်ကြီးက ဖောင်းအောင်
နေတော့ရဲ့။





ကျွန်မလည်း ကားပေါ်ကို လက်ဆွဲအိတ်ကြီးနဲ့ မနိုင်မနင်း
တက်မယ်လုပ်နေတုန်း . . .

"သမီး ဒီအိတ်ကို ကျွန်တော် တင်ပေးပါ့မယ်"

နောက်ကပြောလိုက်တဲ့ အသံတစ်သံကို ကြားလိုက်ရ
တယ်။

လှည့်မကြည့်ပေမယ့် ကိုမိုးသည်းရဲ့ အသံမှန်း သိလိုက်
ရတယ်။ ကျွန်မ ဘာမှပြန်မပြောဖြစ်ခင် ကျွန်မရဲ့ လက်ဆွဲအိတ်
ကို သူဆွဲယူလိုက်တယ်။ ပြီးတော့ ကားပေါ်တက်ပြီး နံပါတ်
(သုံး)ခုံရဲ့အပေါ်က ပစ္စည်းတင်တဲ့ တန်းပေါ်ကို တင်ပေးလိုက်
တယ်။

မကောင်းတတ်လို့။

"ကျေးဇူးပဲ" လို့ ကျွန်မက ပြောလိုက်တယ်။

"ရပါတယ် သမီး၊ ကျွန်တော်က သမီးမှ လိုက်ဖြစ်ပါ့
မလားလို့ စိုးရိမ်နေတာ"

"လေ့လာရေးခရီးပဲရှင်၊ လိုက်ရမှာပေါ့"

"ကျွန်တော်တော့ သမီးပါလို့ အရမ်းဝမ်းသာတာပဲ"

နုတ်မဆက်ခဲ့သော ကိုမိုးသည်း။ ဘာဖြစ်လို့များ ဒီလိုမှ



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ဖောင်ဖွဲ့နေအောင် လာပြောပါလိမ့်။ သူ့မျက်နှာမှာလည်း အပြုံးတွေ ဝေနေတယ်။ ကျွန်မ မေးလိုက်ချင်တာ။

"ဟိုနေ့တွေက ဘာစကားမှမပြောဘဲ အခုမှ စကားတွေ ဖောင်ဖွဲ့ပြီး လာပြောတာ ဘာကြောင့်လဲ" လို့။

ဒီလို အတွေးရောက်ရှိနေစဉ်မှာ အစားအသောက်၊ ရွှေယမင်း ဦးပါ ရောက်ရှိလာတယ်။

"နင်က ဘာလို့ တစ်ယောက်တည်းသွားရတာလဲ"

ယမင်းက ပြစ်တင်သံနဲ့ ပြောလိုက်တယ်။

"မေမေကိုယ်တိုင် ရုံးကားနဲ့ လိုက်ပို့ပါတို့ မင်းကို မစောင့် ဖြစ်တာ တောင်းပန်ပါတယ်"

"ဒီလိုပြောရုံနဲ့ ရမလား"

ကျွန်မက ယမင်းကို ပြုံးစိစိတောင်းပန်ရင်း...

"ဒါဆို အချိန်ရှိသေးတယ်၊ ဆောင်ဥယျာဉ်မှာ တစ်ခုခု သောက်မလား"

"အိုကေ..."

ကျွန်မတို့နှစ်ယောက် ဆောင်ဥယျာဉ်ဆီသို့ အပြေးလာခဲ့တယ်။





"ဦးလေးကြီး လက်ဖက်ရည်နှစ်ခွက် ပေးပါဦး"

"ဟေး... ဟေး..."

ကျွန်မတို့နှစ်ယောက် လက်ဖက်ရည်သောက်နေစဉ်...

"သီစဉ်ကို လမ်းမှာစားဖို့ မုန့်ပါ"

ပြောပြောဆိုဆို အထုပ်ကြီးတစ်ထုပ်ကို စားပွဲပေါ်သို့ ချပေးပြီး လှစ်ခနဲ ပြန်သွားတဲ့ ကိုမိုးသည်းကို တွေ့လိုက်ရတယ်။

ဒီမှာတင် ရွှေယမင်းမာဦးက ပြုံးတုံ့တုံ့နဲ့...

"ဦးလေးကြီး အကွမ်းကသီး မရှိတော့ဘူးလား လုပ်ပါဦး"

"အကွမ်းကသီး မရှိတော့ဘူး၊ ပြောလည်တစ်ဖြစ်သွားပြီ"

ဆိုင်ရှင်ဦးလေးကြီးကလည်း မျက်မျက်ရွှင်ရွှင်နေတတ်သူမို့ လက်မလေးတစ်ချောင်းကို ထောင်ပြပြီး ပြောလိုက်တယ်။

ဆိုင်ပေါက်ဝကို ရောက်နေပြီဖြစ်တဲ့ ကိုမိုးသည်းကလည်း လှည့်ပြီး ပြုံးပြလိုက်တယ်။

သူပြန်သွားမှ အထုပ်ကြီးထဲ ဖွင့်ကြည့်လိုက်တော့ မုန့်ကြာ နေထုပ်တွေ၊ သကြားလုံးရောင်စုံတွေ၊ ဆီးထုပ်တွေနဲ့ တစ်သျှူး အိတ်တွေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်… အလိုက်သိလိုက်တာ"

ရွှေယင်းမာဦးက ဆိုက်တင်နှင့် ဒီလို ပြောလိုက်သယ်။

"အငတ်မ… နင် ဗိုက်ငတ်တယ်"

"ဘာပြောပြော စားရရင် ပြီးတာပဲ"

"ကဲ… ကဲ… သွားရအောင်"

ခင်ဥယျာဉ်ထဲက ပြန်ထွက်ခဲ့တယ်။

ကားနားအရောက်မှာ တစ္ဆေတစ်စီး ဆိုက်လာတယ်။

ကားပေါ်က ဆင်းလာသူကတော့ အာကာ။

အထုပ်အပိုးတွေအပြင် ဂစ်တာတစ်လက်လည်း ပါသေး

တယ်။

"သိစဉ် နင့်ကို ငါလာခေါ်မလို့ ဖုန်းဆက်လိုက်တော့

နင်သွားပြီဆိုတာနဲ့ ဒီကိုလာခဲ့တာ"

"ငါရောက်တာဖြင့် ကြာပြီ၊ နင့်ကိုစောင့်နေရင် ငါ

နောက်ကျမှာစိုးလို့"

ပန္နည်းထုပ်တွေနဲ့ ဂစ်တာရယ် မနိုင်မနင်း။

အမြဲတမ်းလိုလို နောက်ကျတတ်လို့ သူလည်း ဖော်ထိ

ခိုက်မိနေပါပဲ။ သူ့အထုပ်အပိုးတွေရယ်၊ ဂစ်တာရယ် တင်ပြီးမှာ…





"မှတ်-မှတ်သွား လေ့လာရေးခရီးစဉ်ကားကြီး မကြာခင်

ထွက်ပါတော့မယ်၊ ကားပေါ်သို့ နေရာယူကြပါ"

ကျွန်မနဲ့ ရွှေယင်းမာဦးကတော့ ကိုမိုးသည်း ဦးဆောင်တဲ့

တတိယမြောက်ဂိုးမှာ နေရာယူလိုက်တယ်။

ကားဟာ ဆိုဖာထိုင်ခုံများ တပ်ဆင်ထားတဲ့ ဟိုးနီးကား

ကြီးဖြစ်ပြီး မိန်းကလေးက ဘယ်ဘက်အခြမ်း ယောကျ်ားလေးက

ညာဘက်အခြမ်းမှာ ထိုင်ရတယ်။

အာကာတို့အဖွဲ့ကတော့ ကားရဲ့ နောက်ဆုံးတန်းမှာထိုင်

ပြီး ဂစ်တာကိုယ်စီနဲ့ပေါ့။ ကိုမိုးသည်းကတော့ သူနဲ့ရွယ်တူ သူငယ်

ချင်းတစ်ယောက်နဲ့ ကျွန်မတို့ရဲ့ မားလွယ်ခုတ်နောက်တန်းမှာ ထိုင်

တယ်။

သူ့နေရာက လှမ်းကြည့်ရင် ကျွန်မကို အထင်းသားမြင်

နိုင်တဲ့နေရာပဲ သူ သေသေချာချာ ရွေးချယ်ထားတယ်ထင်ပါ့။

"လေ့လာရေးခရီးစဉ်ကားကြီး စတင်ထွက်ခွာပါပြီ"

စပယ်ယာကောင်လေးက လက်ကိုင်စပီကာနဲ့ ပြောလိုက်

တယ်။ လေ့လာရေးခရီး အစအဖြစ် ကားကြီးစတင်ထွက်ခွာခဲ့

ခဲ့တယ်။ ကားထွက်တယ်ဆိုရင်ပဲ…



www.burmeseclassic.com

www.burmeseclassic.com



'ဖြောင်း…'

'ဖြောင်း…'

'ဖြောင်း…'

'ဟေး…'

အကောင်တွေစုရဲ့ အသံတွေ ရှုညှိစွာ ပျံ့လွင့်သွားတယ်။ နောက်တော့ ဂစ်တာသံတွေ ပျံ့လွင့်လို့နေတယ်။

ကားအရှိန်ကြောင့် လေပြည်ကလေးတွေ တိုးဝင်တိုက် ခတ်လာတယ်။ ကျွန်မရဲ့ ဆံနွယ်ကလေးတွေ လေထဲမှာ ပျံဝဲနေ သလိုပဲ။

လေပြည်လေညင်းကလေးတွေ တိုက်ခတ်မှုကြောင့် ကျွန်မရဲ့ရင်မှာ အေးမြသွားသလို ချမ်းမြေ့တဲ့ အေးချမ်းမှုကို ရရှိလိုက်တယ်။

မြို့ပြမှာ မွန်းကျပ်နေတဲ့စိတ်တွေ တာတွေနဲ့ နယ်းလုံးရ တဲ့စိတ်တွေအားလုံး ကျွန်မရဲ့ခဲ့ပြီ။ ခရီးထွက်ခြင်းဆိုတဲ့ လွတ်လပ် မှုအရသာကို ကောင်းကောင်းကြီးခံစားမိတယ်။

'အို… တကယ်ပဲ စိတ်ရှောလှပါ အေးချမ်းလိုက်တာ'

'သဲစု မင်းပျော်နေလား'





မွေ့ယင်းမောဦးက တိုးတိုးလေး မေးလိုက်ပါတယ်။

'ဟုတ်တယ် သူငယ်ချင်း၊ ငါ သိပ်ပျော်တယ်'

ကျွန်မတို့ကားကြီးဟာ မော်လှသုံ့ကို ကျော်လွန်လာပါပြီ။ ဆောကိုဝ်တောင်စိုင်ကလေးရဲ့ အရှေ့အသင်ကို ရှည်ကိုခဲ့ပြီ။

နေဝင်ချိန်အစဦးမို့ နေကလည်း ညိုလာခဲ့ပြီ။

တိမ်ကလေးတွေလည်း နီတာချို၊ ပြာတာချို၊ ရောင်စုံ ဖြောင်းလဲလာခဲ့ပြီ။

ဆိပ်တန်းပြန်တဲ့ ငှက်ကလေးတွေရဲ့ တေးသီသံကလေး များကို ကြားခဲ့ရပြီ။ အားလုံးကို မြင်ကြည့်လိုက်တော့ သက်ဝင် ပန်းချီကားတစ်ချပ်လို သာယာလှပါတယ်။

'သဲစု နေကြာစေ့စားပါဦး'

'စားပါ'

မွေ့ယင်းမောဦးကတော့ တဖျောက်ဖျောက်နဲ့ နေကြာစေ့ကို ချိုးစားနေပါပြီ။

'စားလို့ကောင်းလိုက်တာ၊ ဒါနဲ့ပြုတဲ့ပုဂ္ဂိုလ် သူ့ချစ်တဲ့ ကောင်မလေးနဲ့ ညားပါစေ'

'ဟင်း… အောင်သွယ်ကလည်း တော်တော်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရေကြာရေရဲ့ သူငယ်ချင်းကို ဆောင်းသွယ်လှစ်တယ်လေ့'

'ဒါလေ့ … ဒါလေ့'

ရေကြာရေရှားရင်း ကျွန်မတို့ ရယ်မောခဲ့ကြတယ်။

အမျိုးစင်ဘဝ ဘာအနှောင်အဖွဲ့မှ မရှိ။

လွတ်လပ်ပျော်ရွှင်သော သည်ဘဝမျိုးမှာ ပျော်ရွှင်ဖွယ်အတိ။

မကြာမီ အမင်းတာကောက်ကို ရောက်ခဲ့ပြီ။

'ဒီမှာ ခဏနားမယ်'

စပယ်ယာကောင်လေးက အော်ပြောပြီး ကားရပ်လိုက်တယ်။

အဲဒီနားကဆိုင်မှာ ကျွန်မတို့ အအေးသောက်ကြတယ်။

အတာတာက အနားလာမယ်အလုပ်မှာ ကျွန်မက ဝင်ကမ်းပြလို့ သူ ရောက်ဆုတ်သွားတယ်။

ဒါပေမဲ့ မလှမ်းမကမ်းထောင့်မှာ ကိုမိုးသည်းကို လှမ်းတွေ့လိုက်တယ်။ ဒီတစ်ခါတော့ သူက အရင်ပြုံးပြလို့ ကျွန်မလည်း ပြန်ပြုံးပြခဲ့တယ်။





အအေးဆိုးရှင်းမယ်အလုပ်မှာ အလုပ်သမားလေးက…

'ဟိုဘက်ဝိုင်းက အစ်ကိုကြီးက ဒီဝိုင်းဖိုး ရှင်းပြီးပြီ'

'ဩော်…'

ကျွန်မ လှမ်းကြည့်လိုက်တော့ ကိုမိုးသည်းက လစ်သွားပြီ။

'အဲ့နားလိုက်တာ ရှင်ရယ်'

မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး နှာခေါင်းသံနဲ့ နွဲ့တဲ့တဲ့ အမူအရာနဲ့ ပြောလိုက်တဲ့ ရွှေယင်းမာဦးရဲ့ အသံကြောင့် ကျွန်မ ရှိုးကလေးနဲ့ နှုတ်ခမ်းကိုဖိကိုက်ရင်း…

'ဟင်း… ဆောင်းသွယ်ရော်၊ ဆောင်းသွယ်'

ကျွန်မတို့ရေးအတွက် တိုတာပါသွားပြီး ကားထဲသို့ ဝင်လိုက်တယ်။ ကားကြီးဟာ အရှိန်ကောင်းကောင်းနဲ့ မောင်းနှင်လာခဲ့တယ်။ ပဲခူးဘုရားကြီး ရိုက်ဦး စတဲ့ မြို့တွေကို တရိပ်ရိပ်ဖြတ်ကျော်လာခဲ့တယ်။

နောက်ဆုံးတန်းက ဂစ်တာသံကလည်း တခေါင်ခေါင်နဲ့ သီချင်းတွေကိုဆိုရင်း လိုက်ပါလာခဲ့တယ်။ ဂစ်တာသံနှင့်အတူ 'မျက်စိမှာ' ဆိုတဲ့ သီချင်းလေး ပျံလွင့်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ စိတ်ကောက်တတ်တဲ့ မင်းရဲ့မျက်နှာ ×××
ငါမြင်ရှောလိုက်တော့ မင်းပြုံးလိုက်တဲ့အခါ ×××
လေပြည်တွေလို ကြည်နူးသွား ×××"

အာကာရဲ့အသံက ပိုပြီးစူးရှစွာ ထွက်လာခဲ့တယ်။

ရွှေယင်းမာဦးက ကျွန်မဘက်ကိုလှည့်ပြီး…

"အဲဒါ နင့်ကို ကောင်းဆိုတာ"

"ကောင်းပဲဆိုဆို တည့်တည့်ပဲဆိုဆို ငါအိပ်တော့မယ်"

မျက်နှာထိုတဲ့ တေးသီချင်းသံများကြားမှာ မှေခနဲ ကျွန်မ အိပ်ပျော်သွားခဲ့တယ်။

"တောင်ငူရောက်ပြီ၊ ဆင်းကြပါ"

ညနေ (၁၂)နာရီမှာ တောင်ငူကိုရောက်ခဲ့တယ်။

အိပ်ချင်မူးတူးနဲ့ လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်လိုက် တယ်။

ထုံးစံအတိုင်း လက်ဖက်ရည်နှစ်ခွက် မှာလိုက်တယ်။

ကျွန်မတို့နှစ်ယောက် လက်ဖက်ရည်သောက်နေတုန်း အာကာဟာ ကျွန်မတို့စားပွဲမှာ ဝင်ထိုင်လိုက်တယ်။

"သီချင်း ငါဆိုတဲ့သီချင်း ကောင်းလား"





"ငါ အိပ်ပျော်သွားလို့ မသိလိုက်ဘူး"

"ဟာကွာ… ငါကတော့ နင်ကြားအောင် တအားအော် ဆိုတာ"

"သူသိစေ့ချင်အတိုင်းမဆိုတဲ့ တအားအော်ဆိုတော့ သီချင်းရဲ့ အရသာ ပျက်သွားမှာပေါ့"

"ဪ… အေး… အေး… ဒီတစ်ခါဆိုရင် ငါကောင်း ကောင်းဆိုမယ်"

"နင်ဆိုချင်ဆို မဆိုချင်နေ၊ ငါအိပ်တော့မှာ"

"အေးပါ… နင်နိုးတဲ့အချိန်မှ ငါဆိုမယ်"

ပြောပြောဆိုဆို အာကာတစ်ယောက် ကျွန်မရဲ့ စားပွဲမှ ထသွားတယ်။ ဟိုဘက်စားပွဲမှာတော့ ကျွန်မကို စူးစိုက်စွာ ကြည့် နေသူ၊ သူ (သို့မဟုတ်) ကိုနိုးသည်း။

သူ့အကြည့်က အာကာရဲ့ တေးတွေကို သိချင်နေပုံရ တယ်။ ကျွန်မကလည်း အာကာကို ဒီလောက်တော့ လိုက်လျော သွားဆက်ဆံမှ ဖြစ်မယ်။

ဒီလိုနဲ့ တောင်ငူက ဆက်လက်ထွက်ခွာလာခဲ့တယ်။

အာကာတို့အုပ်စုကတော့ ဂစ်တာတစ်ခေါင်ခေါင်နဲ့ ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆိုတီးနေလေရဲ့။ ကျွန်မရော ရွှေယင်းမာဦးပါ ခေါင်းချင်းဆိုင်ပြီး အိပ်ပျော်သွားခဲ့တယ်။

"မိတ္ထီလာရောက်ပြီ"

မိတ္ထီလာကန်ကြီးနားက လက်ဖက်ရည်ဆိုင်မှာ ကျွန်မတို့ နားခဲ့တယ်။

အချိန်ကတော့ နံနက်ငါးနာရီခွဲ ရှိပြီ။

လက်ဖက်ရည်ဆိုင်မှာ ထမင်းကြော်စားတယ်။

ကျွန်မတို့နှစ်ယောက်ကတော့ အီကြာကွေးနဲ့ လက်ဖက်ရည် သောက်လိုက်တယ်။

အီကြာကွေးက အကြီးကြီးပဲ။ ချက်ချင်းကြော်လာတော့ နွေး ကော်ကော်စားလို့ကောင်းတယ်။

"မိတ္ထီလာကန်ကြီးကို တက်ကြည့်ရအောင်"

"အေး... ကောင်းတယ်"

ကျွန်မတို့နှစ်ယောက်လည်း တစ်ခါမှမရောက်ဖူးတဲ့အတွက် မိတ္ထီလာကန်ပေါင်ပေါ်ကို လမ်းလျှောက်လာခဲ့တယ်။

"မိတ္ထီလာကန်ကြီးကလည်း အကြီးကြီးပဲနော်"

"အေးပေါ့... ဒါဟာ ရှေး ဘိုးဘွားတွေရဲ့ နေထိုင်မှု





အဆင့်အတန်းတစ်ခုရဲ့ ပြယုဂ်ပဲ"

"အေးပေါ့... သမိုင်းတွင် ကျန်ရစ်ခဲ့တဲ့ ဘိုးဘွားအမွေပေါ့"

ကျွန်မတို့နှစ်ဦး စကားတပြောပြောနဲ့ လျှောက်လာခဲ့တယ်။

ကျွန်မတို့ရဲ့ အရှေ့ဘက်မှာတော့ ကိုမိုးသည်နဲ့ သူ့သူငယ်ချင်းတစ်ယောက် နံနက်ဆည်းဆာနှင့် မိတ္ထီလာကန်အလှကို သူ့ရဲ့ ဒစ်ဂျစ်တယ်ကင်မရာနဲ့ ရိုက်နေတာ တွေ့လိုက်ရတယ်။

ကျွန်မတို့ကိုတွေ့တော့ လှမ်းပြုံးပြပြီး...

"မိတ္ထီလာကန်ကြီးနဲ့ အမှတ်တရ ရိုက်ပါရစေ"

ကျွန်မ ဘယ်လိုမှ မငြင်းနိုင်ခင်မီ သူ သုံးလေးပုံ ရိုက်လိုက်တယ်။

"ရန်ကုန်ရောက်ရင် ဓာတ်ပုံလာပို့ပေးမယ်"

တိုးတိုးကလေး သူတစ်ပြောပြီး ပြန်သွားခဲ့တယ်။

ဓာတ်ပုံရိုက်ဖို့ သူပဲ တမင်ဖန်တီးတာလား။

ကျွန်မကိုယ်တိုင်ကပဲ ကန်ကြီးဆီကို ရောက်လာလို့ အမှတ်မထင် ဓာတ်ပုံရိုက်ဖြစ်တာလား။ ကျွန်မနဲ့ ရွှေယင်းမာဦး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တွဲပုံဆိုတော့ ပြဿနာမရှိလှဘူး။

လက်ဖက်ရည်ဆိုင်ရောက်တဲ့အထိ အဲကာ ကားပေါ်မှာ အိပ်ပျော်နေသေး။ သူ့တစ်ခုခုစားဖို့တော့ လိုအပ်နေပြီ။

သူငယ်ချင်းတစ်ယောက်အနေနဲ့ နိုးဖို့လိုအပ်နေလို့ ဒရိုင်ဘာကြီးကို နှိုးနိုင်းလိုက်တယ်။

ဒီတော့မှ ကမန်းကတန်းထပြီး မျက်နှာသစ်ပြီး ထမင်းကြော်စားတယ်။

"သဲစဉ် နင်တို့ တစ်ခုခုစားပါလား" တဲ့။

"ငါတို့ စားပြီးပြီ"

ရွှေယင်းမာဦးက လှမ်းပြောလိုက်တယ်။

* * *

## အခန်း (၅)

ကျွန်မတို့ကားကြီး မိတ္ထီလာမှ ထောက်ထွက်လာခဲ့ပါပြီ။

အိပ်ပျော်ကျူးလား၊ နိုးသော်လားသို့လို့ ဆိုရမလားမသိ ...အောင် ကားထွက်တာနဲ့ တစ်ပြိုင်နက် အကာတို့အဖွဲ့က ဂစ်တာ ...ခေါင်ခေါ်ဒ်နဲ့ သီချင်းတွေ ဆော်ဆိုနေတယ်။

တကယ်တော့ ကျွန်မဟာ အနုပညာကို မြတ်နိုးတယ်။ ...ကောင်းတဲ့ ဂီတသံကို နှစ်ခြိုက်တယ်။ ဂစ်တာသံလည်း ...နှစ်မပါအခင်ပေါ့။

ဒါပေမဲ့ ဆူညံတဲ့ ဂစ်တာသံရယ်၊ ဆော်ဟစ်ပြီး သဲစဉ် ...ဆိုးသွားတဲ့ ဟစ်ဆော်သံကိုတော့ ကျွန်မ မနှစ်ခြိုက်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာက ကျော်လာတယ်ဆိုရင်ပဲ မြေလတ်ရဲ့ အရိပ်အငွေ့တွေကို စတင်ခံစားခဲ့ရတယ်။ လမ်းဘေးတစ်ဖက်တစ်ချက်က သစ်ပင်တွေရဲ့ အစိမ်းရောင်ဟာ မှေးလာခဲ့တယ်။ အဝါရောင်သန်းတဲ့ သစ်ရွက်ကလေးတွေ ကြွေစပြုနေပြီ။

ဝါရောင်သန်းနေတဲ့ နယ်မြေကို စတင်ဝင်ရောက်လာခဲ့ပြီ။

လမ်းမှာ ရွက်ဝါကလေးတွေ ကြွေတာရို့ သစ်ပင်ပေါ်မှာ ပေတာရို့ ဒီရှုခင်းကလေးကိုကြည့်ပြီး ရင်ထဲမှာ လွမ်းသလို ဆွေးသလို။

မေမေရယ်၊ ဖေဖေရယ်၊ ဘွားဘွားကြီးရယ်ကို သတိရမိတယ်။

ဒီနောက် အိမ်က လက်ဖက်ရည်ဝိုင်းမှာ ကျွန်မကို သတိရနေလောက်ပြီ။

ဘာပဲဖြစ်ဖြစ် လွတ်လပ်စွာသွားခွင့်ပြုပေမယ့် သံယောဇဉ်ဆိုတာ အမျှင်တန်းနေတယ်။ တကယ်တော့ လူ့ဘဝဆိုတာ သံယောဇဉ်ဆိုတဲ့ ကြိုးတွေနဲ့ နှောင်ဖွဲ့ထားတဲ့ အရာတစ်ခုလို့ ကျွန်မ နားလည်လာခဲ့တယ်။





လမ်းမှာ နှစ်ခါနားပြီး ညနေဝိုင်းအချိန်မှာ…

'ရှေးဟောင်းယဉ်ကျေးမှုပုဂံမြေ'လို့ ရေးထားတဲ့ အကြို ဆိုင်းဘုတ်ကြီးကို မြင်လိုက်ရတယ်။

'ပုဂံမြေကို ရောက်ခဲ့ပြီ' ဆိုတဲ့ အသိနဲ့ အရမ်းဝမ်းသာသွားတယ်။

ယဉ်ကျေးမှုအမွေအနှစ်တွေ အပုံလိုက်ရှိတဲ့ နယ်မြေ။

ကျွန်မ လွမ်းဆွတ်ရောက်ဖူးချင်တဲ့မြေ။

ရောက်ခဲ့ပြီဆိုတော့ ဘယ်လိုကြည်နူးမှုမျိုးမသိ။

ညနေဆည်းဆာနဲ့ ပုဂံမြေရဲ့ ရှုခင်းဟာ လှပတဲ့ ပန်းချီကားတစ်ချပ်လိုပဲ။

ဒီနေ့တော့ ခရီးပန်းလာတာနဲ့ တည်းခိုဆောင်အရောက်မှာ ရေချိုးပစ်လိုက်တယ်။

အေးချမ်းတဲ့ အတွေ့အထိရယ်၊ ပင်ပန်းတာရယ်ကြောင့် ဒီညအဖို့ ခေါင်းချတာနဲ့ အိပ်ပျော်သွားတယ်။

မနက်ငါးနာရီလောက်မှာ ရေချိုးအဝတ်လဲပြီး ဧည့်ခန်းဆောင်မှာ လက်ဖက်ရည်နဲ့ မုန့် စားလိုက်တယ်။ နောက်တော့ ကားပေါ်တက် နေရာယူပြီး စတင်ခရီးထွက်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ကားဟာ ရွှေစည်းခုံစေတီတော်ဆီကို ဦးတည် မောင်းနေလေရဲ့။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ ပြုပြင်တည် ဆောက်ပေးထားတဲ့ စေတီတော်တွေ အများကြီး ဖူးတွေ့ခဲ့ရတယ်

လွန်ခဲ့သော နှစ်ပေါင်းများစွာက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ရှေးမင်းအဆက်ဆက် အုပ်ချုပ်ခဲ့တဲ့ နယ်မြေ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ပြည့်ဝနေတဲ့ နယ်မြေ မှို ကျွန်မရော ရွှေယင်းမာဦးပါ တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်အောင် တိတ်ဆိတ်စွာ လိုက်ပါလာရင်း ရှုခင်းတွေ ကို ကြည့်နေမိတယ်။

သွားရင်း သွားရင်း ရွှေစည်းခုံစေတီတော်ကြီးရဲ့ရှေ့ ရောက်ခဲ့ပြီ။

ကျွန်မတို့လည်း ဆရာ၊ ဆရာမတွေနဲ့အတူ ရွှေစည်းခုံ စေတီတော် ရင်ပြင်ပေါ်သို့ သွားရောက်ခဲ့တယ်။

'သပ္ပာယ်လိုက်တဲ့ ရွှေစည်းခုံစေတီတော်ကြီး'

ရွှေသင်္ကန်းတွေက တဝင်းဝင်းနဲ့။ ရှေးယခင်ကစပြီး အခုအထိ သာသနာရောင်ဝါ ထွန်းလင်းလို့နေတယ်။ ကျွန်မလည်း ရှိသေစွာ ဦးခိုက်ရှိခိုးခဲ့တယ်။





ဒီမှာတင် ဆရာက ရွှေစည်းခုံစေတီတော်ကြီးအကြောင်း ရှင်းပြခဲ့တယ်။

'ဒီစေတီတော်ကြီးရဲ့ မူလဒါယကာဟာ အနော်ရထာ မင်းကြီးပဲ ဖြစ်တယ်၊ မြတ်စွာဘုရားရှင်ရဲ့ စွယ်တော်ကို ဆင်ဖြူတော်ပေါ်မှာတင်ပြီး လှည့်လည်တာ ဒီနေရာမှာ ဆင်ဖြူတော်ဝပ်တဲ့ နေရာဖြစ်လို့ ဒီစေတီတော်ကြီးကို တည်ခဲ့တယ်၊ အနော်ရထာမင်းကြီးဟာ ဒီစေတီတော် တည်လို့ မပြီးခင်မှာ နတ်ရွာစံသွားတဲ့အတွက် ကျန်စစ် သားမင်းကြီးက ဆက်လက်တည်တော်မူခဲ့တယ်'

ကျွန်မတို့အုပ်စုဟာ ရွှေစည်းခုံစေတီတော်မြတ်ကြီးကို လှည့်လည်ဖူးမြော်ခဲ့တယ်။ စေတီတော်ကြီးမှာ ပစ္စယာသုံးဆင့်၊ ခေါင်းလောင်းပုံ၊ ခါးပတ်၊ ဘီလူးပန်းဆွဲ ဖောင်းရစ်အဆင့်ဆင့် ကြာမှောက်ကြာလန်၊ ထုပိကာ၊ နတ်လှေကားများနဲ့ အချိုးအစား ကျနစွာ တန်ဆာဆင်ထားတဲ့အတွက် လှပတင့်တယ် သပ္ပာယ်လှ ပါတယ်။

စေတီတော်ရဲ့ ပရဝုဏ်က ကျယ်ဝန်းလှပေတယ်။

ကျွန်မတို့အုပ်စုဟာ ဘုရားရင်ပြင်တော်မှာ လှည့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



ဖူးမြော်ရင်း တစ်ခါက ဘုရားအရှေ့ဘက်မှာ လူတွေဝိုင်းအုံကြည့်နေတာ တွေ့လိုက်ရတယ်။ ကျွန်မလည်း သိချင်တာနဲ့…

'အဲဒါ ဘာလဲဟင်'

မြောမြောဆိုဆို လူအုပ်ထဲ တိုးဝင်သွားခဲ့တယ်။

ကျွန်မ တွေ့လိုက်ရတာကတော့ ရေထည့်ထားတဲ့ ချိုင့်ခွက်ကလေးတစ်ခု။

'ဒီရေချိုင့်ခွက်ထဲမှာ ဘာတွေရှိလို့ ကြည့်နေတာလဲဟင်' ကြည့်နေသူတစ်ယောက်ကို မေးလိုက်တယ်'

'ဒီရေချိုင့်ထဲမှာ ဘုရားရဲ့ထီးတော်ကို ဖူးတွေ့ရတယ်'

လူအုပ်ထဲက လူတစ်ယောက်က ပြန်ပြောလိုက်တယ်။ ဒါကြောင့် ကျွန်မလည်း ရေချိုင့်ခွက်ထဲကို သေသေချာချာ ကြည့်လိုက်တဲ့အခါ ဒီလောက်သေးတဲ့ ချိုင့်ခွက်ကလေးထဲမှာ စေတီတော်ရဲ့ ထီးတော်ထိပ်များကို အံ့သြစွာ ဖူးတွေ့လိုက်ရတယ်။

'ဟုတ်ပါရဲ့ ရေချိုင့်ခွက်ထဲမှာ ထီးတော်ပုံပေါ်နေပါတယ်'

ကျွန်မလည်း ယင်းမာကို သတိရစွာနဲ့ လှမ်းခေါ်လိုက်တယ်။





'ယင်းမာရေ… ဒီမှာ လာကြည့်စမ်းပါ'

'ဘာလဲဟင်'

'ဒီချိုင့်ခွက်ကလေးထဲမှာ ဘုရားထီးတော်ကို ဖူးတွေ့ရတယ်'

'ဟုတ်လားဟင်'

ယင်းမာလည်း ရေချိုင့်ခွက်ကလေးရှိရာ အပြေးလာကြည့်လိုက်တယ်။

'ဟုတ်ပါရဲ့… ထူးဆန်းလိုက်တာ'

ကျွန်မတို့ ကြည့်နေတုန်းမှာ ကိုမိုးသည်းတစ်ယောက် ရောက်လာတယ်။

ထူးခြားတဲ့ ရေချိုင့်ခွက်ကို အမှတ်တရ ဓာတ်ပုံရိုက်ရင်း…

'သိစဉ်တို့ကို အမှတ်တရ ဓာတ်ပုံရိုက်ပေးမယ်နော်'

ဓာတ်ပုံရိုက်တာ ဝါသနာပါတဲ့ ရွှေယင်းမာဦးလည်း ပျော်သွားတယ်။ ကျွန်မနဲ့ ရွှေယင်းမာဦးဟာ ဒီရေချိုင့်ခွက်နေရာမှာ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ကြတယ်။

'သိစဉ်နဲ့ ယင်းမာ ပြုံးပြုံးကလေးနေနော်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ဓာတ်ပုံရိုက်နေတုန်း အေမီတို့အုပ်စုက ပြေးလာပြီး…

'ကိုမိုးသည်းကြီး… ကျွန်မတို့ကိုလည်း အမှတ်တရ ဓာတ်ပုံရိုက်ပေးပါဦး'

'ရိုက်ပေးပါ့မယ်'

ကိုမိုးသည်းတစ်ယောက် အေမီတို့အုပ်စုနဲ့ ကျန်ရစ်ခဲ့တယ်။ ကျွန်မတို့ ဆက်လျှောက်သွားတော့ အာကာမိုးထက်က ခါးထောက်ပြီး ရှုတည်တည်နဲ့ ရပ်နေတယ်။

'သံစဉ်'

'ဘာလဲ'

'နင် ဟိုကောင်နဲ့ သိပ်ရောမနေနဲ့'

'အာကာ အခုအချိန်မှာ ကြည်ကြည်နူးနူးနဲ့ ဘုရားဖူးနေတာ၊ နင်ရော ကိုမိုးသည်းပါ ငါ့ရဲ့သူငယ်ချင်းတွေပဲ၊ ငါ ဘုရားဖူးနေတဲ့အချိန်မှာ စိတ်ချမ်းချမ်းသာသာနဲ့ ဖူးပါရစေ၊ ငါ့ကို နှောင့်ယှက်ရင် ငါစိတ်ဆိုးမှာနော်၊ နင် နောက်မှ ငါ့ကို အဆိုးမဆိုနဲ့'

ကျွန်မ ဒီလိုပြောလိုက်တော့ အာကာမိုးထက်ရဲ့ မျက်နှာ





ချက်ချင်းညှိုးငယ်သွားပြီး…

'Sorry ပဲ သံစဉ်၊ နင့်ရဲ့လွတ်လပ်ခွင့်ကို ငါ မနှောင့်ယှက်တော့ပါဘူး'

ပြောပြောဆိုဆို ကျွန်မအနားက ချာခနဲလှည့်ထွက်သွားယ်။ မကြာမီ ကားဆီကို ကျွန်မတို့ ပြန်လာခဲ့တယ်။

ကျွန်မတို့ကားကြီးဟာ အာနန္ဒာလိုဏ်ဂူတော်စေတီကြီးဆီ ဦးတည်မောင်းနှင်လာခဲ့တယ်။

စုလစ်မွန်းချွန်းများဘုံအဆင့်ဆင့်နဲ့ လှပသပ္ပာယ်တဲ့ နန္ဒာစေတီတော်ကြီးကို ဖူးတွေ့လိုက်ရတယ်။

'အာနန္ဒာစေတီတော်ဟာ အကောင်းဆုံး အလှပဆုံး ပန်းတမော့လက်ရာ၊ ကျောက်ဆစ်လက်ရာနဲ့ ပြောင်မြောက်တဲ့ ဗိသုကာလက်ရာတို့ကြောင့် 'အလှမှာ အာနန္ဒာလို့ ရေးဖွဲ့တင်စား ပြောဆိုခဲ့တယ်'

ဆရာက ကျွန်မတို့အုပ်စုကို ရှင်းပြခဲ့တယ်။

ကျွန်မတို့ အာနန္ဒာစေတီတော်ထဲ ဝင်လာတဲ့အခါမှာ …

ကြီးမားသပ္ပာယ်လှတဲ့ မတ်တတ်ရပ်နေတဲ့ မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ရဲ့ ရုပ်တုတော်ကြီးကို ဖူးတွေ့လိုက်ရတယ်။

'သပွာယ်လိုက်တာ'

ကျွန်မဟာ လက်နှံမိုးပြီး ရှိခိုးလိုက်ပါတယ်။

'မတ်ရပ်ဆင်းတုတော်ကြီးရဲ့ တစ်ဖက်တစ်ချက်မှာတော့

ဒီဘက်ကရပ်တုက အာနန္ဒာဘုရားရဲ့ ဒါယကာ ထီးလှိုင်

ရှင် ကျန်စစ်သားမင်းကြီးပဲ၊ ဟိုဘက်က ရုပ်တုကတော့

ဆေရပါဒ ဗုဒ္ဓသာသနာကို စတင်ပျိုးထောင်ပေးခဲ့တဲ့

ဓမ္မဒဿီလို့ အမည်ရတဲ့ ရှင်အရဟံရဲ့ ရုပ်တုတော်ပဲ'

'ထေရဝါဒသာသနာ ထွန်းကားအောင် မျိုးစေ့ချပေးခဲ့တဲ့

ရှင်အရဟံရုပ်တုကို ကျွန်မတို့ ရိုသေစွာ ဦးချကန်တော့ခဲ့ပါတယ်။

'ဒီစေတီတော် တည်ဆောက်မယ်လို့ အကြံရှိစဉ်မှာ

ရဟန္တာများက ဟိမဝန္တာတောင်အနီးမှာရှိတဲ့ နန္ဒမူလိုဏ်

တော်ကို အတုယူပြီး ပုံစံပေးတဲ့အတွက် တည်ဆောက်

တာလို့ ပြောကြတယ်။ ရှေးအရင်က ဒီစေတီတော်ကို

အနန္တပညာလို့ ခေါ်ခေါ်ခဲ့ကြတယ်၊ အဲဒီကမှ 'အနန္တ

ဖြစ်လာတယ်၊ နောက်တော့ ကာလရွေ့လျော့ပြီး 'အာနန္ဒာ

ဖြစ်လာတယ်လို့ အဆိုရှိတယ်'





ဆရာက အထက်ပါအတိုင်း စေတီတော်ရဲ့ သမိုင်း

ကြောင်းကို ရှင်းပြခဲ့တယ်။ နောက်တော့ မှန်ထေးမှန်မှာရှိတဲ့

မတ်ရပ်ကိုယ်တော်ကြီးများကို ဖူးမြော်ခဲ့တယ်။ မတ်ရပ်ကိုယ်တော်

ကြီးရဲ့ ဦးဆံတော်ဟာ အမြင့်သုံးဆယ့်တစ်ပေရှိတာမို့ မော့ပြီး

ဖူးမြော်ရတယ်။ သပွာယ်လှတဲ့ ဆင်းတုတော်ကြီးကို ဖူးရတာ

ရင်မှာ အေးချမ်းမှုအတိ ဖြစ်ထွန်းစေတယ်။

နောက်တော့...

'ထုမှာ ဓမ္မရံ'လို့ တင်စားခြင်းခံရတဲ့ ဓမ္မရံကြီးစေတီ

တော်ကို သွားရောက်ဖူးမြော်ခဲ့တယ်။ ဓမ္မရံကြီးစေတီတော်ရဲ့

တောင်းမှုရှင်ကတော့ အလောင်းစည်သူမင်းကြီးရဲ့ သားတော်

ကုလားကျမင်းလို့ခေါ်တဲ့ နရသူပဲ ဖြစ်ပါတယ်။

'ဓမ္မရံကြီးလို့ အမည်တွင်ခြင်းကတော့ ဘုရားကြီးရဲ့

အနောက်တက်အနီးမှာ သီလဩဘာသီရုပ်ပွားတော်ရှိတဲ့ 'ဓမ္မရံသီ'

အရှင်သူမြတ် သီတင်းသုံးတာကို အစွဲပြုပြီး ဓမ္မရံကြီး

လို့ ခေါ်ဝေါ်ခဲ့တယ်လို့ အဆိုရှိတယ်'

'နရသူမင်းဟာ ခမည်းတော်ကို လုပ်ကြံပြီး နန်းတက်

ခဲ့လို့ ရာဇဝင်မှာ အမည်းစက်ထွန်းထင်းခဲ့တယ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



နောင်တော်ကြီး မင်းရှင်စောကိုလည်း အဆိပ်ကျွေးပြီး သတ်ဖြတ်ခဲ့တယ်၊ မင်းအဖြစ်ကိုရပြီး နောက်ပိုင်းမှာ ကျေးကုလားတို့ရဲ့သတ်ဖြတ်ခြင်းခံရပြီး နတ်ရွာစံတာကြောင့် ကုလားကျမင်းလို့ အမည်တွင်ခဲ့တယ်'

ကျွန်မတို့အုပ်စု ဓမ္မရံကြီးစေတီတော်ကို လှည့်လည်ဖူးမြော်ခဲ့ပါတယ်။ ကြီးမားကျယ်ဝန်းပြီး သပ္ပာယ်လှတဲ့ ရုပ်ပွားတော်ကို ဖူးမြော်ရင်း ကြည်နူးခဲ့ရတယ်။

အဲဒီကနေအထွက် စကြံလမ်းအရောက်မှာ...

'အား... ကျွတ်... ကျွတ်... ကျွတ်'

ကျွန်မရဲ့ မျက်နှာဟာ ရှုံ့မဲ့ပြီး ဒူးညွှတ်ခွေကျသွားတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ခြေဖဝါးပြင်မှာ ထနောင်းဆူးတွေ စူးဝင်နေတယ်။ ရှုံ့မဲ့နေတဲ့ ကျွန်မကို ကိုမိုးသည်းက လှမ်းပြီး ဓာတ်ပုံရိုက်တာ တွေ့လိုက်ရတယ်။ ကျွန်မ ဆက်လမ်းမလျှောက်နိုင်လို့ ရောက်တဲ့နေရာမှာ ထိုင်ချလိုက်တယ်။

'သံစဉ် ဘာဖြစ်လို့လဲ'

ရွှေယင်းမာဦးက စိုးရိမ်မှုအပြည့်နဲ့ မေးလိုက်တယ်။

'ထနောင်းဆူးတွေ စူးသွားပြီ'





'ဒါဆို ငါနုတ်ပေးမယ်'

ရွှေယင်းမာဦးက ဆူးတွေကို ထွင်ပေးခဲ့တယ်။ ဆူးတွေ ငြင်ပြီးပေမယ့် ခြေဖဝါးတစ်ခုလုံး နီရဲပြီး နာကျင်နေတယ်။

သူငယ်ချင်းတစ်သိုက်နဲ့ ပျော်ရွှင်စွာ လိုက်ပါသွားတဲ့ အကာမိုးထက် တစ်ယောက်ကတော့ ကျွန်မကျန်ရစ်ခဲ့တာ သိပုံ ပေါ်ဘူး။

ကျွန်မကို အရိပ်လိုကြည့်နေတဲ့ ကိုမိုးသည်းတစ်ယောက် တော့ ပျာပျာသလဲ ကျွန်မအနား ရောက်လာခဲ့တယ်။

'သံစဉ် ထနောင်းဆူး စူးသွားတာလား'

'ဟုတ်တယ် ကိုမိုးသည်း၊ ဒါပေမဲ့ ယင်းမာ နုတ်ပေးလို့ သက်သာသွားပါပြီ'

'သံစဉ်ခြေဖဝါးတွေ နီရဲနေတယ်၊ ခဏလေးနေဦးနော်' ပြောပြောဆိုဆိုနဲ့ သူ့အိတ်ထဲက လက်ကိုင်ပဝါဖြူလွလွ လေးကိုထုတ်ပြီး ကျွန်မရဲ့ ခြေထောက်လေးကို လျှင်မြန်စွာ ည်နှောင်ပေးလိုက်တယ်။

'အို... ကိုမိုးသည်းရယ်၊ အားနာစရာကြီး'

'အားမနာပါနဲ့၊ ဘုရားတွေ အများကြီး ဖူးဖို့ကျန်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ ခြေထောက်နာနေရင် ဆက်မဖူးနိုင်မှာ စိုးလို့

"ကိုမိုးသည်းကို ဒုက္ခပေးသလို ဖြစ်နေပြီ"

"ဒုက္ခမပေးပါဘူး။ ဒီမှာ ကြည့်စမ်းပါဦး။ သံစဉ် ရှုး...

နေတဲ့ပုံ"

သူ့ရဲ့ ခရီးစဉ်တယ်ကာဆိမ်မျက်နှာ့ ဖြင့်ကွင်းပုံလေးလှတ်တာလေး...

ကို ညွှန်ပြလိုက်တယ်။

နှင်းမှုံပြီး နှုတ်ခမ်းရှုတ်နေတဲ့ ပုံကလေး။

"ဒါဟာ သဘာဝရိုက်ချက်ပဲ၊ ဓာတ်ပုံပြိုင်ပွဲမှာ ဝင်ပြိုင်...

ရမယ်"

ကိုမိုးသည်းက ကျွန်မကို ပြောလိုက်တယ်။

ကျွန်မရဲ့ မလှပတဲ့ပုံကို တွေ့လိုက်ရတော့...

"ကမ္ဘာပေါ်မှာ အကျော်ကြားဆုံးပုံပြိုင်ပွဲဆိုရင် ပထမ ရ...

တယ်"

လို့ ပြန်ပြောလိုက်တယ်။ ကိုမိုးသည်းက ပြုံးပြုံး...

"သံစဉ် လမ်းလျှောက်နိုင်ရဲ့လား"

လို့ ကြင်နာတဲ့အသံကလေးနဲ့ မေးလိုက်တယ်။ ကျွန်...

မလှမပတဲ့ ပုံကိုရိုက်လို့ စိတ်ဆိုးဆိုးနဲ့...



"အင်း... လျှောက်နိုင်ပါတယ်" လို့ ပြန်ပြောလိုက်တယ်။

"ဟင်း... တကယ်ကို မှန်းရခက်တဲ့သူပဲ"

ကျွန်မရဲ့ နှုတ်က တိုးတိုးလေး ရေရွတ်ပြောလိုက်မိ...

...တယ်။

တောက်ကြွတောက်ကြွနဲ့ ကားပေါ်ကို လှမ်းအတက်ကျ...

အကောမိုးထက် ကျွန်မကို သူလှမ်းတွေ့တယ်။

"သံစဉ် နင်ဘာဖြစ်လို့လဲ"

"ဘုရားကအဆင်းမှာ ထမနောင့်ဆုံး ရှုးသွားလို့"

"နင်က အမြဲတမ်း နင်ပါဘဲနဲ့"

သူက အပြစ်တင်လိုက်တော့ ကျွန်မ ဒေါသဖြစ်သွား...

...တယ်။

ဒေါသတွေ အမြန်အမြန်ဖြစ်ပြီး ကျွန်မရဲ့ ပါးပြင်ပေါ်ကို

...မျက်ရည်တွေ ဖိုးဖိုးပေါက်ပေါက် ကျလာတယ်။

"နင်ကလည်း ဒါလေးပြောလိုက်တာနဲ့ ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး"

ပြောပြောဆိုဆို ကားပေါ်ကို အမြန်ဆုံးတက်လိုက်တယ်။

ဟွန်း... အကယ်ဆိုတဲ့အကောင် ဘယ်တော့မှ အကောင်း...



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူး။ သူနဲ့တွေ့တာနဲ့ အမြဲတမ်း တစ်ခုမဟုတ်တစ်ခု အဆင် မပြေဖြစ်တယ်။

ကျွန်မစိတ်မှာ ဒီလိုတွေးထင်လိုက်တယ်။

ကျွန်မတို့ စီးနင်းလာတဲ့ ဟီးနိုးကားကြီးဟာ သဗ္ဗညုစေတီ တော်ကြီးဆီကို မောင်းနှင်ခဲ့တယ်။

မကြာခင်မှာ သဗ္ဗညုစေတီတော်ကြီးကို ဖူးမြော်ခဲ့တယ်။

'ဒီစေတီတော်ကြီးကို အလောင်းစည်သူမင်းကြီး တည် တာဖြစ်တယ်၊ သာဝတ္ထိပြည်က ဝိသာခါကျောင်းအ ကြီး ဆောက်လုပ်လှူဒါန်းတဲ့ ပုဗ္ဗာရုံကျောင်းတော် သဏ္ဍာန်တူအောင် တည်တော်မူခဲ့တယ်'

'သဗ္ဗညုစေတီတော်ကြီးရဲ့ ထူးခြားချက်ကတော့ အဓေ စတုဏ္ဍထပ်တိုင်အောင် အလွယ်တကူ တက်နိုင်တဲ့ လှေကားများ တည့်ဆောက်တပ်ဆင်ထားတဲ့အတွ ကမ္ဘာလှည့်ခရီးသည်များဟာ ပုဂံရဲ့ အလှအပသဘာ ကို တက်ကြည့်ကြလို့ မြင်ကွင်းမျှော်စင်ကြီးအဖြ ကျော်ကြားနေပါတယ်'

'အထပ် လေးထပ်ရှိပြီး ထုထည်အကြီးမားဆုံးနဲ့ အမြ





ဆုံး အဆောက်အအုံဖြစ်တယ်'

ခြေထောက်နာနေလို့ နောက်ခါးကပဲ လိုက်ခဲ့တယ်။ ဒါပေမဲ့ ကျွန်မရဲ့နောက်မှာ အရိပ်သဖွယ် လိုက်တဲ့သူကတော့ သူ (သို့မဟုတ်) ကိုမိုးသည်းပဲပေါ့။

ဒီကအပြန်မှာ သရဖါတံခါးဆီကို ရောက်ခဲ့တယ်။

'ဒီတံခါးက ပျဉ်ပြားမင်း တည်ဆောက်ခဲ့တဲ့ပုံစံ၊ ကျုံး မြို့ရိုးမှာရှိတဲ့ တံခါးမကြီး (၁၂)ခုအနက် အကောင်း ပကတိအဖြစ် ကြွင်းကျန်ခဲ့တဲ့ တစ်ခုတည်းသော အဝင် တံခါးဝပဲ ဖြစ်တယ်'

သရပါဆိုတဲ့ အမည်လေးဟာ ကျွန်မရဲ့ရင်ကို အေးငြိမ်း သွားခဲ့တယ်။ တံခါးဝရဲ့ အထက်ပိုင်းမှာ အင်္ဂတေနဲ့ ပြုလုပ်ထား တဲ့ ဘီလူးပန်းဆွဲနဲ့ ပုလဲကုံးပန်းတော့ လက်ရာများကို တွေ့မြင်ရ တယ်။

တံခါးအဝင် တစ်ဖက်တစ်ချက်မှာ နတ်ကွန်းငယ်နှစ်ခုကို တွေ့ရတယ်။ လက်ဝဲဘက် နတ်ကွန်းက အနည်းငယ်နိမ့်ပြီး အကျဲဘက်နတ်ကွန်းက တစ်ဖက်က နတ်ကွန်းထက် နည်းနည်း မြင့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းနိမ့်တဲ့ လက်ဝဲဘက်က နတ်ကွန်းက မောင်တော်နတ်ကွန်း ဖြစ်တယ်၊ နည်းနည်းမြင့်တဲ့ နတ်ကွန်းက နှမတော်နတ်ကွန်းဖြစ်တယ်"

သရေခါက အပြန်မှာတော့ ညနေစောင်းနေပြီဖြစ်လို့ အဆောင်ကို ပြန်ခဲ့ကြတယ်။

အဆောင်က နှစ်ထပ်ဆောင်ဖြစ်ပြီး ယောကျ်ားလေးတွေကို အောက်ထပ်မှာထားပြီး ကျွန်မတို့ မိန်းကလေးတွေကိုတော့ အပေါ်ထပ်မှာ နေရာပေးထားတယ်။

အဆောင်ပြန်ရောက်ပြီး ရေမိုးချိုးကာ ဝရန်တာဘက်ဆီကို လာခဲ့တယ်။

ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်တော့ တိမ်နီ၊ တိမ်ပြာတွေ ရောပြွမ်းနေတဲ့ ညနေဆည်းဆာကို တွေ့လိုက်ရတယ်။ လှပတဲ့ နောက်ခံတိမ်ပန်းချီကြားမှာ ပုဂံမြေရဲ့ စေတီဘုရားများများစွာကို လှမ်းမြင်ရတယ်။

တဖြူးဖြူး သုတ်ဖြူးတဲ့ လေအေးအေးကလေးတွေ အသာအယာ တိုက်ခတ်လာတယ်။ တမာရနံ့သင်းသင်းတဲ့ လေကလေး အေးချမ်းတဲ့အထိအတွေ့ကို ခံစားခဲ့ရတယ်။





ဒီရှုခင်းကလေးနဲ့ ဒီလေအေးအေးကလေးတွေဟာ ကျွန်မရဲ့ စိတ်ကို တကယ်ပဲ လန်းဆန်းစေခဲ့တယ်။

ဒီသက်ဝင်ရှုခင်းကလေးကိုကြည့်ရင်း "ဆရာမောင်ဂို"ရဲ့ "ပုဂံ"ဆိုတဲ့ ကဗျာလေးကို သတိရမိတယ်။

"ပုဂံ"တဲ့။

*ပြည်ပုဂံ နော်ရထာဘုန်းလှိုင်ပြိုင်*
*ပြည်ရာဇာညီညာတော့*
*ဘုန်းကျော် ပြည်မြန်မာရယ်ဂုဏ်*
*ဝင်းနှံ့သတဲ့။*

မှန်ပါတယ်။ အနော်ရထာမင်းရဲ့ စွမ်းဆောင်မှုကြောင့် ဆိုတဲ့ ရွှေပြည်ကြီးဟာ သာသနာတွေစည်ပင်လို့ ပြည်မြန်မာ ယ်လို့ ထွန်းတောက်ခဲ့တာပေါ့။

"ဒီညနေအချိန် ပုဂံရဲ့ ဆည်းဆာအလှမှာ တကယ်ကို အေးချမ်းခဲ့ပါတယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာတော့ ကျွန်မတို့အုပ်စုတွေဟာ မြင်းကပါဘက်ကို သွားခဲ့ကြတယ်။

"မြင်းကပါဆိုတာက နောင်တော် စုက္ကတေးမင်းနဲ့ အနော်ရထာမင်းတော်တို့ စီးချင်းထိုးတဲ့အခါမှာ ဒီကမ်းပါးမှာ မြင်းရောလူပါ စုက္ကတေးမင်း ကျရှုံးသွားတဲ့အတွက် မြင်းကပါအရပ်လို့ ခေါ်တွင်ခဲ့တယ်"

ကျွန်မတို့ ပထမဆုံးသွားခဲ့တဲ့နေရာကတော့ မြစေတီဝန်း ဖြစ်ပါတယ်။ မြစေတီတော်ကိုဖူးပြီးနောက်မှာ မြစေတီကျောက်စာတိုင်ဆီ ရောက်ခဲ့တယ်။

"မြစေတီကျောက်စာဟာ ကျွန်စစ်သားမင်းကြီး သေအံ့မူးမူးအချိန်မှာ သားတော်ရာဇကုမာရဟာ ခမည်းတော်ရဲ့ ကျေးဇူးသစ္စာကို ဆောင်သိလေသွားအားဖြင့် ရွှေဘုရားတစ်ဆူ သွန်းလုပ် ဌာပနာပူဇော်ခဲ့ကြောင်း ရေးထိုးထားတဲ့ ကျောက်စာဖြစ်တယ်။ ပျူ မွန်၊ မြန်မာ၊ ပါဠိ လေးဘာသာနဲ့ ရေးထိုးထားတဲ့အတွက် ယနေ့တိုင် ထင်ရှားကျော်ကြားတဲ့ ကျောက်စာတစ်ခုဖြစ်တယ်"

ငယ်စဉ်က သင်ကြားခဲ့ရတဲ့ မြစေတီကျောက်စာကို





တွေ့ရှိရတဲ့အတွက် ရင်ဝယ်ဝမ်းသာကြည်နူးခဲ့ရတယ်။

"အရေ့တို့ မနုဟာဘုရားဘက်ကို သွားကြမယ်"

"မနုဟာဘုရားဟာ သထုံပြည့်ရှင် မနုဟာမင်းကြီး အနော်ရထာမင်းကြီးရဲ့ စစ်သုံ့ပန်းအဖြစ် အကျဉ်းခံရစဉ်က တည်ထားတဲ့ ဘုရားဖြစ်တယ်"

ကျွန်မတို့ ဆင်းတုတော်ကြီးကို ဖူးမြော်ခဲ့ကြတယ်။ ကျောင်းဆောင်တော်ထဲက ဆင်းတုတော်ကြီးဟာ အလွန်ကြီးမားတဲ့အတွက် လိုဏ်ဂူတော်ရဲ့ ဥာဏ်တော်ဟာ အမိုးအကာမျှသာ ကျဉ်းကျပ်နေတယ်။

"ဒီ ဆင်းတုတော်ကြီးဟာ ကျဉ်းကျပ်စွာ စံပယ်တော်မူနေရတာနဲ့ ပတ်သက်ပြီး တချို့က မနုဟာမင်းကြီးဟာ အနော်ရထာမင်းလက်ထဲမှာ ကျဉ်းကျပ်စွာ ခံစားနေရဟန်ကို သရုပ်ဖော်ပြသလားလို့ တွေးတောကြတယ်"

မနုဟာဘုရားကြီးကို ဖူးမြော်ပြီး အပြန်မှာ နန်းဘုရား အပါယ်ရတနာဘုရား နဂါးရုံဘုရားများကို ဖူးမြော်ခဲ့ကြတယ်။ ကျွန်မတို့ကားကြီးဟာ ဧရာဝတီမြစ်ကမ်းဆီသို့ ဦးတည်မောင်းနှင်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ဧရာဝတီမြစ်ကမ်းနံဘေးက လောကနန္ဒာစွယ်တော် စေတီဆီကို ရောက်ရှိလာခဲ့တယ်။

ဘုရားပေါ်သို့ တက်မတက်သေးဘဲ ဧရာဝတီမြစ်ကမ်းနံဘေးမှာ လျှောက်ကြည့်ခဲ့ကြတယ်။

ရေဆင်းကူးပြီး ရေထဲမှာ မြူးထူးပျော်ပါးနေတဲ့ ကလေးငယ်တစ်သိုက်ကို တွေ့လိုက်ရတယ်။ သူတို့ကလေးတွေရဲ့ လှုပ်လယ်မှု ပျော်ရွှင်နေတဲ့ အပျော်ကလေးတွေ ကျွန်မတို့ကိုပါ ကူးစက်လာခဲ့တယ်။

ကျွန်မတို့လှေသိုက်ငှားပြီး ဧရာဝတီမြစ်ကမ်းစပ်ကိုဆင်းပြီး ဧရာဝတီမြစ်ရေနဲ့ ဆော့ခဲ့တယ်။

ဝေးမြင်တဲ့မြစ်ရေဟာ ရင်ထဲရောက်အောင် စိမ့်ဝင်သွားတယ်။

"ဧရာဝတီမြစ်ကြီးနဲ့ အမှတ်တရ ဓာတ်ပုံရိုက်ပေးမယ်နော်"

ကိုမိုးသည်းက အလိုက်သိစွာ ဓာတ်ပုံရိုက်ပေးခဲ့တယ်။ ဧရာဝတီမြစ်ကြီးနဲ့ စွယ်တော်လေးဆူမှာ တစ်ဆူအပါအဝင်ဖြစ်တဲ့ လောကနန္ဒာစေတီဆီကို သွားခဲ့တယ်။ လျှေပတ်တက်ရတဲ့ အုတ်





လှေကားလေးတွေဟာ လှပပြီး အလွယ်တကူ တက်နိုင်ခဲ့တယ်။

စေတီတော်ကြီးဆီကို ရောက်ခဲ့ပါပြီ။ သပ္ပာယ်လှတဲ့ စေတီတော်ကြီးကို ကြည်နူးစိတ်နဲ့အတူ ရှိခိုးပူဇော်ခဲ့တယ်။

နောက် ဗူးဘုရားဘက်ကို ကူးခဲ့တယ်။ ပတ်လမ်းအဆောင် ဆင့်နဲ့ တည်ထားတဲ့အတွက် ဧရာဝတီမြစ်ဘက်ကကြည့်ရင် ရှုမျှော်သပ္ပာယ်တဲ့ စေတီတော်ပါပဲ။

ကျွန်မတို့ ဗူးဘုရားမှာ ခဏနားခဲ့ကြတယ်။

ကိုမိုးသည်းဟာ ပြုံးရွှင်တဲ့မျက်နှာနဲ့ ကင်မရာကိုလွယ်ရင်း ကျွန်မဆီကို ရောက်လာခဲ့တယ်။

"ဘာဆုတောင်းခဲ့လဲ သိချင်"

နှစ်ဦးသားအတွေ့မှာ ဒီမေးခွန်းကလေးကို သူမေးခဲ့တယ်။ သူ ဘာကို ရည်ရွယ်မေးမှန်း ကျွန်မ သိတာပေါ့။ ဒါပေမဲ့ ကျွန်မက သူ့ကို ပြန်မေးခဲ့တယ်။

"ရှင်ရော ဘာဆုတောင်းခဲ့လဲ ကိုမိုးသည်း"

"ချစ်သူအမြန်ရပါစေလို့"

"ဟင်… ကိုမိုးသည်းကလည်း"

"ဟုတ်တယ်လေ… ဘဝတစ်သက်တာအတွက် လက်



www.burmeseclassic.com

www.burmeseclassic.com



တွဲဖော်ရဖို့ဟာ ချစ်သူအဆင့်က စရတာမဟုတ်လား’

‘ကျွန်မတော့ ဒီအကြောင်း မစဉ်းစားသေးဘူး’

ကိုမိုးသည်းတစ်ယောက် ဘာမှပြန်မပြောဘဲ ပြုံးပြီး ပြန်ထွက်သွားတယ်။

ဒီလို လွတ်လပ်ပေါ့ပါးစွာ ဘုရားဖူးရတာ အလွန်ပဲ ပျော်ရွှင်မိတယ်။

အဲဒီကဆက်ပြီး မင်းနန်သူနဲ့ ဖွားစောရွာတစ်ဝိုက်မှာရှိတဲ့ စေတီပုထိုးတွေဆီကို ဆက်သွားခဲ့တယ်။

သမ္ဗုလ္လဘုရား၊ ဘုရားသုံးဆူ၊ ဂူဘုရား၊ ရှင်အရဟံ ဘုရားနဲ့ ဓမ္မရာဇက စေတီတော်များကို ဖူးမြော်ခဲ့ကြတယ်။

ပုဂံပြည်မှာ ဘုရားတွေများလွန်းလို့ ဖူးမြော်လို့မကုန်နိုင်အောင်ပါပဲ။

ဒီနေ့ညကတော့ ပုဂံမှာ နောက်ဆုံးညဖြစ်ပါတယ်။

မနက်ဖြန်မှာ ပုပ္ပားဘက်ကို ခရီးဆက်ကြမယ်။

* * *



## အခန်း(၆)

နံနက်စောစော ပုဂံက ထွက်ခဲ့တယ်။

ဟော… တွေ့လိုက်ရပါပြီ။

ဗျတ္တပန်းဆက်လမ်းတဲ့။

ဒီလမ်းလေးအတိုင်း ကားမောင်းလာခဲ့တယ်။

ဗျတ္တပန်းဆက်လမ်းဆိုတဲ့ အမည်ဆန်းဆန်းကလေး။

‘ပန်းစားဘီလူးမ မယ်ဝဏ္ဏရဲ့ယောကျ်ား ဗျတ္တတစ်ယောက် ပုဂံထီးနန်းကို ပုပ္ပားတောင်က ပန်းတွေနဲ့ အနော်ရထာ မင်းမြတ်ဆီကို နေ့စဉ် ပန်းဆက်ခဲ့ရတယ်၊ ပုဂံနဲ့ ပုပ္ပား ဒီလမ်းကသွားခဲ့တယ်လို့ ယူဆခဲ့တဲ့အတွက် ဒီလမ်းကို ဗျတ္တပန်းဆက်လမ်းလို့ အမည်ပေးခဲ့တယ်’



www.burmeseclassic.com

www.burmeseclassic.com



ဆရာက 'မှိုက်'နဲ့ ဒီလိုပြောလိုက်တယ်။

'ပန်းဆက်နောက်ကျလို့ ကွပ်မျက်ခံရတဲ့ ဗုဒ္ဓရဲ့အဖြစ်အပျက်ဟာ ကြေကွဲဝမ်းနည်းစရာဒဏ္ဍာရီတွေနဲ့ ရောပြွမ်းနေတယ်၊ ဒီနေရာကတော့ ပုပ္ပားအရပ်ပဲဖြစ်တယ်'

မကြာမီမှာ ရွှေဖျဉ်းညီနောင်တို့ မွေးဖွားရာ ပုပ္ပားမြေကို ရောက်ခဲ့တယ်။

တောရိပ်တောင်ရိပ်ရဲ့ အေးချမ်းတဲ့ လေပြည်တစ်ချက် တိုက်ခတ်သွားတယ်။ ရင်ထဲမှာ အေးစိမ့်သွားတယ်။

တောင်ခြေမှာ ကားရပ်လိုက်ပြီ။

တောင်ကလပ်ပေါ်က စေတီဆီကို လှမ်းမျှော်ကြည့်လိုက်တယ်။ တောင်တက်ရမယ်ဆိုတဲ့ အတွေးနဲ့ တကယ်ပဲ လန်းဆန်းသွားတယ်။

'သံစဉ် တက်နိုင်ရဲ့လား'

ကိုမိုးသည်းက ပြုံးပြုံးကလေးနဲ့ လှမ်းစလိုက်တယ်။

'သံစဉ်က တောင်တက်အဖွဲ့ဝင် တစ်ယောက်လေ ဒီလောက်တော့ ပါးပါးကလေးပေါ့'

'ကဲ… ဒါဆို တက်ကြတာပေါ့'





တောင်ကလပ်ဆီသို့ လွတ်လပ်ပျော်ရွှင်နေတဲ့ ကျွန်မတို့အုပ်စု တောင်ပေါ်ကို တက်လာခဲ့တယ်။ ရွှေယင်းမာဦးက ကျွန်မရဲ့နံဘေးမှာ၊ ကျွန်မတို့နောက်မှာ ကိုမိုးသည်းနဲ့ သူ့သူငယ်ချင်း တစ်ဦး။

အာကာမိုးထက်တို့အုပ်စုကတော့ အမြဲတမ်း နောက်ဆုံးနေရာကို လေလံဆွဲထားသလိုပဲ။ ကျွန်မပြောထားတဲ့အတွက် ကျွန်မနား သိပ်မကပ်တော့ဘူး။ မောပန်းတာတွေကို အသာထားပြီး တက်ခဲ့တာ။ မကြာမီမှာ စောင်းတန်းဆီကို ရောက်လာခဲ့တယ်။

အဲဒီမှာ ဆိုင်ခန်းတွေ အများကြီးပဲ။

ဧည့်သည်တွေအများကြီး တက်လာတော့ ဆိုင်ရှင်တွေလည်း ပျော်တာပေါ့။ ဈေးဆိုင်က ကောင်မလေးတွေက ဈေးခေါ်ကြတာ ဆူညံနေတာပဲ။

'အစ်မတို့ရေ… ရှေ့မှာ မျောက်ကလေးတွေ ရှိတယ်၊ မျောက်စာကျွေးဖို့ ငှက်ပျောသီးတွေ ဝယ်သွားပါဦးလား'

ဆိုင်ရှင်ကောင်မလေးက မျောက်စာကျွေးဖို့ လှမ်းပြောလိုက်တယ်။ မျောက်တွေ တွေ့ရမယ်ဆိုတော့ ကျွန်မ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ရန်ကုန်မှာဆို မျောက်တွေကိုတွေ့ချင်ရင် ဇာတိရွာ[န်ရဲ့]
သွားမှ တွေ့ရတာ။ အဲဒီရောက်ရင်လည်း ငှက်ပျောသီးကျွေးနေ
ကျ။

အခုတော့ မျောက်တွေအများကြီးတွေ့ရမယ်ဆိုတော့ ငှက်ပျောသီးဝယ်ဖို့ ဆုံးဖြတ်လိုက်တယ်။

'ညီမရေ... ငှက်ပျောသီးတစ်ဖီး ဘယ်လောက်လဲ'

'ငါးရာပါ အစ်မ'

'အစ်မကို ငှက်ပျောသီးတစ်ဖီးပေးပါ'

'ရော့... အစ်မ'

ထွားကျိုင်းတဲ့ ငှက်ပျောသီးတစ်ဖီး လှမ်းပေးတော့ ကျသင့်ငွေကို ကျွန်မ ပေးလိုက်တယ်။

မျောက်တွေကို တွေ့ချင်ဇောနဲ့ ဟိုဟိုသည်သည် လှမ်းကြည့်ရင်း စောင်းတန်းအတိုင်း တက်လာခဲ့တယ်။ စောင်းတန်းရဲ့ တစ်ဖက် တောင်ကြားလမ်းကလေးမှာ ဟော ... တွေ့ရပါပြီ။ မျောက်အုပ်တစ်အုပ်။

အရွယ်မျိုးစုံ၊ ဆိုဒ်မျိုးစုံ။

အကောင်ကြီးတွေလည်း ပါရဲ့။ အကောင်သေးကလေး





တွေကလည်း အများကြီး။ အမေကို နို့စို့နေတဲ့ မျောက်သားအမိ
သည်း ပါတယ်။

မျောက်အုပ်စုကိုတွေ့လိုက်ရတော့ ပျော်လိုက်တဲ့ဖြစ်ခြင်း။

'ယင်းမာရေ... ဟိုမှာ မျောက်တွေအများကြီးပဲ'

'ငါကတော့ မျောက်တွေကို ကြောက်တယ်'

'ငါကတော့ မျောက်တွေကို အစာကျွေးချင်တယ်'

ပြောပြောဆိုဆို ငှက်ပျောသီးတွေကိုဖြုတ်ပြီး မျောက်အုပ်
ဆီကို ပစ်လိုက်တယ်။ မျောက်အုပ်ကလည်း ငှက်ပျောသီးတွေ
ကို လိုက်လုတာ တအုံးအုံးနဲ့ တကယ့်ကို ပျော်စရာကြီး။

ဒါပေမဲ့ ငှက်ပျောသီးနဲ့ မျောက်အုပ်က မမျှလို့ ငှက်ပျော
သီးမရတဲ့ မျောက်တွေက စိတ်ဆိုးနေကြတယ်။

'ဟိုမျောက်ကြီးက ငှက်ပျောသီးလုတာ မရလို့ စိတ်ဆိုးပြီး သူ့ခေါင်းကိုသူ ထုနေတယ်'

'ဟုတ်ပါရဲ့'

ကျွန်မက ပြုံးရွှင်စွာ ပြောလိုက်ပါတယ်။ ကျွန်မရဲ့လက်
ထဲမှာ ငှက်ပျောသီးငါးလုံးခန့် ကျန်သေးတယ်။

ကျွန်မက လှမ်းပစ်မယ်အလုပ်မှာ...



www.burmeseclassic.com

www.burmeseclassic.com



"မအောင်မယ်လေး… လုပ်ကြပါဦး"

ကျွန်မ လန့်လန့်ဖျပ်ဖျပ် လှမ်းအော်လိုက်မိတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ငှက်ပျောသီးများကို ဖြုတ်ပြီး ပစ်မယ်အလုပ်မှာ မျောက်ကြီးတွေဟာ မစောင့်နိုင်ဘဲ ကျွန်မကိုယ်ပေါ်ကို ပြေးပြီးခုန်တက်လိုက်ပါတယ်။

အမှတ်တမဲ့မို့ ကျွန်မ နောက်ပြန်ကျသွားမတတ်ပဲ။

ဒါပေမဲ့ ကျွန်မရဲ့ ကိုယ်လုံးကလေးကို ကိုမိုးသည်းက လှမ်းဆွဲလိုက်တယ်။ သူသာ လှမ်းမဆွဲရင် ချောက်ကမ်းပါး [illegible] အောက်ကို ဒလိမ့်ခေါက်ကွေး ထိုးကျသွားနိုင်တယ်။

မမျှော်လင့်တဲ့အဖြစ်ကြောင့် ရင်တွေ တဆတ်ဆတ်တုန် [illegible] ယင်နေတယ်။

"မျှော့…"

"မျှော့…"

"မောင်… မောင်…"

ကိုမိုးသည်းက ဘေးအိတ်ထဲက ဓားငယ်ကိုထုတ်ပြီး မျော [illegible] က ပြန်ပြေးသွားတယ်။ ကျွန်မ ရှေ့ဆက်မတက်နိုင်လို့ [illegible] တန်းက ထိုင်ခုံတန်းမှာ ဝင်ထိုင်လိုက်တယ်။





ဒီတော့မှ ကြောက်လန့်ပြီး အဝေးကိုပြေးသွားတဲ့ ရွှေ ယင်းမာဦး အနားကိုရောက်တယ်။

"သိစဉ် ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး ဒါပေမဲ့ အမှတ်တမဲ့ဆိုတော့ လန့် သွားလို့ပါ"

"မျောက်ကုတ်သွားသေးလား၊ သေသေချာချာကြည့်လိုက် ဦး"

"မကုတ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"မျောက်ကုတ်ရင် နူတတ်တယ်တဲ့"

"ဟင်… နင်ကလည်း"

ကျွန်မ ယင်းမာကိုစိတ်ဆိုးပြီး နှုတ်ခမ်းစူပစ်လိုက်တယ်။ အဲဒီ [illegible]တောင် ကိုမိုးသည်းက…

"ရော့… ရေသောက်လိုက်ပါဦး"

ကိုမိုးသည်းက သူ့မှာပါတဲ့ ရေသန့်ဘူးကို လှမ်းပေးလိုက် [illegible]ယ်။ ကျွန်မက စိတ်ကောက်နေတုန်းမို့ လှမ်းမယူဘဲ။

"နှင်းကို ငါက စတာပါ၊ စိတ်မဆိုးပါနဲ့ သူငယ်ချင်းရယ်"

ရွှေယင်းမာဦးက ကျွန်မကို ချော့လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို နှုမယ်လို့ပြောတော့ စိတ်ဆိုးတာပေါ့'

'ကဲ… ကဲ… ဒါဆို အလျှူလက်ဖက်နဲ့ မျက်နှာလွှဲလိုက်ဦးမယ်၊ ရော့… ရော့… ရေသန့်သောက်လိုက်ဦး'

ကိုမိုးသည်းဆီက ရေသန့်ဘူးကို လှမ်းယူပြီး ကျွန်မကို လှမ်းပေးလိုက်တယ်။

ရင်တုန်ပန်းတုန်ဖြစ်သွားတဲ့ ကျွန်မ ကိုမိုးသည်းဆီက ရေသန့်ကို သောက်လိုက်တယ်။ ဒီတော့မှ လန့်တာပြေသွားတယ်။

ကိုမိုးသည်းဟာ ကျွန်မရဲ့အကြိုက်ကိုသိတဲ့ အလိုက်သိသူပဲ။

အလန့်ပြေသွားတော့မှ ကျွန်မတို့အုပ်စု တောင်ပေါ်ကို တက်ခဲ့တယ်။ များမကြာမီမှာ တောင်ကလပ်ပေါ်ရှိတဲ့ ဆင်းတုတော်ဆီကို ရောက်ခဲ့တယ်။

ကျွန်မတို့ ရိုသေစွာဦးချလိုက်တယ်။

ဘုရားရိပ်၊ တရားရိပ်ဟာ တကယ်ပဲ အေးချမ်းခဲ့ပါတယ်။

ဘုရားဖူးပြီးတဲ့နောက်မှာ တန်ဆောင်းတစ်ခုမှာ အမော အပန်းဖြေခဲ့တယ်။





အတော်ကြာတော့ အာကာမိုးထက်တစ်ယောက် ကျွန်မဆီကို ရောက်လာတယ်။

'သဲစဉ်… နှင်းကို မျောက်အုပ်က ခြောက်လို့ဆို'

'အေးလေ… ငါဖြင့် လန့်သွားတာပဲ'

'နှင်းကို သူတို့မိတ်ဆွေမှတ်လို့ ခုန်တက်တာနေမှာ'

'ဩော်… ဒါဆို ငါက မျောက်ပေါ့၊ ဟုတ်လား'

'အေး… နည်းနည်းတော့ တူသလိုပဲ'

'သေနာကောင်'

ပြောပြောဆိုဆို အနီးနားက ကျောက်ခဲနဲ့ လှမ်းပေါက်လိုက်တယ်။ သူ ကျွန်မကို ပြောင်ပြပြီး ထွက်ပြေးသွားတယ်။ အာကာမိုးထက်ဟာ အစသန်တယ်။ လူတစ်ဖက်သားကို မခံချင်အောင် ပြောတတ်တယ်။ ဒါကြောင့် ကျွန်မနဲ့ မတည့်တာ။

သူ့ကိုတွေ့လိုက်တာနဲ့ တစ်ခုမဟုတ် တစ်ခု စိတ်ညစ်ရတယ်။ အမြဲတမ်းလိုလို ခုန်ပေါက်ပြေးလွှားပြီး ကလေးဆန်တဲ့ သူတစ်ယောက်ရဲ့ လက်ထဲကို ကျွန်မရဲ့ ချစ်မေတ္တာကို ဘယ်လို အပ်ရမှာလဲ။

တစ်သက်တာ လက်တွဲဖော်အဖြစ် ဒီလို စိတ်ညစ်စရာ၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးစရာတွေ ပြောတတ်တဲ့သူကို ဘယ်လိုစဥ်းစားရမှာလဲ။ အာကာကတော့ သိမယ်မထင်ဘူး။ ကျွန်မကိုစလို့ ပျော်တဲ့စိတ်နဲ့ သူ့သူငယ်ချင်းတွေနဲ့ ရယ်မောပြောဆိုနေလေရဲ့။

အာကာမိုးထက်ထွက်သွားပြီး မျှားမကြာမီမှာ ကိုမိုးသည်း တစ်ယောက် ရောက်လာတယ်။ သူ့လက်ထဲမှာ မုန့်တွေရယ်၊ အအေးဘူးတွေရယ်။

'ကျွန်တော်တို့အုပ်စု စားဖို့'

ပြောပြောဆိုဆို ကျွန်မနားမှာဝင်ထိုင်ပြီး ကျွန်မတို့ဝိုင်းက စားစရာတွေစားရင်း စကားတွေ အများကြီးပြောဖြစ်ခဲ့တယ်။

ကျွန်မတို့ဝိုင်းမှာ ရွှေယင်းမာဦးအပြင် အေမိဇ်တို့အုပ်စုပါ ရှိတယ်။ အေမိက ရွှတ်နောက်နောက်ပြောတတ်သူမို့…

'အေမိတို့ဝိုင်းကို အခုလို လာရောက်ကျွေးမွေးတဲ့ ကိုမိုး သည်းတစ်ယောက် ရုပ်ရှင်မင်းသားလို ချောပါစေ'

ကိုမိုးသည်းက ပြုံးနေတယ်။ သူ့ဘေးနားက သူငယ်ချင်း မြင့်မောင်မောင်က ဝင်ပြောလိုက်တယ်။

'အောင်မာ… အခုလည်း ကိုမိုးသည်းက မလှလို့လား ဒီကောင်က ရုပ်ရှင်မင်းသားလုပ်မယ် တကဲကဲဖြစ်နေ





တာ၊ သူ့အဖေက ခွင့်မပြုလို့၊ နို့မို့ရင် အခု နာမည်ကြီး နေတဲ့ မင်းသားတွေတောင် ထိုင်ငိုရမှာ'

'ဘာဖြစ်လို့လဲ'

'စိတ်ပျက်စရာကောင်းလွန်းလို့'

အားလုံး ဝိုင်းရယ်ကြတယ်။ အေမိက သူသိတဲ့ သတင်း တစ်ခုကို ဆက်ပြောပါတယ်။

'ဆရာက ပွဲများသားတဲ့၊ မနက်ဖြန်ကျရင် တောင်တက် ဝါသနာပါသူတွေကို ဟိုဘက်ကတောင်တွေကို တက် နိုင်းမလို့တဲ့၊ နင်တို့ရော လိုက်တက်ကြမှာလား'

'တက်မှာပေါ့၊ ဒီလိုတောင်တက်ဖို့ဆိုတာ အခွင့်အရေး တစ်ခုပဲ'

'သံစဥ်ရော တောင်တက်မှာလား'

'တက်မှာပေါ့ ယင်းမာရယ်၊ ဒေသန္တရဗဟုသုတဆိုတာ စာထဲမှာ မရှိဘူး'

'ကိုမိုးသည်းရော တောင်တက်မှာလား'

'သံစဥ်တို့အဖွဲ့နဲ့ဆိုရင် ဒီတောင်နဲ့မဆိုထားနဲ့၊ ဧဝရက် တောင်ဆိုလည်း တက်မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ရှင်ပိုပြီ'

အေမီက ပြုံးပြုံးကလေးခနဲ့ပြီး ပြောလိုက်တယ်။

ကျွန်မတို့စကားဝိုင်းကလေးဟာ ဟိုပြော သည်ပြော
ပျော်စရာစကားဝိုင်းလေးအဖြစ် စိုပြည်ခဲ့တယ်။

ညနေစောင်းရောက်တော့ ပုပ္ပားသား သင်တန်းမှူးဆ
ဦးကျော်ဟန်က သူ့ရဲ့ မွေးရပ်ရွာကို ခေါ်သွားခဲ့တယ်။

'ကျွန်တော်က ပုပ္ပားသားဆိုတော့ တစ်နှစ်တစ်ခေါ
ရောက်အောင် ပြန်တယ်၊ ပြန်တဲ့အခေါက်တိုင်းမှာလည်
တပည့်တွေပါတယ်၊ ကျွန်တော်တို့ဟာ ဒီနေ့ ပုပ္ပားတော
ကလပ်ကို တက်ခဲ့ပြီးပြီ၊ မနက်ဖြန်မှာတော့ ဟိုဘက်
ရွှေနားတောင်တို့ တခြားတောင်တွေ တက်ကြမယ
တပည့်တို့ လိုက်မယ်ဆိုရင် မနက်စောစောထကြ'

'ကောင်းပါပြီ ဆရာ'

ဒီတစ်ညတော့ ဆရာ့ရဲ့ မွေးရပ်ရွာမှာ တစ်ညအိပ်
တယ်။ မနက်စောစောထပြီး ကျောင်းသူကျောင်းသားတွေ
ဆရာက ကောက်ညှင်းပေါင်းနဲ့ ရေနွေးကြမ်း ကျွေးမွေးခဲ့တယ်
တောင်တက်မယ့်သူတွေဆိုတော့ အားလုံးက စပို့ရှ





ဘောင်းဘီရှည်နဲ့ တောင်တက်ဖိနပ်ကို ဝတ်ဆင်ထားကြတယ်။

လူငယ်လူရွယ်တွေဆိုတော့ အတွေ့အကြုံသစ်ကို ရယူ
ချင်တယ်။ တောင်တက်တာ ကျန်းမာရေးအတွက် အထူးကောင်း
မွန်တယ်။ ကြံ့ခိုင်တဲ့စိတ်၊ ခွန်မလျှော့တဲ့စိတ်ကို အရင်းခံပြီး အောင်
မြင်မှုပန်းတိုင်ဆီကို အရောက်လှမ်းမယ်ဆိုတဲ့ စိတ်ဓာတ်အင်အား
အပြည့်အဝကို ရရှိစေတယ်။

ကျွန်မတို့ဟာ ရွှေနားတောင်ဆီသို့ စတင်တက်ခဲ့ပါပြီ။

တောင်ကို စတက်ရမယ့်ဆိုတဲ့ အသိကပင် စိတ်မှာ
လန်းဆန်းပျော်ရွှင်နေပါတယ်။ တောင်စတက်မယ်ဆိုတော့ ကိုမိုး
သည်းက ကျွန်မနားရှောက်လာပြီး…

'တောင်တက်ရင် သတိထားတက်နော်'

လို့ တိုးတိုးကလေး ပြောသွားတယ်။

တောင်တက်တယ်ဆိုတော့ သတိထားရမှာပေါ့။ မတော်
လို့ ခြေချော်လက်ချော်ဖြစ်ခဲ့ရင်ဆိုတဲ့ အတွေးနဲ့ ရင်မှာ စိမ့်ခနဲ
အေးသွားတယ်။

ဆရာက ပြောပြတယ်။

'တပည့်တို့ ဖြည်းဖြည်းတက်နော်၊ ဒီတောင်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဂုန်းပင်တွေ၊ ဆေးပင်တွေ အစုံရှိတာကြောင့် ဝီရှာ
ဖော်ရို၊ တပေသီတွေလည်း ပေါးလောခူးတယ်၊ ဆေး
ကြိုက်တဲ့ ကျောက်ချဉ်ကြီးတွေလည်း ရှိတယ်"

ကျွန်မတို့ အားကြီးမာန်တက် တက်လာခဲ့ကြတယ်။ မှော
မကြာခင်မှာ တောင်ထိပ်ကို ရောက်လာခဲ့တယ်။

ဂုန်းပင်တွေ၊ ဆေးပင်တွေ အစုံရှိတာမို့ ကျွန်မတို့ အားလုံး စိတ်ဝင်စားကြတယ်။ ဒါကြောင့် ဟိုတစ်ခု၊ သည်တစ်ခု ကျွန်မတို့ လေ့လာရင်း ဟိုဟိုသည်သည် ကြည့်နေမိတယ်။ ကျွန်မ တို့ မိန်းကလေးတွေက ကြောက်တတ်တော့ အစွန်အဖျားကို မသွားဘူး အလယ်နားရောက်မှပဲ နေတယ်။

ကျွန်မလည်း သာယာလှတဲ့ တောင်ထိပ်ကနေ အခြေ
တစ်နေရာကို လှမ်းကြည့်မိတယ်။ စိမ်းစိုတဲ့ သစ်ပင်များ ခုံပ်ထူ
ဆိုင်းဆိုင်းနဲ့ ရှိနေတာတွေ့ရတယ်။

ဒါနဲ့ တောင်ထိပ်အစပ်တက်ကို အမှတ်မထင် လှမ်း
ကြည့်လိုက်မှာ အာကာမိုးထက်တစ်ယောက် တောင်ထိပ်အစွန်းနား
ရောက်နေတာ တွေ့လိုက်ရတယ်။

ကုန်းကုန်း ကုန်းကုန်နဲ့ ဘာတွေခူးနေမှန်း မသိဘူး





ဘာဘယ်ပဲ ကိုက်ကိုက်ဆိုင်ဆိုင် အစွန်နားက သစ်ပင်တစ်ပင်ကို ဆွဲအနုတ်မှာ...

"အောင်မယ်လေး... လုပ်ကြပါဦး"

ကျွန်မ လန့်ဖျပ်ပြီး အော်လိုက်မိတယ်။

ကျွန်မရဲ့မြင်ကွင်းမှာ အာကာမိုးထက် ရပ်နေတဲ့ မြေကြီး အစွန်းကလေး ပဲ့ထွက်သွားပြီး အာကာဟာ တောင်ထိပ်မှာ တွဲလောင်းကြီးဖြစ်နေတယ်။ ရုတ်တရက်မို့ အားလုံးကြောင်ပြီး ရပ်ကြည့်နေကြတယ်။

ကျွန်မရဲ့ မျက်စိတွေ ပြာဝေသွားတယ်။

ဒီအချိန်မှာ ကျွန်မရဲ့အော်သံကြောင့် ကျောင်းသားတစ်ဦး ပြေးလာတယ်။ တောင်အောက်ထဲ ကျလုလုဖြစ်နေတဲ့ အာကာမိုးထက်ရဲ့ လက်ကို ဆွဲတင်လိုက်တယ်။

နှစ်ယောက်စလုံး အရှိန်ကြောင့် လဲကျသွားတယ်။ သူတို့ လဲကျတဲ့အချိန်မှာ တောင်ထိပ်က မြေအစွန်းကလေးတစ်ချို့ ပြိုပြီး အလုံးလိုက် အောက်ကိုကျသွားတယ်။

"အောင်မယ်လေး... တော်သေးရဲ့"

"ကံကြီးပေလို့"



www.burmeseclassic.com

www.burmeseclassic.com



'အာကာ ဘယ်လိုနေသေးလဲ'

အဖြစ်အပျက်က လျှပ်တစ်ပြက်ပါ။ အာကာမိုးထက် ခြေချော်ပြီး တွဲလောင်းဖြစ်နေခိုက် အနီးမှာရှိတဲ့ ကိုမိုးသည်းက လှမ်းဆွဲပြီး အပေါ်ကို ပစ်တင်လိုက်လို့ အသက်ဘေးက သီသီကလေး လွတ်သွားတယ်။

ဆရာကအစ အားလုံးရင်တုန်ပန်းတုန်။

နှစ်ယောက်စလုံး လူးလဲထလိုက်တယ်။

ပြီးတော့ အားရဝမ်းသာနဲ့ တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်တယ်။

'ကိုမိုးသည်း ငါဟာ မင်းပေးတဲ့အသက်ပဲ ရှိပါတော့တယ်'

'သူငယ်ချင်းချင်းပဲကွာ၊ ရပါတယ်'

သူတို့နှစ်ဦးကိုအားလုံးက ကြည့်နေကြတယ်။

ဆရာက သူတို့ဆီကို ပြေးသွားရင်း...

'မောင်မိုးသည်းကို အရမ်းကျေးဇူးတင်ပါတယ်၊ မင်းသာ ရုတ်တရက် မကယ်ရင် အာကာဟာ တောင်အောက်ကို လိမ့်ကျသွားမှာပဲ'





ပြောဆိုရင်း ကိုမိုးသည်းကို လက်ဆွဲနှုတ်ဆက်လိုက်တယ်။

'ဖြောင်း...'

'ဖြောင်း...'

'ဖြောင်း...'

အားလုံးက ကိုမိုးသည်းကို သူရဲကောင်းတစ်ယောက်လို အထင်ကြီးပြီး ဂုဏ်ပြုခဲ့တယ်။

ကိုမိုးသည်းက ပြုံးပြီး အားလုံးကို လက်ပြလိုက်တယ်။

သူ့ကို အမြဲတမ်းလိုလို ရန်လုပ်နေတဲ့ အာကာမိုးထက် အသက်ကို သူကယ်လိုက်တယ်။ တကယ်လို့ သူကယ်တင်ချိန် မမီဘဲ မြေပြိုသွားခဲ့ရင် အာကာအတွက် သူ့အသက်ကို ပေးလိုက်ရမှာ။

ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ ကယ်တင်ခဲ့တာမို့ ပွဲမှာ ဆရာရဲ့ သူရဲကောင်းလို့ အမည်ပေးခဲ့ကြတယ်။

ကံကြမ္မာက ဆန်းကြယ်တယ်။

အမြဲတမ်း ရန်လိုနေတဲ့ အာကာမိုးထက်ရဲ့ စိတ်တွေ ပြောင်းလဲသွားပြီ။ အသက်သခင် ကျေးဇူးရှင်ဆိုတဲ့အသိနဲ့ အာကာ



www.burmeseclassic.com

www.burmeseclassic.com



တစေ့ ပျော့ကျွယ်နေတယ်။ ပြုံးရွှင်တဲ့ သူတို့နှစ်ယောက်ရဲ့ မျက်နှာဟာ ညီအစ်ကိုတွေလား ထင်မှတ်ရတယ်။

ဆရာက မိန့်ခွန်းချွေပါတော့တယ်။

"တောင်တက်တဲ့နေရာမှာ သတိရှိရမယ်၊ အလျှင်စလို မတက်ရဘူး၊ အရှိန်အဟုန်ကို မသွားရဘူး၊ အရှိန်မှာအ အမောင်ကို မေ့ရဘူး၊ တစ်နေ့တစ်ခုဖြစ်ခဲ့ရင် တာဝန်ရှိ နေပါလာတဲ့ ဆရာဟာ တာဝန်မကင်းဖြစ်မယ်"

"ဟုတ်ပါတယ် ဆရာ"

"ဂရုစိုက်တက်ပါ့မယ် ဆရာ"

ကျွန်မတို့အားလုံး ခွဲနားတောင်နဲ့ ဆက်နေတဲ့ တော တစ်တောင်ဘက်ကို ဆက်သွားခဲ့တယ်။

ခုနက အာကာရိုးထက်ရဲ့ အဖြစ်အပျက်ကြောင့် အား က သတိထားသွားရတော့ သိပ်မျော်ရော မကောင်းတော့ဘူး

ပိုဘက်တောင်ထိပ်မှာ ခေတ္တနားခဲ့ကြတယ်။

အောင်က ကျွန်မတို့နားမှာ လာထိုင်ရင်း...

"ပြောရဦးမယ်၊ ခုနက အာကာနဲ့အဖြစ်ကိုကြည့်ပြီး တော်တော်ရင်ခုန်သွားတယ်"





"ဒါဆို နင်က အာကာကို ကြွေနေလို့လား"

"မဟုတ်ရပေါင်ဟယ်... ကြွေချင်းကြွေရင် ကိုမိုးသည်းကိုပဲ ကြွေမှာပေါ့၊ နင်တို့ပြောတာနဲ့ စကားစပ်တောင် ဖြတ်သွားပြီ"

"ကဲ... ပြောမှာသာ ပြောပါဟယ်"

"ငါသိသလောက် အာကာနဲ့ ကိုမိုးသည်းဟာ တစ်ကောင်းစေနဲ့ မျက်စေ့ပဲ၊ အထူးသဖြင့် ကိုမိုးသည်းက သူ့ဘာသာသူနေတာ၊ အာကာက သွားသွားရှိနေတာ ငါမြင်တယ်၊ အခုတော့ အာကာရဲ့ အသက်ကို သူကယ်တင်ခဲ့တယ်"

"အေးလေ... ငါတို့လည်း တွေ့တာပဲ"

"ငါဆိုလိုချင်တာက တကယ်လို့သာ ကိုမိုးသည်းနေရာမှာ အာကာသာဆိုရင် ကိုမိုးသည်းကို ကယ်ပါ့မလား"

အောင်က သူ့အတွေးကို ပြောပြခဲ့တယ်။ ရွှေယဉ်မောင်းကလည်း သူ့အတွေးကို ပြန်ပြောခဲ့တယ်။

"ဟုတ်တယ်... အာကာသာဆိုရင် သူကယ်ချင်မှ ကယ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



'နင်တို့ကလည်းဟယ်… သူများရဲ့စိတ်ကို သိတာမှတ်လို့'

ကျွန်မက ဒီလိုဝင်ပြောလိုက်ပါတယ်။

'သူများရဲ့စိတ်ကို မသိပေမယ့် မှန်းဆပြောရတာပေါ့'

'သံစဉ် နင် သေသေချာချာကြည့်ပါလား၊ ကိုမိုးသည်းက အသက်နည်းနည်းကြီးပုံရတယ်'

'ဟုတ်တယ်… သူက အသက်နှစ်ဆယ့်သုံးနှစ်ဆိုတော့ ငါတို့ထက် တစ်နှစ်ကြီးတယ်'

'သူက လူကြီးဆန်တယ်၊ သည်းခံစိတ်ရှိပုံရတယ်၊ ဒါကြောင့် သူ့ကို အမြဲတမ်းရန်လိုနေတဲ့ အာကာမိုးထက်ကို ကယ်လိုက်တာနေမှာ၊ အာကာကျတော့ သူက အမြဲပဲ ကလေးဆန်တယ်၊ အနိုင်လိုချင်တယ်၊ နောက်ပြီး ပေါ့ရွှတ်ရွှတ်စကားတွေပြောပြီး နောက်ပြောင်တတ်တယ်၊ သူဟာ အနစ်နာခံတတ်တဲ့သူမျိုးနဲ့ မတူဘူး'

ကျွန်မတို့အုပ်စုက ဒီလို တွေးခေါ်ရှော်မြင်ပြီး ပြောဆိုနေချိန်မှာ အာကာမိုးထက်နဲ့ ကိုမိုးသည်းတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ပြုံးပြုံးရွှင်ရွှင်နဲ့စကားပြောနေတာ တွေ့လိုက်ရတယ်။





'ဟင်း… ငါတို့ကတော့ သူတို့အကြောင်း ပြောနေလိုက်ရတာ၊ သူတို့ကတော့ တစ်ယောက်နဲ့တစ်ယောက် သင့်မြတ်နေလိုက်တာ'

အေမီက ခါးကလေးထောက်ပြီး ရန်တွေ့သလို ပြောလိုက်တယ်။

'ဒါကြောင့် ပြောတာပေါ့၊ မိန်းကလေးရဲ့ စိတ်ခုတ်နဲ့ ယောကျ်ားလေးစိတ်ခုတ်ဟာ ကွာတယ်နော်'

ရွှေယင်းမာဦးက ဆက်ပြောလိုက်တယ်။

'ကဲပါ… တို့ကျောင်းသားအချင်းချင်း သင့်မြတ်တာ မကောင်းဘူးလား'

ကျွန်မက ဝင်ပြောလိုက်ရာ…

'ကောင်းပါတယ်… ကောင်းပါတယ်၊ ချိုသံစဉ်ရဲ့ သူငယ်ချင်းနှစ်ယောက်စလုံး ကောင်းကြပါပေတယ်'

'ဟင်… ကောင်မစုတ်တွေ၊ ကဲကိုကဲတယ်'

ကျွန်မက မျက်စောင်းကလေးထိုးကာ ပြောလိုက်ပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

ထုံးစံအတိုင်း ကိုမိုးသည်းတစ်ယောက် ကျွန်မအနားကို ရောက်လာခဲ့တယ်။ ကိုမိုးသည်းတစ်ယောက် ကျွန်မအနားကို ရောက်လာခဲ့ တယ်။

ကျွန်မကို လှမ်းပြုံးပြတဲ့အတွက် ပြန်ပြုံးပြပြီး…

'ကိုမိုးသည်းကို ဂုဏ်ယူမပါတယ်၊ ကွန်ဂရက်ကျူလေး ရှင်း'

ကျွန်မက ဒီလိုပြောလိုက်တော့…

'ဒီလောက်လည်း မဟုတ်ပါဘူး သံစဉ်ရယ်၊ ကျွန်တော့် ရှေ့မှာ အန္တရာယ်ကျရောက်နေတဲ့သူ ဘယ်သူမဆို





ကျွန်တော် ကယ်နိုင်သမျှ ကယ်မှာပဲ၊ အခုလည်း ကျွန်တော်က သူ့အနားမှာရှိနေတာ၊ တိုက်ဆိုင်သွားလို့ ကယ်ဖြစ်တာပဲ၊ အထူးအထွေမရှိပါဘူး'

'ဒါပေမဲ့ ရှင်မကယ်ရင် မြေကြီးပြိုပြီး အာကာ ဒုက္ခ ရောက်သွားမှာပေါ့'

'သူ ကံကြီးလို့ပါ'

'ဟုတ်မှာပေါ့'

'ခုနက ဆရာက လာပြောတယ်၊ ဒီနေ့ည ရွာမှာ ကျွန်တော့်ကို ဂုဏ်ပြုပွဲလုပ်တဲ့အနေနဲ့ မီးပုံပွဲကလေး တစ်ခု လုပ်ပေးမယ်လို့ ပြောတယ်၊ ကျွန်တော်တောင် ဆရာ့ကို အားနာသွားတယ်'

'ဒါဆို ကောင်းတာပေါ့'

ဒီလိုပြောပြီး ကိုမိုးသည်း လှည့်ထွက်သွားတယ်။ သူ သွားပြီး မကြာခင်မှာ အာကာမိုးထက် ကျွန်မဆီကို ရောက်လာ ခဲ့တယ်။

'ခုနတုန်းက ဖြစ်ရပ်ဟာ ငါသေသွားနိုင်တယ် သံစဉ် ရဲ့ ကံကောင်းလို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ငါတောင် မျက်လုံးတွေ ပြာဝေသွားတယ်

'နင်က ငါ့သေမှာကို စိုးရိမ်တယ်၊ ဟုတ်လား'

'ဟုတ်ပါလိမ့်မယ် အားကြီး၊ နင်သာသေသွားရင် နင့်

အမေကို ငါ ဘယ်လိုပြောမှန်းတောင် သိမှာမဟုတ်ဘူး

ဒါကြောင့် စိုးရိမ်တာ'

'ဟုတ်တယ် သံစဉ်၊ ငါသာ တကယ်လို့ သေသွားခဲ့ရင်

ဒီတစ်ဦးတည်းသော သားကလေးအတွက် အမေ ဘယ်

လောက်ဝမ်းနည်းမလဲ မသိဘူး'

'ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ၊ ဘာတွေလာပြောနေမှန်း

မသိဘူး'

ကျွန်မက လန့်ဖျပ်ပြီး ပြောလိုက်တယ်။ ကျွန်မရှေ့က

အာကာမိုးထက်တစ်ယောက်လည်း ယောင်ချာချာနဲ့ ထွက်သွား

တယ်။

သူလည်း သေခြင်းတရားကို ဆင်ခြင်မိလို့ ထင်ပါရဲ့

သည်နေ့ည ကျွန်မ တည်းခိုတဲ့အိမ်ရှေ့က မြေကွက်လပ်

ကြီးမှာ ဂုဏ်ပြုတဲ့ မီးပုံပွဲကလေးတစ်ခု လုပ်ခဲ့တယ်။

ဆရာဟာ တပည့်တွေ ပျော်ရွှင်တာကို အလွန်ပဲမြင်ချင်





တဲ့သူပါ။ သင်တန်းကရတဲ့ ငွေအချို့ကို တပည့်တွေအတွက်

လေ့လာရေးခရီးစဉ် လုပ်ပေးခဲ့တယ်။

ညရှစ်နာရီလောက်မှာ မီးပုံပွဲစခဲ့တယ်။

ပထမဦးစွာ ကိုမိုးသည်းကို ဂုဏ်ပြုတဲ့အစီအစဉ်ကလေး

နဲ့ စတင်ဖွင့်လှစ်ခဲ့တယ်။

'ဆရာဟာ ဒီမီးပုံပွဲလုပ်ဖို့ အစီအစဉ်မရှိခဲ့ပါဘူး၊ ဒါပေမဲ့

အတန်းဖော်အချင်းချင်း အန္တရာယ်ဖြစ်ရင် ကူညီရိုင်းပင်း

ရမယ်ဆိုတဲ့ စိတ်ထားရှိသူ မောင်မိုးသည်းရဲ့ တာဝန်သိ

မှုကို ဂုဏ်ပြုချင်လို့ ဒီပွဲကလေးကို စီစဉ်ပေးခဲ့တာပါ'

'ဖြောင်း…'

'ဖြောင်း…'

'ဖြောင်း…'

'ဆရာဟာ မောင်မိုးသည်းကို ဂုဏ်ပြုလက်ဆောင်နဲ့

ချီးမြှင့်မှာဖြစ်လို့ ဂုဏ်ပြုလက်ဆောင် ရယူရန် ဒီနေရာကို

ကြွရောက်ပါ'

ဆရာက မိုက်ကလေးနဲ့ လှမ်းပြောလိုက်ပါတယ်။

လူအုပ်ကြားထဲက ကိုမိုးသည်း ထွက်လာပြီး ဆရာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတယ်။ ဆရာက ဂုဏ်ပြုလက်ဆောင်အဖြစ် ဘူး ကလေးတစ်ဘူးကို ပေးလိုက်တဲ့အခါ ကိုမိုးသည်းက ခေါင်း ကလေးငုံ့ပြီး ရယူလိုက်တယ်။

'ဖြောင်း...'

'ဖြောင်း...'

'ဖြောင်း...'

အုပ်ထိန်းသူ ဆရာနဲ့ ကျောင်းသူ ကျောင်းသားတွေရဲ့ လက်ခုပ်သံတဖြောင်းဖြောင်း ပေါ်ထွက်လာခဲ့တယ်။

'မောင်မိုးသည်းလို မြင့်မြတ်တဲ့စိတ်ထားမျိုး တယ္ကာ အားလုံးမှာ ရှိပါစေ'

ဆရာက ကိုမိုးသည်းနဲ့ ပတ်သက်ပြီး ဆုတောင်းပေး လိုက်ပါတယ်။ ဂုဏ်ပြုလက်ဆောင်ယူပြီး ပြန်အလာ ကိုမိုးသည်း ကျွန်မကို လှမ်းကြည့်လိုက်တယ်။

ကျွန်မကလည်း သူ့ကိုအကြည့် အကြည့်ချင်းဆုံတော့ ရင်ခုန်သွားတယ်။

ယောက်ျားလေးဘက်မှာ ထိုင်နေတဲ့ အာကာမိုးထက်ကို လှမ်းကြည့်လိုက်တော့ ပြုံးပြီးကြည့်နေတာ တွေ့လိုက်ရတယ်။





ကံကောင်တဲ့ဆရာဟာ ကျွန်မတို့ဘဝကလေးတွေကို သူလို အလိုဖြစ်အောင် ကြိုးစွဲခဲ့လေသလား။

ဘာပဲဖြစ်ဖြစ် သူတို့နှစ်ဦးသင့်မြတ်တော့ ကျွန်မ စိတ် ချမ်းမြေ့ခဲ့ရတယ်။

ဂုဏ်ပြုအပြီးမှာတော့ အားလုံးဟာ စီးပွဲတေားမှာ ဝိုင်းထိုင် ကြတယ်။ အာကာမိုးထက်တို့အဖွဲ့မှာ ဂစ်တာလေးငါးလက်ပါ တော့ ဂစ်တာတီးပြီး သီချင်းဆိုဖြစ်သွားတယ်။

ကျွန်မတို့အုပ်စုထဲက မိန်းကလေးတချို့လည်း သီချင်းဆို ကြတယ်။ အေးဒီက မြူမြူကျော်သိန်းလို့ အသံကောင်းတော့ မြူမြူကျော်သိန်းရဲ့ သီချင်းတစ်ပုဒ်နဲ့ ဂစ်တာဝိုင်းကို ဖျော်ခဲ့တယ်။

သီချင်းခေါင်းစဉ်က 'လုံးဝ မသက်ဆိုင်တော့ပါ'

အေးဒီအသံက မြူမြူကျော်သိန်းလို့ အသံမျိုးဆိုတော့ မြူမြူကျော်သိန်း ဘာကာယ်လာဆိုနေသလား မှတ်ရတယ်။

အေးဒီ သီချင်းဆိုပြီး ပြန်အလာမှာ ကောင်လေးအုပ်စု က...

'လုံးဝသက်ဆိုင်ချင်တယ်' လို့ လှမ်းအော်ကြတယ်။

နောက်တော့ ကောင်မလေးတွေနဲ့ ကောင်လေးတွေ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပြီးတစ်ယောက် သီချင်းဆိုကြတယ်။ မကြာမီ ဂစ်တာ တီးပြီး ရောက်လာသူကတော့ အာကာမိုးထက်ပဲ ဖြစ်တယ်။

'ကျွန်တော် ပထမဦးစွာ ပြောချင်တာကတော့ ကျွန်တော့်ရဲ့ အသက်ကို ကယ်တင်လိုက်တဲ့ ကိုမိုးသည်းကို ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်၊ နောက်တစ်ခုကတော့ ကျွန်တော်က သိပ်ချစ်တဲ့ ကောင်မလေးတစ်ယောက် ရှိတယ်၊ အခုအချိန်မှာ ကျွန်တော်ဟာ သူ့ကြောင့် ယဉ်ယဉ်လေးရူးနေပြီး၊ ဒါကြောင့် R ဇာနည် သီဆိုထားတဲ့ ယဉ်ယဉ်လေးရူးဆိုတဲ့ သီချင်းနဲ့ ဖျော်ဖြေပေးမှာ ဖြစ်ပါတယ်'

*'တကယ်ဆိုရင်လေ xxx မင်းနဲ့တို့ကြားက xxx ထားရှိခဲ့ကြတဲ့ အကြင်နာချင်း xxx နားလည်မှုလွဲလို့ တို့ဝေးခဲ့ပြီ xxx ကိုယ့်မှာ ယဉ်ယဉ်လေးရူး xxx စဉ်းစားတိုင်း ငါရူး xxx ယော်ချစ်ဦး xxx ဟူး ဟူး xxx'*

ဂီတသံစဉ်မှာ နစ်မျောသွားသလားမသိအောင် သီဆိုနေလေရဲ့။ သူဟာ ကျွန်မနဲ့ ရှင်းနှီးမှန်း လူတော်တော်များများ သိကြတယ်။ သူက ဒီသီချင်းကိုဆိုတော့ အားလုံးလိုလို ကျွန်မကို





လှမ်းကြည့်ကြတယ်။ အာကာမိုးထက်ကလည်း အခွင့်သင့်တုန်း ကျွန်မသိအောင် ရင်ဖွင့်ပြလိုက်တာပဲ။

သူ တကယ်ပဲ ယဉ်ယဉ်ကလေးရူးနေမှန်း ကျွန်မသိတယ်။ ဒါပေမဲ့ ကြမ်းတမ်းတဲ့ သူ့ရဲ့အမူအရာ၊ အပြောင်အလှောင် နောက်နောက်ပြောတတ်တဲ့ စကားတွေကို မနှစ်သက်လို့ ခပ်တည်တည်နဲ့ နေခဲ့တယ်။ အခုလည်း ပတ်ဝန်းကျင်ရဲ့ အကြည့်တွေကို ကျွန်မ ရင်မဆိုင်ရဲဘူး။

ဒါကြောင့် ကျွန်မ ဖြုတ်ခနဲ အဲဒီနားက ထသွားခဲ့တယ်။ မီးပုံပွဲနဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ သစ်ပင်ကြီးတစ်ပင်ရဲ့အောက်မှာ။ ဒီအချိန်မှာ ကောင်းကင်က ငွေလမင်းရဲ့ အလင်းဖျော့ကလေးတွေ ကျွန်မကိုယ်ပေါ်သို့ ဖြာထွက်ကျရောက်လာခဲ့တယ်။

ပုပ္ပားမြေရဲ့ နောက်ဆုံးညမှာ အလင်းဖျော့ကောင်းကင်ကြီးကို ငေးကြည့်နေမိတယ်။ ရင်ထဲမှာ တကယ်ကို ကြည်နူးအေးချမ်းလို့နေလေရဲ့။ အတွေးထဲမှာ နစ်မြောလို့နေချိန်မှာ သစ်ရွက်ဝါကလေးများပေါ်ကို ဖွဖွကလေးနင်းလာတဲ့ ခြေသံကို ကြားလိုက်ရတယ်။

'ဖြောက်…'



www.burmeseclassic.com

www.burmeseclassic.com



"ဖြောက်…"

"ဖြောက်…"

ကျွန်မတော ဖျတ်ခနဲ လှမ်းမကြည့် လရောင်အောက်မှာ... ကျွန်မဆီကို လှမ်းလာသူတစ်ယောက်။

မှုန်ပျတဲ့ အလင်းအောက်မှာ ဖြစ်ပေမယ့် သူဟာ ကိုမိုး... သည်းဆိုတာ သိလိုက်တယ်။

"သိစဉ်"

တိုးသက်ညင်သာတဲ့ သူ့ရဲ့အသံကလေးကို ကြားလိုက်... ရတယ်။

"ရှင်… ကိုမိုးသည်း"

ကျွန်မက မော့ကြည့်ပြီး ပြန်ထူးလိုက်တယ်။

"ကျွန်တော် ဒီနားမှာထိုင်မယ်နော်"

ဒီလိုပြောရင်း ကျွန်မဘေးမှာ ဝင်ထိုင်လိုက်တယ်။

ယောကျ်ားလေးတစ်ယောက်နဲ့ ဒီလို နီးကပ်စွာမထိုင်... ဖူးတဲ့ ကျွန်မဟာ ရင်တွေ တဒိန်းဒိန်းခုန်လာတယ်။

တကယ်တော့ ဒီလိုအနေအထားမျိုးဟာ ချစ်သူတွေ... အချစ်ညပဲ။ မှုန်ပျတဲ့အလင်းအောက်မှာ အနီးကပ်ထိုင်ရင်း ...





...အားတွေ ဆိုနဲ့ကြတယ်။ အခုတော့ လမင်းကြီးကိုကြည့်ပြီး ...ခိုးသား ဘာစကားမှမဆိုနိုင်အောင် မိန်းမောနေကြတယ်။ ...နိုက်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်တာကတော့ ကိုမိုးသည်းပါပဲ။

"ဒီလို လရိပ်အောက်မှာ သိစဉ်အနားမှာ ထိုင်ခွင့်ရတာ ကျွန်တော် အရမ်းပျော်ရွှင်မိတယ်၊ ဒါပေမဲ့ ဒီလိုအပျော် ကလေးဟာ တစ်ခဏပါပဲ၊ မနက်ဖြန်ဆိုရင် ကျွန်တော် တို့ ရန်ကုန်ကို ပြန်ကြရတော့မယ်နော်"

"ဟုတ်ပါတယ်"

"ရန်ကုန်ပြန်ရောက်ရင် သိစဉ်အနားမှာ နေခွင့်ရမှာ မဟုတ်ဘူး"

သူက လှမ်းလှမ်းဆွေးဆွေး ပြောလိုက်တယ်။

ဟုတ်ပါတယ်။ ကျွန်မတို့ ရန်ကုန်ပြန်ရောက်ရင် ဒီလို ...မှာရဲ့ ရောက်ဆုံညှ အလင်းအောက်မှာ နှစ်ကိုယ်တူတွဲပြီး ...တားပြောခွင့်ရတော့မှာမဟုတ် တောင်မိ။

သူ့ရဲ့ စကားပြောခွင့်ရတဲ့ ဒီညကလေးဟာ ကျွန်မ အတွက် ...သူလိုပဲ ဝမ်းသာကြည်နူးမိတယ်။

"ဒါနဲ့ ကျွန်တော်လာတာ သိစဉ်နဲ့ လက်ဆောင်ရှည်း



www.burmeseclassic.com

www.burmeseclassic.com



ချင်း လဲမလို့ပါ'

'ဟုတ်ပါတယ်၊ သီချင်းဆိုပြီးရင် မီးပုံပွဲရဲ့ အထိမ်းအမှတ်အဖြစ် လက်ဆောင်ပစ္စည်း လဲရမယ်ဆိုတာ ပြောထားတယ်'

'ဟုတ်တယ် သံစဉ်၊ လက်ဆောင်လဲဖို့ မနိုက်ရမှာဆိုတော့ ကျွန်တော်နဲ့ လက်ဆောင်လဲမယ့်သူဟာ သံစဉ်ဖြစ်ချင်မှဖြစ်မှာ၊ ဒါကြောင့် စောစောစီးစီး သံစဉ်ဆီကို ပြေးလာခဲ့တာ'

BURMESE CLASSIC .com

ပြောပြောဆိုဆို ဖဲကြိုးအပြာကလေးနဲ့ ချည်နှောင်ထားတဲ့ဘူးကလေးကို လှမ်းပေးလိုက်တယ်။ ကျောင်းသူ ကျောင်းသားချင်း လက်ဆောင်ပစ္စည်းလဲရမယ်ဆိုတော့ ကျွန်မ မယူလို့မဖြစ်၊

လှမ်းလင့်လို့ ယူလိုက်တယ်။

ပြီးတော့ လက်ဆောင်ပစ္စည်းချင်းလဲဖို့ အသင့်ယူလာတဲ့ဘူးကလေးကို သူ့ကို ပေးလိုက်တယ်။ အဲဒါကတော့ ရွှေရောင်တောက်ပနေတဲ့ တန်ဖိုးကြီးတဲ့ ဘောလ်ပင်တစ်ချောင်း ထည့်ထားတဲ့ ဘူးကလေး။

သူ့ဆီက ဒီလို အလိုက်သိသိနဲ့ လာပေးတဲ့ လက်ဆောင်





ဘူးမျိုး ရလိမ့်မယ်လို့ ကျွန်မ တွေးထင်မထားခဲ့ဘူး။

သူကလည်း ကျွန်မဆီက လက်ဆောင်ပစ္စည်း ရလိမ့်မယ်လို့ မျှော်မှန်းထားမှာ မဟုတ်ဘူး။

မိန်းကလေးတစ်ယောက်ဟာ ကိုယ်မမျှော်မှန်းပေမယ့် ကိုယ်ရင်ခုန်တဲ့ လူတစ်ယောက်ဆီက လက်ဆောင်ပစ္စည်းလေး ရတဲ့အခါ အဖိုးတန်တယ်ဖြစ်စေ၊ အဖိုးမတန်တယ်ဖြစ်စေ ဘာပဲဖြစ်ဖြစ် ကြည်နူးရင်ခုန်တတ်တဲ့ ခံစားမှုတစ်ခု ရင်ထဲကို ဖျတ်ခနဲတိုးဝင်လာခဲ့တယ်။

သူ ဘာလက်ဆောင်ပေးသလဲဆိုတာ ကျွန်မ သိချင်လိုက်တာ။

ဒီလိုစဉ်းစားမိပေမယ့် ဒီနေရာဟာ အလင်းဖျော့နေလို့ သဲကွဲစွာ မြင်ရမှာမဟုတ်ဘူး။

သူပေးတဲ့ လက်ဆောင်ဘူးကလေးကို နှစ်သက်စွာနဲ့ ကျွန်မရဲ့ရင်မှာ ပိုက်ထားလိုက်တယ်။ ကိုမိုးသည်းသုံးတဲ့ ရေမွှေးနံ့လေး ညစ်သာစွာ တိုးဝင်လာခဲ့တယ်။ တကယ်တော့ အချစ်ညမဟုတ်ပေမယ့် မုယွားရဲ့ ရင်ခုန်ကြည်နူးရတဲ့ ညတစ်ညပါပဲ။

သူပေးတဲ့ လက်ဆောင်ဘူးကလေးကို လက်ကိုင်အိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်လိုက်တယ်။ မီးပုံပွဲဆီကို ပြန်အလာမှာ...

'သဲစဥ် နင်ဘယ်သွားနေတာလဲ၊ ငါလိုက်ရှာနေတာ ကြာပြီ'

ကမူးရှူးထိုးနဲ့ အာကာမိုးဆက် ရောက်လာတယ်။

'ဘာလုပ်မလို့လဲ အာကာ'

'အမှတ်တရ ပစ္စည်းချင်းလဲမယ်လေ'

'အဲဒါ မနိုက်ရှူး မဲကျတဲ့လူနဲ့ လဲရမှာ၊ နင်နဲ့ ဘာဆိုင် လို့လဲ'

'ငါက နင့်နဲ့ပဲ လက်ဆောင်ချင်းလဲချင်တာ'

အမြဲတမ်း ရောက်ကျနေတဲ့ အာကာရယ်။ အခုလည်း နင် ရောက်ကျသွားပြီလို့ ပြောချင်လိုက်တာ။ အခုတော့ ကျွန်မ သူနဲ့ လက်ဆောင်ပစ္စည်းချင်းလဲဖို့ ဘာမှမရှိတော့တာ အမှန်

'လက်ဆောင်ပစ္စည်းလဲစရာ ငါမှာဘာမှမရှိဘူး အာကာ

'အေးလေ... နင်က အမြဲတမ်း အေးစက်စက်နဲ့၊ နေ တယ်ဟာ'

ဒီလိုပြောပြီး ကျွန်မ ရှေ့ကထွက်သွားတယ်။

ကျွန်မက အိပ်ခန်းဆောင်ဆီကို သွားခဲ့တယ်။ အခန်း





ရောက်တော့ သူပေးတဲ့ လက်ဆောင်ပစ္စည်းကလေးကို ဖွင့်ကြည့် လိုက်တဲ့ခါ...

'ဟာ... လက်စွပ်ကလေးပါလား'

လက်စွပ်ကလေးကို ကိုင်ကြည့်မိတယ်။ ငွေစပ်လက်စွပ် လို ပုံစံမျိုး။ ဘူးကလေးထဲမှာ စာကလေးတစ်စောင်လည်း ပါတယ်။ စာကို ဖွင့်ဖတ်လိုက်တော့...

*'သဲစဥ်ရဲ့အချစ်ကို ရယူပိုင်ဆိုင်ချင်တယ်။*

*ရှန်ကျန်ရောက်ရင် အချစ်ပေးပါနော်'*တဲ့။

ဒါဟာ ကျွန်မကို ချစ်ရေးဆိုထားတာပဲ။ အေးစက်စက် နဲ့၊ ဘယ်တော့မှ ချစ်စကားမဆိုတော့ဘူးလို့ ထင်ထားတဲ့ ကိုမိုး သည်းရဲ့အချစ်ကို ကျွန်မ တွေ့လိုက်ရတယ်။

လက်စွပ်ကလေးနဲ့ စာလေးကို ဘူးထဲမှာ ပြန်ထည့်လိုက် တယ်။ ဘူးကလေးကို ကျွန်မရဲ့ ရင်ခွင်မှာပိုက်ထားရင်း ရွှေးမွေး တဲ့အသိကို ခံစားလိုက်ရတယ်။

'ဟိတ်... ကောင်မလေး'

'အောင်မယ်လေး... လန့်လိုက်တာ'

'တစ်ယောက်တည်း ဘာတွေကြည့်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှမဟုတ်ပါဘူး'

ကျွန်မက ဘူးကလေးကို မသိမသာ ဝှက်လိုက်ပါတယ်။ ရွှေယင်းမာဦး လှမ်းမြင်သွားပြီး ဝှက်ထားတဲ့နေရာကို သွားရှာလို့ ကျွန်မနဲ့ သူ လုံးထွေးခဲ့ကြတယ်။

'အောင်မယ်လေး... မောလိုက်တာ'

နောက်ဆုံးမှာတော့ ကိုမိုးသည်းပေးထားတဲ့ လက်ခေါင်ဘူးကလေးကို ရွှေယင်းမာဦး ရသွားတယ်။ သူဖွင့်လိုက်တဲ့အခါ...

'လက်စွပ်ကလေးတော့'

'ဒီမှာလည်း စာတစ်စောင်'

'အောင်မာ... အောင်မာ... သံစဉ်ရဲ့အချစ်ကို ရယူပိုင်ဆိုင်ချင်တယ်တဲ့၊ ရန်ကုန်ရောက်ရင် အဖြေပေးပါနော်တဲ့'

ရွှေယင်းမာဦးက ကိုမိုးသည်းရဲ့စာကို မဲ့ကာရွဲ့ကာ ဖတ်နေတယ်။

'ဟင်း... အမြင်ကတ်လိုက်တာနော်' လို့ ပြောပြီး ကျွန်မ သူ့ဆီကစာကို ဆွဲယူလိုက်တယ်။

'ဒါကြောင့် ပြောတာပေါ့၊ ကိုမိုးသည်းဟာ နင့်ဆီကို





တစ်နည်းမဟုတ် တစ်နည်းနဲ့ ချဉ်းကပ်မှာပါဆို'

'ဒါဆို ငါဘာလုပ်ရမလဲ'

'ကိုမိုးသည်းဟာ နင့်ကို တကယ်ချစ်မချစ် သိဖို့လိုတယ်၊ သူတို့နှစ်ဦးရဲ့ ပြိုင်ပွဲမှာ နင့်ကို ဖြေဓာပင် မဖြစ်စေချင်ဘူး'

'ငါကလည်း အဖြစ်မခံပါဘူး'

'ကဲပါ သူငယ်ချင်းရယ်၊ မနက်စောစောထရမှာဆိုတော့ အိပ်ပါတော့'

'အေးပါ ယင်းမာရယ်'

ကျွန်မတို့နှစ်ယောက် အတူတူအိပ်လိုက်ကြတယ်။

ကျွန်မကတော့ တော်တော်နဲ့ အိပ်မပျော်ဘူး။ အေးမြတဲ့ ထရောင်ရိပ်မှာ မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့တဲ့ ကိုမိုးသည်းရဲ့ ရုပ်သွင်ကို မျက်စိထဲမှာ ပေါ်နေတယ်။ သူ့ကိုတွေ့တာနဲ့ ကျွန်မရဲ့စိတ်တွေ ကြည်နူးချမ်းမြေ့ခဲ့တယ်။

ဒါဟာ အချစ်လား၊ ကျွန်မ သူ့ကို ချစ်နေမိပြီလား။

ဒါပေမဲ့ သူနဲ့ အာဏာမိုးထက်တို့ရဲ့ ပြိုင်ပွဲကြောင့် ကျွန်မရဲ့အချစ်ကို ရယူချစ်တာဆိုရင် သူ့ကို ချစ်ခွင့်မပြုနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ အတွေးတွေ ယောက်ယက်ခတ်နေလို့ အဖုအထစ်ကို ကောင်းစွာဖော်ပြနိုင်ဘူး။

အချစ်ဆိုတာ မန်တီးယူလို့မရတဲ့ နှလုံးသားထဲက မြစ်ဖျားတည်မှုတစ်ခု။ လက်ထပ်ဖို့ဆိုတာက ဘဝတစ်လျှောက်လုံးရဲ့ လက်တွဲဖော်။

နှလုံးသားတစ်ခုရဲ့ 'ရွေးလို့မရဘူး။ ဦးနှောက်နဲ့ပါ' စဉ်းစားရမယ့်ကိစ္စ။ တစ်သက်တာ လက်တွဲဖော်ရဲ့ ကျွန်မ စိတ်ချမ်းသည်းနေစေဖို့ လိုအပ်တယ်။

ကိုမိုးသည်းရယ် ရှင့်ကို ဘယ်လိုလုပ်ပြီး လက်တွဲဖော်အဖြစ် ရွေးရမလဲ။ ရှင့်ရဲ့စိတ်ဓာတ်ကို စောင့်ကြည့်ဖို့တော့ လိုပြီလို့ ကျွန်မ စဉ်းစားမိတယ်။

ကျွန်မသော အတွေးတွေနဲ့ တလှုးလှုး တလိမ့်လိမ့်ဖြစ်နေတယ်။

တောမှာတော့ ရွှေယင်းမာဦးကတော့ တခေါ်ခေါ်နဲ့ ပေါက်လိုက်သေးတယ်။

အပူအပင်မရှိတဲ့သူဆိုတော့ အေးအေးဆေးဆေး အိပ်စက်နိုင်တာပေါ့။



BURMESE CLASSIC



ကျွန်မဟာ အချစ်ဆိုတဲ့အရာနဲ့ တွေ့ထိမိတဲ့အချိန်ကစပြီး အိပ်လို့မပျော်နိုင်တဲ့ အတွေးမှုင်တွေ တိုးဝင်လာခဲ့တယ်။

ဒါဆိုရင်တော့ ခက်ရချည်သေးတယ် ကိုမိုးသည်းရယ်။

လင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားခဲ့တယ်။

'သံစဉ်' ထတော့၊ ခရီးထွက်ရတော့မယ်'

'အေး… အေး…'

ကမူးရှူးထိုးထပြီး မျက်နှာသစ်တာ ကားပေါ်ကိုတက်ခိုက်တယ်။ ကားပေါ်မှာ လူတော်တော်များများ ရောက်နေပြီ။ ဆီသော လှမ်းကြည့်လိုက်တော့ ကိုမိုးသည်းကို တွေ့လိုက်တယ်။

သူက • အပြုံးကလေးတစ်ချက်ဝင့်ပြီး နှုတ်ဆက်လိုက်တယ်။

ကျွန်မလည်း သူ့ကို ပြန်ပြုံးပြလိုက်တယ်။

အဲဒီအချိန်မှာမှ ဂစ်တာကိုင်ပြီး ရွေးလာတဲ့ ဆော်တီနိုက်ခိုနန် (ဒီမဟုတ်) အာကာမိုးထက်ကို လှမ်းတွေ့လိုက်ရတယ်။

အာကာမိုးထက် ကားပေါ်တက်လာတဲ့အခါ ဝေယံဟာ အောင်မှုလားက လှမ်းအော်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'အားလုံး လူစုံပြီ ဆရာ၊ ကားထွက်လို့ရပြီ'

မကြာမီ ကျွန်မတို့ စီးနင်းလာတဲ့ ကားကြီးဟာ စတင်ထွက်ခွာလာခဲ့တယ်။ ချမ်းမြေ့ပျော်ရွှင်ခဲ့တဲ့ ပုပ္ပားမြေကို ကျွန်မတို့ နှုတ်ဆက်ခဲ့ရပြီ။

အားလုံးရဲ့ အတွေးအိမ်မှာ ကြည်မွေ့ခဲ့တဲ့ နေရာကလေးက ခွဲခွာရတာမို့ စိတ်မကောင်းဖြစ်နေကြတယ်။ အားလုံး အတွေးကိုယ်စီနဲ့။

ကားစထွက်တာနဲ့ ဂစ်တာ တခေါင်ခေါင်တီးတတ်တဲ့ အာကာမိုးထက်တို့ အုပ်စုတွေတောင် ဂစ်တာမတီးနိုင်ဘဲ ငြိမ်ပြီးလိုက်ပါလာခဲ့တယ်။

ထနောင်းပင် ညိုညိုကလေးများကို ကျွန်မ ဖြတ်သန်းခဲ့ကြပြီ။

ဟိုနားက တောင်ကမူထိပ်မှာ မျောက်မိသားစုတစ်အုပ်ထိုင်နေတာ တွေ့ရတယ်။ ပုပ္ပားမြေကအပြန် ဧည့်သည်တွေကို နှုတ်ဆက်ဖို့ စောင့်နေသလိုပဲ။ မျောက်အုပ်စုကို ကျော်ဖြတ်ပြီး ရန်ကုန်ဒေသဆီကို ခရီးနှင်နေပါပြီ။

နှုတ်ဆက်ခဲ့ပါတယ် စကားဝါမြေရယ်။





အေးချမ်းမှု အပြည့်အဝရရှိခဲ့တဲ့ ဒီပုပ္ပားမြေကို ကျွန်မ ဘယ်တော့မှ မေ့နိုင်လိမ့်မယ် မဟုတ်ပါ။

စိတ်အတွေးများ ပျံ့လွင့်ရင်း သည်မြေနဲ့ဝေးတဲ့အရပ်ဆီကို ခရီးနှင်ခဲ့ရတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

"ဟာ… သမီး ပြန်ရောက်လာပြီ"

မေမေက ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်လိုက်တယ်။

"ဟိုမှာ သမီး ပျော်ခဲ့လား"

ဘွားဘွားကြီးက မေးလိုက်တယ်။

"ပျော်ပါတယ် ဘွားဘွားကြီး"

မေမေက အိမ်နောက်ဖေးက ထွက်လာပြီး…

"မေမေတို့ကိုတောင် သတိမှုရသေးရဲ့လား သမီး"

"သိပ်သတိရတာပေါ့ မေမေ၊ ဒီမှာ မေမေတို့အတွက် လက်ဆောင်ပစ္စည်းတွေ ဝယ်လာခဲ့တယ်"





ပုဂံ-ညောင်ဦးက ဝယ်လာခဲ့တဲ့ ယွန်းပစ္စည်းတွေရယ်၊ ဘွားက ဝယ်လာခဲ့တဲ့ စကားဝါပွင့်တွေစီထားတဲ့ ပုလင်းတွေ ရယ် အားလုံးကို မေမေ့ကို လှမ်းပေးလိုက်တယ်။

မိသားစု နွေးထွေးတဲ့အသိုက်အမြုံကလေး။

တကယ်ကို အေးချမ်းလှပါတယ်။ မိသားစုထဲက ခဏ ခွဲခွာသွားတဲ့ ကျွန်မကို "သိပ်လွမ်းတာပဲ ငါ့မြေးရယ်" လို့ ဘွား ဘွားကြီးက လှမ်းပြောတယ်။

မိသားစုရဲ့ မုန့်အတူစားပြီး ခရီးစဉ်က အကြောင်းတွေ ပြောပြခဲ့တယ်။

အားလုံးရယ်ရယ်မောမောနဲ့ ကျွန်မရဲ့ စကားလုံးတွေမှာ မျောဝင်နေကြတယ်။

အကာတစ်ယောက် ပုပ္ပားမြေမှာ တွဲလောင်းကြီးဖြစ်နေ တယ်လို့ပြောတော့ အားလုံး ရယ်မောခဲ့ကြတယ်။ ဒါပေမဲ့ လုံးဝ မပြောဘဲ ဖုံးကွယ်ထားတာတစ်ခုတော့ ကိုမိုးသည်းအကြောင်းပဲ။

ကျွန်မရဲ့ အသည်းနှလုံး ထောင့်တစ်နေရာမှာ သိမ်းထား တဲ့ ကိုမိုးသည်းအကြောင်းကိုတော့ မပြောဘဲ ထိမ်ချန်ထားလိုက် တယ်။ ဘာဖြစ်လို့လဲဆိုတော့ ယောကျ်ားလေးတွေရဲ့ ပတ်သက်ရင်



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ကြီးတဲ့မိသားစုနဲ့ ယောက်ျားလေးတွေနဲ့ ပတ်သက်ရင် စိုးရိမ်ကြီးတဲ့ မိသားစုမို့ တစ်စွန်းတစ်စမပေါ်အောင် တိတ်တိတ်ကလေး နေလိုက်တယ်။

ပန်းကန်တွေကို အခန်းထဲမှာ နေရာချရင်း မနက်ဖြန်မှာ ကျောင်းပြန်တက်ရမှာကို စိတ်ထဲမှာတွေးပြီး ပျော်နေတယ်။ အခန်း ထဲရောက်တော့ သူပေးလိုက်တဲ့ လက်ဆောင်ဘူးကလေးကို ဖွင့် ကြည့်မိတယ်။ လှပသေသပ်တဲ့ လက်စွပ်ကလေး။

ဒီလက်စွပ်ကလေးကို ဝေ့ကြည့်တဲ့အခါမှာ ကျွန်မ လက်နဲ့ တိုင်းထားသလို ကွက်တိပဲ။

လက်စွပ်ကလေးကိုကြည့်ပြီး ကြည်နူးသွားတယ်။

အိမ်ပြန်ရောက်ကတည်းက သူ့အကြောင်းကိုပဲ တွေးနေ တယ်။ ဒီလိုနဲ့ နံနက်မိုးသောက် အလင်းရောက်ခဲ့ပြန်ပြီ။

အရင်က အိပ်ပုပ်ကြီးတဲ့ ကျွန်မဟာ နံနက်ခုနစ်နာရီမှာ ကျောင်းသွားဖို့ အဆင်သင့်ဖြစ်နေပြီ။

"မေမေရေ... သမီး ကျောင်းသွားတော့မယ်"

"စောလှချည်လား သမီးရဲ့"

"မစောပါဘူး မေမေ၊ ကားစောင့်ရတာ အကြာကြီးပဲ"





"အေး... အေး..." —

ကျွန်မ ကျောင်းကို စောစောရောက်ခဲ့တယ်။

ကိုမိုးသည်းများ စောစောလာမလားလို့ ကြည့်မိတယ်။

ကိုမိုးသည်းတစ်ယောက် ရောက်မလာသေး။

အခြား ကျောင်းသူ၊ ကျောင်းသားတွေ တဖွဲဖွဲရောက်လာ ခဲ့တယ်။ ရွှေယင်းမာဦး အပါအဝင်ပေါ့။

"ဟဲ့... သဲစဉ် နင်က စောစောစီးစီး ကိုမိုးသည်းကို မတွေ့သေးဘူး"

ကိုမိုးသည်းကို မျှော်ပါတယ်ဆိုမှ သူက ရောက်မလာ သေး။ ဘာဖြစ်လို့ နောက်ကျနေပါလိမ့်။

ဒီလို တွေးနေစဉ်မှာ ဆရာက စာသင်ဖို့ အခန်းထဲကို ဝင်လာတယ်။ သင်ခန်းစာတွေ စသင်ပါပြီ။

ကျွန်မ ရေးမှတ်နေပေမယ့် တစ်ခါတစ်ခါမှာ စိတ်က လွတ်လွတ်သွားတယ်။ ဒီလိုနဲ့ ဆရာရဲ့အချိန်က ပြီးသွားတယ်။

ဆရာ့အချိန်ပြီးသွားလို့ ဆရာမ မဝင်မီ ကြားကာလအချိန် ကလေး။ အမှတ်တမဲ့ သူထိုင်နေကျ နေရာလေးကို လှည့်ကြည့် မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကွက်လပ်ဖြစ်နေတဲ့နေရာ။

ဒါဆို ဒီနေ့ သူ ကလပ်(စ်)မတက်ဘူးပေါ့။

သူ ဘာဖြစ်လို့ကလပ်(စ်)မတက်တာပါလိမ့်။ နေမကောင်း
ဘူးလား။ သူ့အိမ်မှာ မလှုပ်ရှားနေလို့လား။

စိတ်ဖြင့် လားပေါင်းများစွာ အတွေးကမ္ဘာထဲ ဝဲလာ
တယ်။

ဆောင်းတောက ကြည်လင်နေတဲ့ကျွန်မရဲ့စိတ်တွေ ချက်ချင်း
ပဲ မိုးတွေညို့သလို ညှို့မှိုင်းသွားတယ်။ အတွေးတွေ ယောက်
ယက်ခတ်နေချိန်မှာ ဆရာမ စာဆက်သင်တယ်။

ကျွန်မရဲ့စိတ်တွေ အဝေးကိုပဲ့လွင့်နေတယ်။

မကြာခင် ကလပ်(စ်)ပြီးသွားပြီ။

ဒီမှာတင် ရွှေယင်းမာဦးက…

"သံစဉ် ဒီနေ့ ကိုမိုးသည်း ကျောင်းမတက်ဘူး၊ န
မကောင်းလို့လား မသိဘူး"

ကျွန်မကို တိုးတိုးလေး လက်ကုတ်ပြီး ပြောလိုက်
တယ်။ တကယ်နေတော့ ငိုချင်ရက်သက်တို့ဆိုသလိုပေါ့။

ဒါပေမဲ့ စိတ်ကိုတင်းပြီး ကျွန်မ တစ်ချက်ပြုံးလိုက်ပြီး…





"သူဘာသာသူမလာတာ ငါနဲ့ ဘာဆိုင်လို့လဲ"

ခပ်တည်တည် ပြန်ပြောလိုက်တယ်။

"သူ ဘာကြောင့် ကလပ်(စ်)မတက်တာ နင်သိလို့လား"

"မသိပါဘူး"

"ဒါဆို ဘာကြောင့် သူ ကျောင်းမလာပါလိမ့်"

"နင်သိချင်ရင် သူ့အိမ်သွားမေးပါလား"

"သံစဉ် ဒီနေ့ နင်နဲ့ စကားပြောရတာ အဆင်မပြေဘူး"

ရွှေယင်းမာဦးက ခပ်ငြိုငြိုကလေး ပြောလိုက်တယ်။

ရွှေယင်းမာဦးကို ကျွန်မ သနားသွားတယ်။ ဒါကြောင့်…

"ဒို့ ခင်ဦးလျှာဉ်မှာ တစ်ခုခုသွားစားရအောင်"

"အေး… ကောင်းတယ်"

ခြေလှမ်းတွေက မသွက်ဘူး။ လေးလံနေတယ်။

ဒီလို ခြေလှမ်းများနဲ့ ခင်ဦးလျှာဉ်ကို သွားခဲ့တယ်။

ထိုင်နေကျ ထိုင်ခုံမှာထိုင်ရင်း အသုပ်နှစ်ပွဲ မှာလိုက်
တယ်။

ဆိုင်ရှင်ဦးလေးကြီးက အသုပ်နဲ့ချပေးရင်း…

"ငါ့တူမတို့ ပျောက်နေတာ ကြာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဦးလေးကြီး၊ ကျွန်မတို့ ခရီးထွက်သွားလို့'

'ဪ...'

ပြောပြောဆိုဆို အသုပ်စားလိုက်တယ်။

အရင်က နှစ်ခြိုက်စွာစားခဲ့တဲ့ အသုပ်စုံ။

အခုတော့ ဘာမှအရသာမရှိ ခံစားရတယ်။

ဒီမှာတင် လေထဲမှာ ပျံဝဲလာတဲ့ တေးတစ်ပုဒ်။

*'ယဉ်ယဉ်လေးရှူး ××× စဉ်းစားတိုင်း ငါရှူး ×××
ငယ်ချစ်ဦး ဟူး... ဟူး'*

ဒီတေးသွားတလေးလိုပဲ ကျွန်မဟာ အတွေးအိမ်ထဲမှာ ယဉ်ယဉ်လေး ရှူးနေပြီလား။

အိမ်ပြန်ရောက်သွားပေမယ့် အရင်ကလို သွက်သွက်လက်လက်နဲ့ မပျော်မြူးတော့ဘူး။

အရင်ကဆိုရင် ဒီအိမ်မှာ သီချင်းအော်ဆိုလိုအော်၊ အတွေးကို အလျှင်စလိုနဲ့ ဒီအိမ်ကလေးဟာ ကျွန်မရဲ့ ပျော်စရာအသိုက်အမြုံကလေးတစ်ခုပေါ့။ အခုတော့ တစ်ခုခု လိုနေသလိုလိုပဲ။

ဒီလိုနဲ့ ကျောင်းဆက်တက်ခဲ့တယ်။ ကိုမိုးသည်းတစ်ယောက် ကလပ်(စ်)မတက်ခဲ့ဘူး။





တစ်ရက်၊ နှစ်ရက်၊ သုံးရက် ကစပြီး ဒီတစ်ပတ်လုံး ဆက်ခဲ့။ စနေ၊ တနင်္ဂနွေ အိမ်မှာနေရတာ တစ်မျိုးကြီးပဲ ပျင်းခြောက်ခြောက်နဲ့။

ဒီနေ့ တနင်္လာနေ့။

လေးဖင့်တဲ့ ခြေလှမ်းများနဲ့ ကျောင်းကိုရောက်ခဲ့တယ်။

အခုလည်း ကိုမိုးသည်းတစ်ယောက် ကလပ်(စ်)မတက်ပြန်ဘူး။

ကျောင်းပြီးတော့ ထုံးစံအတိုင်း ရွှေယင်းမာဦးနဲ့ ကျွန်မ။

ဒေဝဥယျာဉ်ဆီကို လာခဲ့တယ်။

ဒေဝဥယျာဉ်ကို အဝင်။

မမျှော်လင့်ဘဲ လက်ကလေးကို ထောင်ပြနေတဲ့ ကိုမိုးသည်းကို တွေ့လိုက်ရတယ်။

'သံစဉ်'

သူက လှမ်းခေါ်လိုက်တယ်။

သူ့ကိုမြင်တော့ ကျွန်မ အရှမ်းပျော်သွားခဲ့တယ်။

ကျွန်မနဲ့ ရွှေယင်းမာဦးဟာ သူထိုင်နေတဲ့ စားပွဲမှာ ဝင်ထိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးသည်း ရှင် ဘာဖြစ်လို့ ကလယ်(စ်)မတက်တာလဲ"

"အဲဒါပြောမလို့ ထိုင်စောင့်နေတာ"

"ကဲ… ပြောပါဦး"

"ဒီလိုပါ… ကျွန်တော့်အမေဟာ အသည်းရောဂါနဲ့ ဆေးရုံတက်နေရတယ်၊ အမေတစ်ခု သားတစ်ခုနဲ့ စပါယ်ရှယ်နစ်(စ်) ငှားထားပေမယ့် အမေ့နားမှာ နေစောင့်ပေးရလို့ ကလယ်(စ်)မတက်နိုင်တာပါ"

"ဪ… ဖြစ်မှဖြစ်ရလေရှင်"

ကျွန်မ စိတ်မကောင်းဖြစ်သွားတယ်။ သူတို့မိသားစုဟာ ကျွန်မတို့လို သိုက်သိုက်ဝန်းဝန်းမရှိ။ အမေတစ်ခု သားတစ်ခုဆို ပါလား။

"ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား"

"အခုတော့ တော်တော်သက်သာပါပြီ၊ မနက်ဖြန်ဆိုရင် ဆေးရုံကဆင်းရမယ် ပြောတယ်"

"ဒါနဲ့ အသည်းရောဂါဆိုတာ အသည်းမှာ ဘာဖြစ်တာ လဲ"

"အသည်းကင်ဆာတဲ့"





"ရှင်…"

"အသည်းကင်ဆာဆိုတော့ သက်သာရုံပဲ ရှိမယ်၊ ပျောက်ကင်းတဲ့ရောဂါ မဟုတ်တော့ အမေ့ကို ဂရုစိုက်ရမှာပဲ"

ဪ… လူတစ်ကိုယ် ဒုက္ခတစ်မျိုးပါလား။

ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ကိုမိုးသည်းအပေါ် စိုးရိမ်စိတ်များ ပြေပျောက်သွားတယ်။ သူ့ကို မမျှော်လင့်တဲ့အချိန် မမျှော်လင့်တဲ့နေရာမှာ တွေ့လိုက်ရတဲ့အတွက် ကျွန်မစိတ်တွေ ပျော်ရွှင်ခဲ့တယ်။

နောက်ရက်တွေမှာတော့ ကိုမိုးသည်းတစ်ယောက် ပုံမှန် ကလယ်(စ်)တက်ဖြစ်တယ်။ မကြာခင် ရက်အတွင်းမှာ…

"ကျွန်တော့်ကို အဖြေပေးပါတော့ သဲစည်ရယ်"

သူ့ရဲ့ တောင်းဆိုမှုကြောင့် ဒီနေ့ရေမှ သူ့ကို အဖြေပေးမယ်လို့ ပြောခဲ့တယ်။

ဒီည သောကြာနေ့ည။

ကျွန်မ အိပ်မပျော်နိုင်ဘူး။ အိပ်ရာထဲမှာ တလူးလူး တလိမ့်လိမ့်နဲ့ပေါ့။ မနက်ဖြန် သူ့ကို အဖြေပေးရတော့မယ်။

"ကျွန်မကိုယ်ကျွန်မ သေသေချာချာ မေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုချစ်နေမိသလားလို့။

ကျွန်မရဲ့ အသည်းနှလုံးက ဖြေလိုက်တယ်။

ငါ့ရဲ့ အသည်းထဲမှာ ထဲထဲဝင်ဝင် စွဲနစ်စွာချစ်ခဲ့သတဲ့

ဒါပေမဲ့ ဦးနှောက်က ပြန်ပြောလိုက်တယ်။

သူတို့နှစ်ဦးရဲ့ ဖြင်ပွဲမှာ ဖြေဖောသင် အဖြစ်မခံနိုင်ဘူး

တကယ်တမ်း လိုအပ်တာ ဖြတ်နိုးမှုအရှုံ့ ချစ်တဲ့ ချစ်ခြင်းမေတ္တာတဲ့။

ဒီအရာကို မပေးနိုင်ရင် သခင့်ရဲ့ချစ်သူ ဖြစ်ခွင့်မရှိဘူး

အသည်းတွေကြွေကျရင် ကြွေကျပါစေ။

မချစ်မနှစ်သက်တဲ့ ဖြင့်ရှုံသက်သက် တောင်းခံတဲ့အဖြေ ကို မပေးရဘူးတဲ့။

ကျွန်မ သူ့ရဲ့ လက်ဆောင်ဘူးကလေးကို ဖွင့်ကြည့်လိုက် တယ်။ ဝင်းလက်နေတဲ့ လက်စွပ်ကလေးကိုတွေ့တော့ မျက်ရည် တွေ ဖိုးဖိုးပေါက်ပေါက် ကျလာတယ်။

'နင် သူ့ကို မချစ်နိုင်ဘူးလို့ပြောပြီး လက်စွပ်ပြန်ပေး လိုက်'

ကျွန်မရဲ့ ဦးနှောက်က အမိန့်ပေးလိုက်တယ်။





ဒီနေ့ စနေနေ့၊

သူနဲ့ ချိန်းတဲ့နေ့၊

နေရာက ကန်တော်ကြီးစောင်းမှာ။

ကျွန်မဟာ သူ့ရဲ့ လက်ဆောင်ဘူးကလေးနဲ့အတူ သူချိန်း တဲ့နေရာကို ရောက်လာခဲ့တယ်။

နဂိုကတည်း စောစောရောက်တတ်တဲ့ အကျင့်ရှိသူမို့ သူက စောင့်ရောက်နှင့်နေတယ်။

ကျွန်မတို့နှစ်ယောက် ရေစပ်အနီးက သစ်ပင်ကြီးအောက် မှာ ထိုင်နေကြတယ်။

'သခင့် ကျွန်တော် စိတ်ချမ်းသာမယ့် အဖြေမျိုး ပေးပါ နော်'

တိုးလျှိုးတောင်းပန်တဲ့ အသံကလေးနဲ့ ပြောလိုက်တယ်။ ကျွန်မဟာ သူလိုချင်တဲ့အဖြေကို မပေးနိုင်ပါဘူး။ ဦးနှောက်ရဲ့ န့်ပေးမှုအတိုင်း ဆောင်ရွက်ရမှာပါ။

ဒါကြောင့်...

'ဝမ်းနည်းပါတယ် ကိုမိုးသည်းရယ်၊ ကျွန်မ ရှင့်ကို မချစ်နိုင်ပါဘူး'



www.burmeseclassic.com

ဒီလိုပြောလိုက်တော့ သူ့ရဲ့ ဝင်းပနေတဲ့မျက်နှာကလေး
ညှိုးသွားတယ်။

'ရော့... ရှင်ပေးတဲ့လက်ဆောင်လည်း ပြန်ယူပါ'

ပြောပြောဆိုဆို သူဝတ်ထားတဲ့ လက်ဆောင်ဘူးကလေး
ကို ပြန်ပေးလိုက်တယ်။

'သိစဉ် ဒါဟာ သိစဉ်ကိုပေးထားတဲ့ ထာဝရလက်ဆောင်
ပါ၊ ပြန်ယူစရာ မဟုတ်ဘူး'

ဒီလိုပြောပြီး ကျွန်မကို ပြန်ပေးလိုက်တယ်။ နောက်
တော့...

'ကျွန်တော် နားမလည်နိုင်ဘူး သိစဉ်၊ ကျွန်တော့်မှာ
ဘာအပြစ်ရှိလို့လဲ သိစဉ်၊ ပြောစမ်းပါဦး'

သူ ဝမ်းနည်းသံနဲ့ ပြောလိုက်တယ်။

ကျွန်မ ဘာမှမပြောဘဲ နေလိုက်ပေမယ့် သူ့ရဲ့ ဝမ်းနည်း
သံဟာ ကျွန်မရဲ့ရင်ကို ထိုးဖြတ်ပြီး လွှင့်စင်သွားခဲ့တယ်။

'ပြောပါ သိစဉ်၊ ကျွန်တော်ဟာ ဖအေတစ်ခု သား
တစ်ခုတည်း အထီးကျန်စွာ နေရသူပါ၊ သိစဉ်နဲ့တွေ့တဲ့
အခါမှ ကျွန်တော့်ရဲ့စိတ်တွေ လန်းဆန်းလာတယ်၊



သိစဉ်သာ ငြင်းပယ်ခဲ့မယ်ဆိုရင် ကျွန်တော့်ဘဝမှာ
အပျော်ဆိုတာ ရှိတော့မှာမဟုတ်ဘူး'

သူ့ရဲ့ တိုးတက်ညင်သာနဲ့ ပြောနေတဲ့အသံဟာ အမှန်ကို
ပြောနေမှန်း သိသာတယ်။ သူ့စကားကြောင့် ကျွန်မနှလုံးသားလေး
အရည်ပျော်လုလု။

ဒါပေမဲ့ စိတ်ကို တင်းထားလိုက်တယ်။

'ပြောပါ သိစဉ်၊ ကျွန်တော့်မှာ သိစဉ် မနှစ်သက်တာ
ဘာရှိလို့လဲ'

ဒီစကားကို သူအထပ်ထပ်အခါခါ မေးတယ်။

'ကျွန်တော်လေ သိစဉ်က ကျွန်တော့်ကို ပြန်ချစ်မှာပါ
ဆိုတဲ့ အတွေးနဲ့ ကိုယ့်ကိုယ်ကိုယ် အားပေးနေရတဲ့သူပါ၊
သိစဉ်ဆီက မချစ်ဘူးဆိုတဲ့ စကားကို ကျွန်တော် နား
မထောင်ရဲဘူး၊ ဘာဖြစ်လို့လဲ ပြောပါ သိစဉ်'

တင်းထားတဲ့ စိတ်ကို လျှော့ချလိုက်တယ်။ သူ့ရဲ့ ကျွန်မ
အပြောက ပြဿနာတစ်ခုကို ရှင်းမှဖြစ်တော့မယ်။

'ကိုမိုးသည်း ကျွန်မမေးတာ ဖြေပါ'

'ဖြေပါ့မယ်၊ ပြောသာပြောပါ'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်တော့ ရှင် ကျွန်မကို မချစ်ခဲ့ဘူးမဟုတ်လား

'ရှာ…' သိစဉ် ဘယ်လိုပြောလိုက်တယ်'

အံ့ဩသိတ်သံနဲ့ရှာ သူပြောလိုက်တယ်။

'ဖြစ်ရလေရှာ… ကျွန်တော့်မှာ သိစဉ်ကိုချစ်လွန်း

နေတိုင်း အရူးအမူးဖြစ်ခဲ့ရတယ်၊ အခု ဒေါ်ရဲ့တ

နေတာတောင် သိစဉ်ကို လွမ်းလွန်းလို့ ကျွန်တော

အပြေးလာခဲ့တဲ့သူပါ၊ ကျွန်တော်ဟာ သိစဉ်ကို မချ

ဘူးလို့ ဘယ်သူကပြောတာလဲ'

'ရှင်နဲ့ အာကာတို့ ပြိုင်ပွဲလုပ်ပြီး သူနဲ့ ပြိုင်ပွဲလုပ်

လို့ ကျွန်တော်ဟာ တစ်ခါမှ မပြောခဲ့ဖူးဘူး၊ အာကာ

ဒီလိုပဲ ပြောလား'

ခက်ချေပြီ။ ကိုယ့်ကောာနဲ့ကိုယ် အရှည်နှောင်ခံရ

ပုံစံမျိုး။

သူ့ရဲ့ မေးခွန်းဟာ ကျွန်မကို အဖြေကျပ်စေခဲ့ပြီ။

ဒါကြောင့် ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေခဲ့တယ်

'အာကာပြောတာ မဟုတ်လား သိစဉ်'

ကျွန်မ ဘာမှပြန်မဖြေသော်လည်း ဆိတ်ဆိတ်နေခြ





တာ ဝန်ခံခြင်းသဘောဆိုတာ သူ ရိပ်စားမိခဲ့တယ်။ ဒီကိစ္စအ

ပြည်း သူနဲ့ အာကာဖြစ်တဲ့ကိစ္စဆိုတော့ သူမပြောရင် အာကာမိုး

ဘက်ပဲပေါ့။

'အာကာ အတင်းလျှို့ပြီးပြောတာ ဖြစ်ပါလိမ့်မယ်'

သူက ဒေါသတကြီး ရှင်းပြခဲ့တယ်။

'အဲဒီအချိန်က ကျွန်တော်ဟာ သိစဉ်ကို သူငယ်ချင်း

တစ်ယောက်ရဲ့ သိယောစဉ်မျိုးနဲ့ ခင်မင်ပြီး သွားကြ

လာကြပဲ ရှိသေးတယ်၊ အဲဒါကို အာကာက သိစဉ်နဲ့

တွဲသွားတွဲလာမလုပ်ရဘူးလို့ ပြောတယ်၊ ဒီမှာ ကျွန်တော်

ရဲ့ ရိုးသားမှုကို မတရားစွပ်စွဲခံရတာကြောင့် ဒေါသဖြစ်

ပြီး ချစ်သူအဆင့်လည်း ဖြစ်ခွင့်ရှိတယ်လို့ ပြောလိုက်

တယ်၊ သူကလည်း ဒေါသဖြစ်ပြီး ကျွန်တော့်အကျီ

ကော်လာကို ဆွဲတဲ့အထိ ရိုင်းပျလာတယ်၊ ဒါပေမဲ့

ကျွန်တော်ဟာ သူ့ကို လက်ရုံးချင်း မယှဉ်ခဲ့ဘူး၊ လက်ရုံး

ရည်ထက်စာရင် နှလုံးရည်နဲ့ ယှဉ်ပြိုင် ဖြေရှင်းတာ

ပိုကောင်းပါတယ်လို့ ရိုးရိုးသားသားပဲ ပြောလိုက်တာပါ၊

ကျွန်တော် ပြိုင်နိုင်းတာ သူနဲ့ ကျွန်တော် မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



လက်ရုံးအားကိုးနဲ့ အနိုင်မယူဖို့ မပြောတာပါ၊ ဒါကို သူ
လိုရာဆွဲပြီး ပြောတာဖြစ်မယ်"

"ဟင်… ဒါဆို ရှင်နဲ့ သူ ပြိုင်တာမဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး၊ နောက်ပိုင်းဘူမှ ကျွန်တော်ဟာ သိစ
ကို မေတ္တာစစ်နဲ့ ချစ်ဖို့ သေတစ်ပန် သက်တစ်
လက်တွဲဖို့အတွက် ရည်ရွယ်ပြီး ဒီလက်စွပ်ကလေး
ချစ်စွပ်ပန်ခဲ့တာပါ၊ ဘာပြိုင်ပွဲမှ မဟုတ်ပါဘူး"

သူ ရှင်းပြလိုက်တော့မှပဲ ကျွန်မ သိသွားခဲ့တယ်။

"ကျွန်တော်ကို လက်ထပ်ပါ သိစဥ်ရယ်၊ တစ်ဘဝ
အတွက် ရင်ထဲ အသည်းထဲက နှစ်နှစ်ကာကာ ချစ်
မယ့်သူပါ"

လက်ထပ်ဖို့အထိ ရည်ရွယ်ပြီး မေတ္တာစစ်နဲ့ ချစ်တဲ့
လို့ သူပြောလိုက်တဲ့အခါ ကျွန်မရင်တွေ တဆတ်ဆတ်တုန်
သွားတယ်။ ဘာမှမပြောနိုင်အောင်ပါပဲ။

သူက လက်ဆောင်ဘူးထဲက လက်စွပ်ကလေးကို ထုတ်
လိုက်တယ်။ ကျွန်မရဲ့ လက်ကလေးကို ဖြည်းညင်းစွာကိုင်ပြီး
လက်သူကြွယ်ကလေးမှာ အဲဒီ လက်စွပ်ကလေးကို ညင်သာ





စွပ်ပေးလိုက်တယ်။

အချစ်သီချင်းသံဆရာကြီးတွေက ပြောဖူးတယ်။

လက်သူကြွယ်မှာရှိတဲ့ သွေးကြောကလေးတွေဟာ အသည်း
နှလုံးသားကို တိုက်ရိုက်ရောက်သွားတယ်တဲ့။

ရင်ထဲမှာ ရှိန်းဖြမ်းမြမ်းစီးတားမှုလှိုင်းကလေး လှုပ်ခါသွား
တယ်။

ကျွန်မမှာ သူ့ကိုငြင်းဖို့ အားမရှိတော့ဘူး။ ဒါကြောင့်
ဦးနှောက်ကို လှမ်းမေးလိုက်တယ်။ ဦးနှောက်ကလည်း တစ်ခုခု
ကို အချက်ပြလိုက်တယ်။

အဲဒီအချိန်မှာ…

"ကျွန်တော်ကို ချစ်ပါတယ်နော်၊ ဟုတ်လား"

ကိုမိုးသဲညင်းက တိုးတိုးလေး အနားကပ်မေးလိုက်
တယ်။ ဒီတော့ ဦးနှောက်က အချက်ပြတဲ့ရိယာကလေးကို လှမ်း
မေးလိုက်တော့ "ပေါ့စစ်တစ်"တဲ့။ ဒါကြောင့် နှုတ်ကမပြောဘဲ
ခေါင်းကလေးကို အသာညိတ်ပြလိုက်တယ်။

"ပျော်လိုက်တာ သိစဥ်ရယ်၊ ကျွန်တော့်တစ်သက်မှာ
ဒီနေ့ဟာ အပျော်ဆုံးနေ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ လက်ကလေးကို အသာကိုင်ပြီး သူပြောလိုက်တယ်။ ကျွန်မရင်ထဲမှာ တဒိန်းဒိန်းခုန်နေရင်း…

'ရှင်တစ်ယောက်တည်းမှ ပျော်တာ မဟုတ်ပါဘူး၊ ကျွန်မလည်း အရမ်းပျော်နေတယ်၊ သိလား'

လို့ စိတ်ထဲက ပြန်ပြောလိုက်တယ်။

နှလုံးသားရော ဦးနှောက်ကပါ လက်ခံတဲ့ချစ်သူနဲ့ ကျွန်မတို့ ဒီနေ့တစ်နေ့လုံးကုန်အောင် လည်မစ်လိုက်တယ်။ ပျော်ရွှင်စရာကောင်းတဲ့ရက်စွဲတွေထဲမှာ ဒီရက်ကလေးဟာ အမှတ်တရပါပဲ။

အိမ်ပြန်ရောက်တော့ ကျွန်မဒိုင်ယာရီရဲ့ ဒီနေ့ စာမျက်နှာမှာ…

ချစ်သူ…

ညင်သာတိုးတိတ်

ရင်ခွင်ရိပ်မှာ

မေးမိုတ်ကြည်နူး

ပျော်ခဲ့ဖူးခဲ့။

ဒီကဗျာကလေးကို ရေးချလိုက်တယ်။

✷ ✷ ✷

## အခန်း(၉)

ကာလပ်(စ်)တက်ရတဲ့နေ့တိုင်းဟာ ပျော်စရာနေ့ကလေးတွေ ဖြစ်လာတယ်။ အာကာမိုးထက်နဲ့ ပြဿနာမဖြစ်ချင်လို့ ကျွန်မတို့ ချစ်သူနှစ်ယောက်ဟာ သိုသိုသိပ်သိပ် နေခဲ့တယ်။

စာမေးပွဲဖြေဖို့ကလည်း တစ်လလောက်ပဲ လိုတော့တယ်။ ဒါကြောင့် ဒီစာမေးပွဲအောင်ဖို့ အသည်းအသန် ကြိုးစားနေရတယ်။ ဒါပေမဲ့ စနေတစ်ရက်မှာ သူနဲ့ ကျွန်မ တွေ့ဖြစ်ခဲ့တယ်။

အရင်ဆုံနေကျ ကန်တော်ကြီးရဲ့ ရေစပ်မှာပဲပေါ့။

သူ့ကို ကျွန်မ လှမ်းတွေ့လိုက်ရတယ်။ သူပြုံးပြပေမယ့် သူ့အပြုံးဟာ ညှိုးရော်ရောက်ကလေး။



www.burmeseclassic.com

www.burmeseclassic.com



"မောင်… မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲဟင်"

ကျွန်မ ထိတ်လန့်စွာ မေးလိုက်တယ်။

"ဘာမှမဟုတ်ပါဘူး သဲစဉ်၊ လာထိုင်လေ"

ကျွန်မ သူ့ရဲ့နံဘေးမှာ ဝင်ထိုင်ရင်း…

"မောင်… တစ်ခုခုဖြစ်နေသလိုပဲ"

သူ့ကို ပြောလိုက်မိတယ်။ သူက ကျွန်မရဲ့ လက်ကလေးကို ညင်သာစွာကိုင်ရင်း…

"မောင် တစ်ညလုံး တစ်ရေးမှမအိပ်ရသေးဘူး သဲစဉ်"

"ဘာတွေလုပ်နေလို့လဲ"

"ညက မေမေ ရောဂါပြန်သည်းလို့ ဆေးရုံတင်လိုက်ရတယ်"

"ဒါဆို မောင် ဆေးရုံကလာတာပေါ့"

"ဟုတ်တယ် သဲစဉ်"

"ဟင်… ဒါဆို နေမကောင်းတဲ့ အမေကို ပစ်ထားပြီး သဲစဉ်ဆီကိုလာတာ မတရားဘူးပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး၊ စပါယ်ရှယ်နပ်(စ်) ငှားထား





ခဲ့တယ်၊ နောက် သဲစဉ်ဆီသွားမယ်လို့လည်း မေမေ့ဆီမှာ ခွင့်တောင်းခဲ့တယ်"

"ဟင်… ဒါဆို သဲစဉ်နဲ့ချစ်နေတာ မောင့်မေမေ သိတယ်ပေါ့"

"မောင်တို့က အမေတစ်ခု သားတစ်ခုလေ၊ အားလုံး မေမေ သိထားရမှာပေါ့"

"ဒါဆို မောင့်မေမေက ဘာပြောသေးလဲဟင်"

"သားချစ်တဲ့ မိန်းကလေးဟာ မေမေ့ရဲ့ သမီးပါပဲတဲ့"

"ပေါ်တော့"

"သဲစဉ် မောင်တို့ တစ်ခုခုစားပြီးရင် မေမေ့ဆီလိုက်တွေ့ပါလား"

"ဟင်… ရှက်စရာကြီး"

"လိုက်ခဲ့ပါ သဲစဉ်ရယ်"

"အင်းလေ… မောင့်အမေဟာ ဆေးရုံတက်နေတယ်ဆိုတော့ သဲစဉ် လိုက်ခဲ့ပါ့မယ်"

ဒီလိုပြောရင်း ဆိုင်တစ်ဆိုင်မှာ စားသောက်ခဲ့ကြတယ်။ မှာတက်ပြီး မောင့်မေမေ ဆေးကုသနေတဲ့ အခန်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းတစ်ခုကို သွားခဲ့တယ်။

'ဖေဖေ ဒီမှာ သားပြောပြောနေတဲ့ ချိုသံစဉ်လေ'

ကိုမိုးသည်းက ဒီလိုပြောလိုက်တော့ မောင့်ဖေဖေက ကျွန်မကို ယုံယုံကလေးပြုံးပြပြီး…

'သမီးကလေးက ချစ်စရာလေးပဲ'

ခပ်တိုးတိုးလေး ပြောလိုက်တယ်။

'ဦး ဘယ်လိုနေလဲ၊ သက်သာရဲ့လား'

လို့ ကျွန်မက ကြင်နာစွာ မေးလိုက်တယ်။

'ကင်ဆာဆိုတော့ ခံစားရတာပေါ့ကွယ်၊ ဒါပေမဲ့ အိမ်မှာနေတာထက်စာရင် ဆေးရုံပေါ်မှာကတော့ နေရတာ သက်သာပါတယ်'

ကင်ဆာရောဂါဟာ ပျောက်ကင်းသွားနိုင်တဲ့ရောဂါ မဟုတ်ဘူး။ နောက်ပြီး မောင့်ဖေဖေရဲ့ ကင်ဆာရောဂါဟာ အဆင့် (၃)တဲ့။

ဒါဆိုရင် ဒီတောင်ကို ကျော်နိုင်ပါ့မလား။ ကျွန်မ တွေးပူမိတယ်။

'သမီးရယ်… သားဟာ ရိုးသားတဲ့ကလေးတစ်ယောက်ပါ၊ တကယ်လို့ ဦးမရှိခဲ့ရင်တောင် သူ့ကို ဂရုစိုက်ပေးပါ၊ သမီးရဲ့ လက်ထဲကို အပ်ပါတယ်'





'အို… ဦးရယ်၊ အားလျှော့တဲ့ စကားတွေ မပြောပါနဲ့၊ ဦး ကျန်းမာလာမှာပါ'

'သားအတွက် ဦး အားတင်းထားပါတယ် သမီးရယ်'

အသားအရေတွေ စိုပြည်ဝင်းပစွာ မရှိတော့ဘူး။ ညှိုညစ်ပြီး တွဲရွဲကျနေတယ်။ သိပ်အသက်ကြီးပုံ မရပေမယ့် ပိန်လှီနေတဲ့ သူ့မျက်နှာ အရောင်ညှိုးရော်နေတဲ့ သူ့မျက်လုံးတွေဟာ လက်ရှိ အသက်ထက် ပိုပြီးရင့်ရော်နေတယ်။ မောင့်ဖေဖေကိုကြည့်ရင်း ကျွန်မ စိတ်မချမ်းသာ ဖြစ်ခဲ့ရတယ်။

ခဏအကြာမှာ စပါယ်ရှယ်နပ်(စ်) ဝင်လာပြီး…

'ဦး… ဆေးထိုးရမယ်'

'အေး… အေး…'

ဆေးထိုးရမယ်လို့ ဆိုတဲ့အတွက် ကျွန်မ အလိုက်သိစွာ

…

'ဦး သမီး ပြန်လိုက်ပါဦးမယ်'

လို့ နှုတ်ဆက်ပြီး ပြန်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးသည်းက ဆေးရုံထွက်ပေါက်ဝအထိ လိုက်ပို့ရင်း…

'မောင်… လိုက်မပို့တော့ဘူးနော်၊ တက္ကစီငှားသွားလိုက်တော့'

'ရပါတယ် မောင်'

အပြန် တက္ကစီကားပေါ်မှာ မောင့်ဖေဖေအကြောင်း စဉ်းစားရင်း စိတ်မကောင်းဖြစ်မိတယ်။ ပညာရေးတစ်ဖက်၊ ရောဂါသည်ဖခင်ကြီးတစ်ဖက်နဲ့ ရုန်းကန်နေရတဲ့ မောင့်ကို ပိုပြီး သနားလာမိတယ်။

* * *

မကြာမီ ကွန်ပျူတာအင်ဂျင်နီယာ စာမေးပွဲ ဖြေခဲ့ရပြီ။ ကျောင်းချိန်နောက်ကျပြီးမှ ရောက်လာတဲ့ မောင့်ကို စာမေးပွဲခန်းမှာ တွေ့လိုက်ရတယ်။ စာမေးပွဲအပြီးမှာ…

'မောင် စာမေးပွဲ ဖြေနိုင်လား'

'သိပ်အားမရဘူး'

'မောင့်ဖေဖေရော ဆေးရုံကဆင်းပြီလား'

'မဆင်းသေးဘူး'





'ရောဂါအခြေအနေရော'

'ပိုပြီးသည်းလာသလိုပဲ'

'စာမေးပွဲပြီးရင် လိုက်လာခဲ့မယ်'

မောင့်မျက်နှာ မကောင်းပါ။ စာမေးပွဲ နောက်ဆုံးနေ့ စာမေးပွဲဖြေအပြီးမှာ ဆေးရုံကို ကျွန်မနဲ့အတူ ရွှေယင်းမာဦး၊ အာကာမိုးထက်တို့ပါ လိုက်လာခဲ့တယ်။

မောင့်ဖေဖေကို တွေ့လိုက်ရပြီ။

ဟိုတစ်ခါတွေ့တာထက် အများကြီးပိန်ချုံးသွားတယ်။ ...ကျီးပေါ် အရေတင်ကလေးပဲ။ အခြေအနေက သိပ်မကောင်း ...သာဘူး။

'ဖေဖေ… ဒါ သားသူငယ်ချင်း အာကာမိုးထက်တဲ့'

'ဪ…'

မောင့်ဖေဖေက ညှိုးရော်တဲ့ မျက်လုံးအစုံနဲ့ လှမ်းကြည့်...တယ်။ အာကာမိုးထက်က ရှေ့သို့တိုးသွားပြီး မောင့်ဖေဖေ...လက်ကလေးကို ကြင်နာစွာကိုင်ရင်း…

'ကျွန်တော် အာကာပါ ဦး၊ ပုဗ္ဗားတောင်ဇာက်တုန်း... ...တောင်အောက်ကျေးခါနီးမှာ ကိုမိုးသည်း လှမ်းဆွဲလိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



မသေတာ၊ ကိုမိုးသည်းဟာ ကျွန်တော့်ရဲ့ အသက်သခင်ပါ ဦး'

'အေး… သားလေးက ဒီအကြောင်း ပြောပြဖူးတယ်'

'ကိုမိုးသည်းက ဦး နေမကောင်းဖြစ်နေတယ်လို့ ပြောကတည်းက လာကြည့်မလို့ပါ၊ စာမေးပွဲဖြေနေရလို့ မအားတာနဲ့ အခုမှ လာခဲ့ရတာပါ'

'ရပါတယ် မောင်အာကာ၊ ဦးသားနဲ့ သူငယ်ချင်းချင်း ချစ်ချစ်ခင်ခင်နေကြပါ'

'ကောင်းပါပြီခင်ဗျာ'

'ဖေဖေ သူက ချိုသံစဥ်ရဲ့ သူငယ်ချင်း ရွှေယင်းမာဦးပါ'

'အေး… သမီး ဦးကို လာကြည့်တာ ကျေးဇူးတင်ပါတယ်ကွယ်'

'ရပါတယ် ဦးရယ်'

ကျွန်မကိုတော့ သူ့သားရဲ့ ချစ်သူမှန်းသိလို့ အသာပြုံးပြီး နှုတ်ဆက်ခဲ့တယ်။ အတန်ကြာအောင် စကားပြောပြီး ကျွန်မတို့ ပြန်လာခဲ့ကြတယ်။





ကားပေါ်ရောက်တော့ အာကာမိုးထက်က…

'ကိုမိုးသည်းရဲ့ အဖေကို မြင်လိုက်တော့ ဘာကြောင့်မှန်းမသိဘူး၊ ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ ဝမ်းနည်းသလိုလို ခံစားရတယ်'

ဒီလိုပြောလိုက်တယ်။ ရွှေယင်းမာဦးကလည်း…

'ဟုတ်တယ်… သူ့အဖေကို ကြည့်ရတာ ရောဂါတအားကြီးနေပုံရတာ၊ မြင်ရတာ စိတ်မကောင်းပါဘူး'

ဒီလို ဝင်ပြောတယ်။

ကျွန်မကတော့ ညှိုးဖျော့နေတဲ့ မောင့်ဖေဖေရဲ့ အခြေအနေဟာ အရမ်းဆိုးဝါးနေပြီဆိုတာ သူမပြောပေမယ့် ကျွန်မသိနေပါတယ်။

သုံးရက်မြောက်နေ့မှာ မောင့်ဖေဖေဟာ အသည်းကင်ဆာနဲ့ ကွယ်လွန်သွားခဲ့တယ်။

ဒီသတင်းဆိုးကြီးဟာ ကျွန်မဆီကို ရောက်ရှိလာခဲ့တယ်။

အဖေတစ်ခု သားတစ်ခုမို့ မောင့်ဘဝမှာ ကြီးမားလှတဲ့ အကောင်ကြီး ပြိုခဲ့ပြီပေါ့။ မောင် ဘယ်လောက်ဝမ်းနည်းနေမလဲ။

ဒီသတင်းကို ကြားကြားချင်း ကျွန်မ မောင့်ဆီကို အပြေး



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်။ မောင့်မေမေရဲ့ ရှာဝနှဟာ ရှိးစင်းစွာ ပြီးဆုံးသွားခဲ့တယ်။ အလွန်ဝမ်းနည်းကြေကွဲနေတဲ့ မောင့်ရဲ့ ရုပ်သွင်ကို ကျွန်မ ဘယ်လို အားပေးရမှန်းတောင် မသိခဲ့ဘူး။

မောင့်မေမေ ရက်လည်တဲ့နေ့။

ကျွန်မ သူ့အိမ်ကို ရောက်ခဲ့တယ်။ အဲဒီနေ့ကစပြီး မောင်ဟာ ပျောက်ချင်းမလှ ပျောက်သွားခဲ့တယ်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်မှ တစ်လစွန်းစွန်းရှိခဲ့ပြီ။

ဖုန်းကလေးတောင် ဆက်ဖော်မရဘူး။

မောင် ဘယ်ဆီဘယ်ဝယ် ရောက်နေတယ် မသိ။

တကယ့်ပဟေဠိတစ်ခုပဲ။

မောင့်မေမေ ကွယ်လွန်မှုနဲ့ မောင် ပျောက်ဆုံးမှုဟာ ဘယ်လိုဆက်နွယ်နေသလဲ။ ဘာသတင်းမှ မကြားရလို့ ကျွန်မ စိတ်ပူလှပြီ။ ချစ်သူဖြစ်ပြီးနောက်ပိုင်း ဒီလို အကြာကြီး တစ်ခါမှ မခွဲဖူးတော့ ကျွန်မ အရမ်းလွမ်းနေပြီ။

ဒါပေမဲ့ ရုတ်တရက် ပျောက်ခြင်းမလှ ပျောက်သွားတာဟာ ဘာကြောင့်လဲ။ ကျွန်မကို လွမ်းအောင်နှိပ်စက်ခဲ့လေသလား ချစ်သူရယ်။





ဒီအချိန်မှာ ကျွန်မအတွက် ကံကြမ္မာဆိုးတစ်ခု ဝင်လာခဲ့တယ်။ အိမ်ပြန်မှာ ဧည့်ခန်းအတွင်းကို ဝင်လိုက်တယ်ဆိုရင်ပဲ။

အဘွားရယ်၊ ဖေဖေ၊ မေမေတို့နဲ့အတူ အသက်ကြီးကြီးရယ်၊ သူ့အမေရယ် ဝိုင်းဖွဲ့ထိုင်နေတာ တွေ့ရတယ်။ ကျွန်မကို မြင်တော့ မေမေက…

"ဟော… သမီးပြန်လာပြီ"

လို့ ပြောလိုက်တော့ ဧည့်ခန်းထဲက လူအားလုံးရဲ့မျက်လုံးတွေ ကျွန်မဆီကို ရောက်လာခဲ့တယ်။ ဒါဟာ မရိုးသားဘူး။ တစ်ခုခုတော့ တစ်ခုခုပါပဲ။

"သမီး လာထိုင်ပါဦး"

မေမေက လှမ်းခေါ်လိုက်တယ်။ ကျွန်မလည်း လွတ်နေတဲ့ ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။

အဘွားက စတင်စကားဆိုလိုက်တယ်။

"ကဲ… မပြောမဖြစ်လို့ ပြောရဦးမယ်၊ သမီးလည်း အို့လွန်တောင် မြိုငြိုးပြီဆိုတော့ အရင်က စကားပြောထားတဲ့အတိုင်း မောင်အာကာတို့ဘက်က ရောက်လာတာ စေ့စပ်ကြောင်းလမ်းဖို့လေ"



www.burmeseclassic.com

www.burmeseclassic.com



အသွားရဲ့ စကားက ကျွန်မရဲ့ရင်ကို တိုက်ရိုက်ထိမှန် စေခဲ့တယ်။ ရုတ်တရက် ဒီသတင်းကိုကြားလိုက်ရချိန်မှာ ရင်ထဲ က အောင့်လာသလို ခေါင်းတွေ ချက်ချင်းမူးဝေလာတယ်။

'ဟင် … သမီး အာကာကို မယူနိုင်ဘူး'

အဲဒီလို အော်ဟစ်ပြောလိုက်ချင်ပါရဲ့။ ဒါပေမဲ့ ဖေဖေ ကို အရမ်းကြောက်ရတဲ့ ကျွန်မဟာ ဘာကိုမှ မပြောနိုင်ခဲ့ဘူး။

အာကာမိုးထက်ရဲ့ အမေက ကျွန်မကို ပြောလိုက်တယ်။

'သမီးက အန်တီ့ကို ဘောတယ်လို့ ထင်မလား မသိဘူး သမီးနဲ့ သားလေး မောင်အာကာကို အရင်ကတော့ အေး အေးဆေးဆေးမှ လက်ထပ်ပေးဖို့ပဲ၊ အခုတော့ အန်တီ ရဲ့ ကျန်းမာရေးက သိပ်မကောင်းလို့ အမြန်စီစဉ်ပေးချင် တာပါ'

'အန်တီကို တောင်းပန်ပါတယ်၊ သမီး လွတ်လွတ် လပ်လပ် နေချင်ပါသေးတယ်'

ကျွန်မ အဲဒီလိုပြောလိုက်တော့ ဖေဖေ့ရဲ့ မျက်နှာဟာ တင်းသွားတယ်။

'သမီးရယ် … လက်ထပ်ပြီးတော့လည်း လွတ်လွတ်





လပ်လပ်နေလို့ ရပါတယ်'

အာကာမိုးထက်ရဲ့ အမေက ဝင်ပြောလိုက်တယ်။

'ဟုတ်ပါတယ် သမီးရယ်၊ သမီးလည်း အချိန်တန် အရွယ်ရောက်ပြီပဲ၊ မငြင်းပါနဲ့တော့'

အမေက ပြောလိုက်ပြန်တယ်။

ဖေဖေက ဘာမှဝင်မပြောပေမယ့် မကျေနပ်ကြောင်း တဲ့အနေနဲ့ မျက်နှာတည်တည်ကြီးနဲ့ ကြည့်နေတယ်။ ဖေဖေ့ ဒြာကို တစ်အိမ်လုံးက နာခံရတာဆိုတော့ ကျွန်မ ဘာမှဆက် ပြောနိုင်ဘူး။

အာကာမိုးထက်က ဘာမှမပြောပေမယ့် သင်းလက်ချက် ဆိုတာ ကျွန်မသိတယ်။ ဒါကြောင့် အာကာမိုးထက်ကို မျက်စောင်း တစ်ချက်ထိုးပြီး ကြည့်လိုက်တယ်။

အာကာကလည်း သူ့အပြစ်နဲ့သူမို့ ခေါင်းကလေးငုံ့နေ တယ်။

နောက်ဆုံးတော့ …

'သမီး အာကာနဲ့ ဆွေးနွေးပါရစေ' လို့ ပြောလိုက်တယ်။

'သမီးတို့ချင်း ဆွေးနွေးတာ ကောင်းပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



အတွေးက ဝင်မြောလိုက်တယ်။

ဒီလိုနဲ့ လူကြီးတွေရဲ့ စကားဝိုင်းကလေး ပြီးဆုံးသွား[illegible]တယ်။

နောက်တော့ အားလုံးထဲမှာ အဓိကပယ်မှတ်ဖြစ်တဲ့ [illegible]ကို အချိန်စောင့်ဖို့ အသာချောထားလိုက်တယ်။

ကျွန်မ ဒီလိုနေလို့ မဖြစ်တော့ဘူး။ မောင်ကို တွေ့[illegible] ရာပြီး ဒီအကြောင်းတွေကို ပြောပြမှဖြစ်မယ်။ နို့မို့ဆိုရင် [illegible] ဝေးရချည်ရဲ့။ ကျွန်မ မောင့်အိမ်ကို သွားခဲ့တယ်။ မောင့်အိမ်[illegible] နေ့ချိန်းလို့ဖြစ်နေတဲ့ အိမ်မှုကိစ္စတွေကို လုပ်ပေးတဲ့ ဒေါ်[illegible] တွေ့ခဲ့တယ်။

ဒေါ်စိန်ကတော့ ကျွန်မနဲ့ ရင်းနှီးပြီးသားပါ။ မောင့်[illegible] ရဲ့ ရှာပနာတွန်းက မောင်က သူ့ချစ်သူလို့ မိတ်ဆက်ပေးထား[illegible] အတွက် ဒေါ်စိန်က ကျွန်မကို မော်မော်ရွှင်ရွှင် ဧည့်ခံခဲ့ပါတယ်။

"ကိုမိုးသည်းရှိလား ဒေါ်ဒေါ်"

"မောင်မိုးသည်း ခရီးထွက်သွားတာ အခုအထိ [illegible] မရောက်သေးဘူး"

"သူ ဘယ်သွားမယ်လို့ ပြောသွားလဲ ဒေါ်ဒေါ်"

"ဧရာဝတီမြစ်ဝကျွန်းပေါ်က မြို့တစ်မြို့ကို သွားတယ်"

"ဘယ်မြို့လဲ"

"ဘယ်မြို့ရယ်လို့တော့ မပြောသွားဘူး"

"ဘာကိစ္စနဲ့သွားတာလဲ ဒေါ်ဒေါ်"

ကျွန်မ သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို မမေး[illegible]ခဲ့မှန်းသိပေမယ့် ကျွှာမီးလောင်နေတဲ့ကျွန်မအတွက် သူရှိတဲ့ နေရာကို အမြန်ဆုံးသိမှ ဖြစ်မယ်။

"ကိစ္စကတော့ မိသားစုပြဿနာပဲ၊ အဲဒါ သူ့အစ်မလေး ခင်က လုပ်နိုင်းလို့ မောင်မိုးသည်းလည်း စာဝနကိစ္စ ပြီးကတည်းက ထွက်သွားတာ၊ အခုထိ ပြန်မလာသေးဘူး"

"ဒါဆို ဘယ်တော့လောက်မှ ပြန်လာမှာလဲ ဒေါ်ဒေါ်"

"အဲဒီကိစ္စပြီးမှပဲ ပြန်လာလိမ့်မယ်"

"ဟုတ်ကဲ့ပါ... ဒါဆိုရင် ကိုမိုးသည်း ပြန်ရောက်လာရင် သမီး သူ့ကို အရေးကြီးတဲ့ကိစ္စရှိလို့ တွေ့ချင်နေတယ်၊ အမြန်ဆုံးလာတွေ့ပါလို့ ပြောပေးပါနော်"

"အေး... အေး... အဲဒါ ပြောပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အပြန်ခရီးမှာတော့ အားလျှော့နွမ်းနယ်ပြီး ပြန်ခဲ့ရတယ်

မိသားစုပြဿနာတဲ့။ ဘာပြဿနာများပါလိမ့်။ လူသားတစ်ယော

ရဲ့ အတ္တလို့ ပြောရမလားမသိ။ သူတို့ မိသားစုပြဿနာက ကျွန်မ

လက်တလောပြဿနာလောက် အရေးကြီးမယ် မထင် ဘူး။

ကိုမိုးသည်း ပြန်မရောက်ခင် အာကာတို့ဘက်က လ

ဦးသွားခဲ့ရင် ကျွန်မနဲ့ ကိုမိုးသည်းဟာ ထာဝရဝေးကွာခြင်း ကမ္ဘာ

တစ်ဖက်ဆီကို ရောက်သွားမှာ အမှန်ပဲ။

ကိုမိုးသည်းကို ဒီအကြောင်းတွေ ပြောပြချင်လိုက်တာ

ဘယ်ဝယ်ဘယ်ဆီ သွားလေသည်မသိတဲ့ ကိုမိုးသည်းကို ကျွန်

ဘယ်မှာရှာရမလဲ မောင့်အတွက်။

အလွမ်းတွေ ဝေနေသလို။

ပူပင်သောကကြောင့် မျက်ရည်တွေလည်း တပေါ

ပေါက် ကြွေနေရပြီ။ ဒီကြားထဲမှာ အာကာက တစ်မျိုး။

'နင် လွတ်လွတ်လပ်လပ်နေချင်သေးတယ်ဆိုရင် စေ့စ

ကြောင်းလမ်းတာတော့ လုပ်ထားချင်တယ်'

'မထူးပါဘူး အာကာရယ်၊ စေ့စပ်တာ မလုပ်တော့

ဘူး'





'အေးပါ… နင့်သဘောပါပဲ၊ ဒါပေမဲ့ ငါ အကြာကြီး မစောင့်နိုင်ဘူးနော်၊ အဝေးဆုံးက ဒီနှစ်ပဲ'

ပြောပြောဆိုဆို အာကာမိုးထက် ထွက်သွားခဲ့တယ်။ သူ ထွက်သွားမှပဲ ကျွန်မ 'ဟင်း' ချနိုင်ခဲ့တယ်။ ကိုမိုးသည်းတစ်ယောက်သာ အချိန်မီပြန်မရောက်ခဲ့ရင် ကျွန်မရဲ့ ရှေ့ဆက်ရမယ့် ဘဝခရီးအတွက် ဘယ်လိုရင်ဆိုင်ရမလဲဆိုတာ ဆက်မတွေးရဲတော့ဘူး။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

"သမီး ဒီပန်းသည်းလေးကို အာကာအမေ ပေါ်ထက်ထက်
ဆီသွားပို့ပေးလိုက်ပါ"

အာကာမေမေဟာ စိန်ရွှေရတနာကုန်သည်မို့ ရတနာ
ပန်းသည်းဘူးကလေးကို ကျွန်မကို ပေးခိုင်းခဲ့တယ်။

"ဟင်… သမီး မသွားချင်ဘူး မေမေ"

"မသွားလို့ မရဘူး၊ သမီးဖေဖေရဲ့ အမိန့်ပဲ"

"ခုတွေပါပဲ… ဒါဆို ပေး… ပေး"

မည်သို့ပင် ကျွန်မ မသွားချင်စေကာမူ ဖေဖေ့အမိန့်
မလွန်ဆန်ရဲ။ ငယ်ငယ်ကလေးတည်းက ပုံစံခွက်နဲ့ နေခဲ့ရ





မေမေဟာ ကျွန်မကို ချစ်စေမယ့် အလိုမလိုက်ဘဲ၊ ဖေဖေ့ကို ချစ်
ကြောက်ရိုသေရသူမို့ မေမေပေးလိုက်တဲ့ ရတနာဘူးကလေးကို
ယူပြီး ပေါ်ထက်ထက်နေထိုင်ရာ စံအိမ်ချောင်းအိမ်ကို သွားခဲ့တယ်။

ကျွန်မစိတ်ထဲမှာ မကျေနပ်ပါ။ မေမေတို့ဟာ ကျွန်မကို
ပေါ်ထက်ထက်နဲ့ စကားပြောစေချင်လို့ တမင်အကွက်ဆင်ပြီး
ပန်းသည်းပို့ခိုင်းလိုက်တာပဲ ဖြစ်မှာပဲလို့ ထင်မိတယ်။

ဒီအတွေးနဲ့သွားရင်း ပေါ်ထက်ထက် အိမ်ရှေ့ကို ရောက်ခဲ့
တယ်။ အသင့်ဖွင့်ထားတဲ့ ခြံတံခါးထဲကဖြတ်ပြီး အိမ်ထဲသို့အဝင်
မှာ အမျိုးသားတစ်ယောက်ရဲ့ စကားသံ ခပ်သဲ့သဲ့ကလေး ကြား
လိုက်ရတယ်။

"ဗြော်… ဧည့်သည်ရောက်နေတယ် ထင်တယ်၊ ငါ
ဝင်လို့ ကောင်းပါ့မလား"

ကျွန်မ ဒီလိုအတွေးနဲ့ တံခါးအကွယ်မှာ ရပ်စောင့်နေ
လိုက်တယ်။ ဒီမှာတင် အမျိုးသမီးတစ်ယောက်ရဲ့ တောင်းပန်
ကြွေလျှိုးသံကို ကြားလိုက်ရတယ်။

"အန်တီရယ်… ကျွန်တော် တောင်းပန်ပါတယ်"ရောက်
မှုံး ကွယ်လွန်သွားတဲ့ ကျွန်တော့်ဖေဖေရဲ့ ဆန္ဒကိုဖြည့်



www.burmeseclassic.com

www.burmeseclassic.com



ဆည်းတဲ့အနေနဲ့ ဒီပစ္စည်းတွေကို လက်ခံပေးပါ အန်တီ'

'ငါ ဘယ်ပစ္စည်းမှ လက်မခံနိုင်ဘူး၊ မင်းကို အခုလို လက်ခံစကားပြောတာတောင် လွန်လှပြီ၊ မင်းသာ ငါ့ သားရဲ့ အသက်ကို ကယ်ခဲ့ဖူးသူမဟုတ်ရင် ငါလက်ခံ ပြီး စကားပြောမှာ မဟုတ်ဘူး'

ဒီစကားသံကို ကြားလိုက်တော့ ကျွန်မ အရမ်းတုန်လှုပ် သွားတယ်။ အာကာရဲ့အသက်ကို ကယ်တင်ခဲ့သူတဲ့။ ဒါဆို သူ ဟာ ကိုမိုးသည်းပေါ့။

ကျွန်မ အသာချောင်းမြောင်းကြည့်လိုက်တယ်။

ဟုတ်ပါပြီ။ ကျွန်မ မျှော်လင့်တောင့်တစွာ ရှာနေတဲ့ ကိုမိုးသည်းကို တွေ့လိုက်ရပါပြီ။ ဒါဆို ဘာဖြစ်လို့ ကိုမိုးသည်း က တောင်းပန်နေပါလိမ့်။ ဒီအချိန်မှာ ဒေါ်ထက်ထက်ရဲ့အသံကို ကြားလိုက်ရတယ်။

'မင်းအနေနဲ့ ပတ်သက်တဲ့အကြောင်းကို ပြောမယ်ဆိုရင် ငါ မညှာနိုင်တော့ဘူး၊ ခုချက်ချင်း ဒီအိမ်ထဲက ထွက် သွားပါ'

ဒါ ကိုမိုးသည်းကို ဒေါ်ထက်ထက်က မောင်းထုတ်နေ





တဲ့အသံပဲ။ ကျွန်မ ဆက်ပြီး နားမထောင်တော့ဘဲ လမ်းမဆီကို သွက်သွက်ကလေး လျှောက်လာရင်း ကိုမိုးသည်းကို စောင့်နေ ခဲ့တယ်။

မကြာခင်မှာ ကိုမိုးသည်း ခေါင်းငိုက်စိုက်နဲ့ ဒေါ်ထက် ထက်အိမ်ထဲက ထွက်လာခဲ့တယ်။ လမ်းပေါ်ရောက်တော့...

'ကိုမိုးသည်း'

ကျွန်မ လှမ်းခေါ်လိုက်တယ်။

'ဟင်... သံစဉ်ပါလား၊ ဘယ်လိုဖြစ်ပြီး ဒီနားကို ရောက် နေတာလဲ'

'ဘာမှ မေးမနေပါနဲ့တော့၊ သံစဉ် မောင့်ကို ပြောစရာ တွေရှိတယ်၊ တစ်နေရာရာသွားရအောင်'

'အင်း... အင်း...'

ကျွန်မတို့နှစ်ဦး တွေ့ဆုံနေကျ ကန်တော်ကြီးစောင်းကို သွားခဲ့ကြတယ်။

ကျွန်မလည်း လက်ရှိဖြစ်ပျက်နေတဲ့ အာကာနဲ့ လက်ထပ် ဖို့ စီစဉ်နေကြောင်း ပြောပြလိုက်တယ်။

'သံစဉ်ကို အာကာနဲ့ လက်ထပ်ပေးဖို့ အိမ်က စီစဉ်နေ



www.burmeseclassic.com

.www.burmeseclassic.com



ပြီး မောင့်ဆီကို အကြောင်းကြားဖို့လာတော့ မောင်
မရှိဘူး။ သံစဉ် ဘယ်လောက်စိတ်ထားငယ်နေမလဲ၊ မောင်
သိရဲ့လား"

"သံစဉ်ရယ်... မောင်လည်း ဘယ်သွားချင်ပါ့မလဲ
စေစေလုပ်ခိုင်းတဲ့ ကိစ္စတစ်ခုဟာ ဘယ်လောက်ကြာ
မယ် မပြောနိုင်လို့ သံစဉ်ကို နှုတ်မဆက်ဘဲ သွားခဲ့တာ"

"ဒါဆို သံစဉ်အတွက်ရော ထည့်မစဉ်းစားတော့ဘူးပေါ့၊
သံစဉ် ဘယ်လောက်လွမ်းသလဲ သိလား"

"မောင်လည်း သံစဉ်လိုပဲ လွမ်းတာပေါ့"

"လွမ်းတာက အရေးမကြီးဘူး အခုတော့ လက်ထပ်ဖို့
အိမ်ကလူကြီးတွေ စီစဉ်နေပြီ၊ ဘယ်လိုလုပ်ရမလဲ"

"အခု မောင်ပြန်လာပြီပဲ၊ အားလုံး အဆင်ပြေသွားမှာပါ"

"ဒါနဲ့ ဒေါ်ထက်ထက်အိမ်မှာ မောင့်ကိုတွေ့ရတော့
အရမ်းအံ့ဩမိတယ်၊ ဘာတွေလဲ... ဘာဖြစ်နေတာလဲ"

"အဲဒီအကြောင်းပြောရရင် သံစဉ် သိပ်အံ့ဩသွား
မလားပဲ"

"ပြောပါ မောင်၊ သံစဉ် သိပ်သိချင်နေတယ်"





"ပြောပါ့မယ် သံစဉ်၊ မောင်တို့မိသားစု အဖြစ်အပျက်
က ဒီလိုပါ"

* * *

ရှာပုံမြို့မှ ဆန်စက်ပိုင်ရှင် သူဌေးကြီး ဦးဘမောင်၏
တစ်ဦးတည်းသော သမီး မသက်ထား။

ရုပ်ရည်ချောမောသကဲ့သို့ သဘောဖြူ ချမ်းတဲ့ သူဌေး
သမီး။

မသက်ထားကို မော်လမြိုင်ဆန်စက်ပိုင်ရှင် သူဌေးသား
မောင်တင့်နိုင်နှင့် လူကြီးချင်း သဘောတူကာ လက်ထပ်ထိမ်း
မြားပေးခဲ့တယ်။

မိဘချင်းသဘောတူတာ လက်ထပ်ပေးခဲ့တဲ့ အိမ်ထောင်
ရေးဟာ ငွေချင်းထပ်တဲ့ အိမ်ထောင်ရေး။ အချစ်မပါ အနှစ်မပါ
နှင့် ဘဝခရီးကို လျှောက်လှမ်းခဲ့ကြတယ်။

မသက်ထားဟာ နဂိုကလည်း ချစ်သူမရှိတဲ့သူဆိုတော့
တင့်နိုင်ကို အိမ်ဦးနတ်လို သဘောထားပြီး ကောင်းစွာပြုစုပေး
ခဲ့တယ်။ အိမ်ထောင်တာဝန်လည်း နိုင်နင်းအောင် ထိန်းသိမ်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကိုတင့်နိုင်ဟာ အလုပ်ကြိုးစားတဲ့သူဆိုတော့ မသက်ထားရဲ့အဖေ သူဌေးကြီး ဦးအမောင်ဟာ သိပ်သဘောတူတာပေါ့။

ဒါကြောင့် စီးပွားရေးချဲ့တဲ့အနေနဲ့ ဒေးဒရဲဘက်မှာ ဆန်စက်တစ်စက် တည်ပေးလိုက်တယ်။ ကိုတင့်နိုင်ဟာ အဲဒီဆန်စက်မှာ အုပ်ချုပ်ခဲ့တယ်။ အပြောချိုတဲ့ ကိုတင့်နိုင်ဟာ စီးပွားရေးမှာ အောင်မြင်သလို လူချစ်လူခင်များခဲ့တယ်။ မသက်ထားကတော့ ဖအေနဲ့အတူ ဖျာပုံမှာပဲ နေခဲ့တယ်။

ကိုတင့်နိုင်ကတော့ ဖျာပုံနဲ့ ဒေးဒရဲ ကူးချည်သန်းချည်ပေါ့။ သူတစ်ယောက်တည်း စက်ထဲမှာနေတယ်ဆိုတော့ ကိုတင့်နိုင်ကို လူပျိုလူလွတ်တစ်ယောက်လို့ ထင်ခဲ့ကြတယ်။

ဒေးဒရဲမှာ စက်တည်လိုက်တာဟာ ကိုတင့်နိုင်တို့ အိမ်ထောင်ရေး ပြိုကွဲစေဖို့ အကြောင်းဖန်လာတယ်။

ကိုတင့်နိုင်ဟာ လူချောလူခန့်တစ်ယောက်မို့ ချစ်ခင်သူတွေ ပေါများလှတယ်။ အဲဒီအချိန်မှာ ကိုတင့်နိုင်ဟာ ဒေးဒရဲမြို့သူ ကွမ်းတောင်ကိုင် အလှပဂေး 'မသီတာ' ဆိုသူနဲ့ မမျှော်လင့်ဘဲ တွေ့ဆုံခဲ့တယ်။

မသီတာဟာ ပုရိသယောကျ်ားများ ငေးယူရအောင်လှ





တယ်။ မိန်းမသာရပေမယ့် ချစ်သူရည်းစားတောင် မထားခဲ့ဖူးတဲ့ ကိုတင့်နိုင်တစ်ယောက် မသီတာကိုတွေ့တော့ ရင်ထဲက ချစ်ဖူးတဲ့ အချစ်တွေနဲ့ ချစ်ခဲ့မိတယ်။

အိမ်ထောင်ရှင်တစ်ယောက်မို့ အမျိုးမျိုး စဉ်းစားပေမယ့် မိန်းမနဲ့ ဝေးကွာနေချိန်မှာ မသီတာနဲ့ အနေနီးစပ်တော့ သူ့ရဲ့အချစ်တွေကို ဘယ်လိုမှ ထိန်းချုပ်လို့ မရနိုင်ခဲ့ဘူး။

မကြာခင်မှာ မသီတာနဲ့ ချစ်သူတွေဖြစ်ခဲ့ကြတယ်။

ကိုတင့်နိုင်ဟာ သူ့မှာ အိမ်ထောင်ရှိမှန်းပြောဖို့ စဉ်းစားမိပေမယ့် မသီတာ မုန်းသွားမှာကြောက်လို့ အမှန်ကို ဖွင့်မပြောနိုင်ခဲ့ဘူး။

ကံကြမ္မာ ဖန်လာတဲ့နေ့ကို ပြောရမလားမသိ။

ကိုတင့်နိုင်နဲ့ မသီတာတို့ ချိန်းတွေ့ရင်း အချိန်လွန်သွားခဲ့တယ်။

အိမ်မပြန်ရဲတဲ့ မသီတာကို ကိုတင့်နိုင်ဟာ ပင်လယ်ဝရွာကလေး တစ်ရွာဖြစ်တဲ့ 'အကယ်ရွာ' ကို ခိုးပြေးခဲ့တယ်။

သုံးရက်မြောက်တဲ့နေ့မှာ မသီတာတို့ဘက်က လူကြီးတွေ ရောက်လာပြီး မသီတာကို ပြန်ခေါ်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သားသမီးဟာ ဟင်းရွက်တန်းရွှန်း မဟုတ်ဘူး
ငါ့သမီးကို တကယ် မေတ္တာစစ်နဲ့ ချစ်တယ်ဆိုရင် မင်း
မိဘဆွေမျိုးပြီး မိသားစုဘဝ တောင်းရမ်းလှည့်ပါ"

ကိုတင့်နိုင်ရင်ခွင်ထဲက မသီတာကို ဆွဲထုတ်ခေါ်ဆောင်သွားခဲ့တယ်။ ကိုတင့်နိုင်လို သားမယားရှိတဲ့သူအတွက် ဘယ်မိဘကိုခေါ်ပြီး ဘယ်လိုတောင်းရမလဲ။

စိတ်ညစ်ညစ်နဲ့ ကိုတင့်နိုင် မျက်နှာပြန်သွားခဲ့တယ်။ အဲဒီအချိန်မှာ မသက်ထားဟာ ကိုယ်ဝန်အရင့်အမာနဲ့ မွေးခါနီးအချိန်ဖြစ်နေတယ်။

"မောင်တင့်နိုင် ပြန်လာတာနဲ့ အတော်ပဲ၊ မင်းမိန်းမ
မီးဖွားခါနီးပြီ၊ တစ်ရက် နှစ်ရက်ဆိုရင် မွေးတော့မတဲ့"

သူ့ယောက္ခမကြီး ဒေါ်မြနှစ်က သားမက်ဖြစ်သူ ကိုတင့်နိုင်ကို ပြောလိုက်ပါတယ်။

ယောက္ခမကြီး ဒေါ်မြနှစ်ပြောသလိုပဲ နောက်နှစ်ရက်အကြာမှာ မသက်ထား ဗိုက်နာပါတော့တယ်။

တော်တော်နဲ့ မမွေးနိုင်လို့ တစ်အိမ်သားလုံး စိတ်ပူခဲ့ရတယ်။





အဲဒီအချိန်မှာ အချိန်အခါမဟုတ်တဲ့ မိုးသည်းသည်းကြီး ရွာချလိုက်တယ်။

"ဝါး..."

ဝါးခနဲ အော်မြည်သံနဲ့အတူ သားကလေး မွေးဖွားခဲ့တယ်။ အချိန်အခါမဟုတ် ရွာတဲ့ မိုးသည်းသည်းမှာမွေးလို့ "မောင်မိုးသည်း" လို့ အမည်ပေးခဲ့တယ်။

ကိုတင့်နိုင်ဟာ မီးဖွားကာစ မိန်းမနားမှာနေရတဲ့အတွက် မသီတာဆီကို ဘယ်လိုမှ အဆက်အသွယ် မလုပ်နိုင်ခဲ့ဘူး။

မသီတာကတော့ တစ်နေ့ လော်လိုင်နဲ့ စောင့်ခဲ့ရှာတယ်။

ဒီလိုစောင့်ရင်း မသီတာမှာ ပဋိသန္ဓေရှိခဲ့တယ်။ မသီတာမိဘနှစ်ပါးလည်း သမီးအတွက် အရှက်ရခဲ့တယ်။ ကိုတင့်နိုင်အကြောင်းကို လိုက်လံစုံစမ်းတဲ့အခါ မိန်းမနဲ့ ကလေးပါ ရှိနေတာသိရလို့ ရှက်ဒေါသနဲ့ ယူကျုံးမရဖြစ်ခဲ့ကြတယ်။ မသီတာဟာ သားကလေးမွေးပြီး နောက်ပိုင်းမှာ ဒေသခံမြို့က ထွက်ခွာသွားခဲ့တယ်။ မသီတာဟာ ဘဝကို အစဖျောက်ပြီး ဘယ်ကိုရောက်သွားတယ်ဆိုတာ မသိခဲ့ကြတော့ပေ။

ကိုတင့်နိုင်ဟာ မသက်ထားကို ဖွင့်ပြောပြီး မသီတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သားကလေးကို တိတ်တဆိတ် လိုက်ရှာပေမယ့် ဘယ်လိုမှ မတွေ့ခဲ့ဘူး။

ဆယ်နှစ်လောက်အကြာမှာ ကိုတင့်နိုင်တို့ စီးပွားရေး ကျဆင်းလာတာမို့ ဆန်စက်အားလုံးကိုရောင်းပြီး ရန်ကုန်မှာ အခြေချခဲ့တယ်။

ဘုရင့်နောင်ဈေးမှာ ပွဲရုံတည်ပြီး စီးပွားရေးလုပ်ခဲ့တယ်။ ကိုမိုးသည်း အသက်ဆယ်နှစ်အရွယ်မှာ ဒေါ်သက်ထား ကွယ်လွန်ခဲ့တယ်။ ကိုတင့်နိုင်ဟာ မသီတာတို့သားအမိကို ထပ်မံလိုက်ရှာခဲ့တယ်။

နှစ်ပေါင်းများစွာ ကြာသွားတာကြောင့် သတင်းအစအနတောင် မကြားခဲ့ရပေ။ နောက် ဆယ်နှစ်ကျော်အကြာမှာ ကိုတင့်နိုင်ဟာ တရှောင်ရှောင် နေမကောင်းဖြစ်ခဲ့တယ်။ အထူးကုဆရာဝန်နဲ့ပြတော့ အသည်းကင်ဆာတဲ့။ ဘယ်လောက်အကုန်ခံကုပေမယ့် တစ်စတစ်စ ရောဂါကကျွမ်းခဲ့ပြီ။

ဦးတင့်နိုင် ကွယ်လွန်ခါနီးအချိန်မှာ ကိုမိုးသည်းကို ခေါ်ပြီး…

'သား… ဖေဖေ့ကို ကတိတစ်ခုပေးပါကွာ'





'ပေးပါမယ် ဖေဖေ၊ ပြောမှာသာ ပြောပါ'

'ဖေဖေ ဆုံးပါးသွားရင် မသီတာတို့သားအမိကို ချက်ချင်း သွားရှာပါ၊ ဖေဖေ့ရဲ့ စည်းစိမ်တစ်ဝက်ကို သူတို့သားအမိကိုပေးပါ သားရယ်'

ဖခင်ကြီးရဲ့ အကြောင်းကို သိထားတဲ့ ကိုမိုးသည်းမှာ မျက်ရည်များကျရင်း…

'ဖေဖေတောင်းတဲ့ ကတိအတိုင်း သား ဆောင်ရွက်ပေးပါ့မယ် ဖေဖေ'

'အေး… အေး…'

နောက်ဆုံးမှာ ဦးတင့်နိုင်တစ်ယောက် မသီတာတို့သားအမိနဲ့ တွေ့ခွင့်မရဘဲ ကွယ်လွန်သွားခဲ့ပါတယ်။

ဦးတင့်နိုင်ရဲ့ ရက်လည်ပြီးပြီးချင်းပဲ ကိုမိုးသည်းဟာ မသီတာတို့ သားအမိ ရှာပုံတော်ဖွင့်ခဲ့ပါတယ်။ ဖျာပုံ၊ ဒေးဒရဲ အစရှိတဲ့ မြို့ကြီးများဆီကို သွားရောက်စုံစမ်းခဲ့ပါတယ်။

တစ်လကျော်လောက် စုံစမ်းခဲ့ပေမယ့် အကြောင်းမထူးခဲ့ဘူး။ နောက်ဆုံးမှာ ပင်လယ်ဝက 'အကယ်ရွာ'ကို ရောက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အကာယ်ရှာက ဘကြီးမောင်ဆိုတဲ့အကိုးကြီးတစ်ယောက်
နဲ့ တွေ့ခဲ့တယ်။

"မင်းအမေတို့ နိုးပြေးတုန်းက အဲ့ဒါရဲ့အိမ်မှာ တည်းခဲ
ပေါ့၊ အဘဟာ မသီတာတို့ မိဘတွေနဲ့ ရွာချင်းမကောင်း
တော့ အဘပဲ အကြောင်းကြားလိုက်တာ"

"ကြော်..."

"မင်းအမေ့ကိုလည်း လူမျိုးလူလွတ်ထင်လို့ မိဘနဲ့ရာ
တောင်းဖို့ ပြောလိုက်တယ်၊ နောက်မှ မင်းအမေ
မိန်းမရှိမှန်း သိခဲ့တယ်၊ မသီတာတို့ဟာ အရက်တော
အကျိုးနည်းဖြစ်ပြီး အဝေးကို ပြောင်းသွားခဲ့တယ်၊ လွန်ခဲ့
တဲ့နှစ်နှစ်ကတောင် မင်းအမေဟာ အဘဆီကိုတစ်ပြိ
မသီတာတို့သားအမိအကြောင်း စုံစမ်းသွားခဲ့တယ်၊ အဲ
တုန်းကတော့ အဘလည်း ဘာအကြောင်းမှ မသိ
ပြောမပြနိုင်ခဲ့ဘူး၊ အခုတော့ သိပြီ"

"အခုသိပြီ ဟုတ်လား အဘ၊ ဒါဆိုရင် ပြောပါဦး"

"သိပြီဆိုတာ ဒီလိုကွဲ့၊ မနှစ်က ရွှေဘက်မှာ မသီတာ
ဟာ သူ့မိဘတွေအတွက် ဆေးရုံဘုရားကြီးမှာ ရွှေ



လှူရင်း အဘဆီကို ရောက်လာတယ်၊ သူ့သားလေး
လည်း ပါလာတယ်၊ သူ့သားလေးနာမည်က ခင်ဆန်း
ဆန်းပဲ၊ ဘာတဲ့... ကြော်... သိပြီ မောင်ကာနိုးထက်တဲ့"

"ဗျာ..."

ကိုမိုးသည်း လွန်စွာအံ့ဩသွားခဲ့ရတယ်။

"ဒါဆို သူ့အမေနာမည်က 'ဒေါ်ထက်ထက်' မဟုတ်
လား"

"ဟုတ်တယ်... မသီတာကနေ ထက်ထက်လို့ အမည်
ပြောင်းထားတယ်လို့ ပြောတယ်"

"ဘာဖြစ်လို့ နာမည်ပြောင်းလိုက်တာလဲ အဘ"

"ကြော်... မသီတာဆိုတဲ့ ဆေးမြတဲ့ဘဝကလေးကို
ပြည်ဖုံးကားချလိုက်ပြီး ဘဝမှာ ထက်ထက်မြက်မြက်
ရှိချင်လို့ ထက်ထက်လို့ ပြောင်းလိုက်တာလို့ ပြောသွား
တယ်"

"ဒါဆို သူတို့ ရန်ကုန် ဇမ်းချောင်းမှာနေတယ်လို့ရော
ပြောသွားသေး အဘ"

"အေး... အေး... အဘကို လိပ်စာပေးသွားတာ



www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်း ... လမ်းပဲ'

'ကျေးဇူးပဲ အဘ၊ စမ်းချောင်းကအိမ်ကို ကျွန်တော် တစ်ခေါက်ရောက်ဖူးတယ်'

မှန်ပါတယ်။ အာကာမိုးထက် ပုပ္ပားမှာ ခြေချော်ကျတုန်းက အသက်ကယ်လိုက်တဲ့အတွက် ရန်ကုန်ပြန်ရောက်တော့ ကိုမိုးသည်းကို အာကာက အိမ်ခေါ်သွားခဲ့တယ်။ မိခင် ဒေါ်ထက်ထက်နဲ့ မိတ်ဆက်ပေးခဲ့တယ်။

ဒေါ်ထက်ထက်ဟာ ရင့်ကျက်တဲ့အလှနဲ့ လှပနေဆဲ။

တစ်ဦးတည်းသော သားကလေးကို ကယ်တင်ခဲ့တဲ့ ကိုမိုးသည်းကို ကျေးဇူးအထပ်ထပ်တင်ခဲ့တယ်။ အာကာကလည်း ကျေးဇူးရှင်ဆိုတဲ့ အသိနဲ့ ခင်ခင်မင်မင် ပေါင်းသင်းဆက်ဆံခဲ့တယ်။

အခုတော့ အာကာမိုးထက်က ကိုမိုးသည်းရဲ့ ညီလေးတဲ့။ ကံကြမ္မာဟာ မယုံနိုင်စရာပါပဲ။

ဒီအကြောင်းကိုသိပြီးနောက် ရန်ကုန်ကို အမြန်ဆုံးပြန်လာခဲ့တယ်။ နောက် စမ်းချောင်းမှာနေတဲ့ ဒေါ်ထက်ထက်နဲ့ သွားရောက်တွေ့ဆုံခဲ့တယ်။





အိမ်ထဲကို ဝင်ဝင်ချင်းမှာတော့ အာကာမိုးထက်ရဲ့ အသက်သခင်မှန်းသိလို့ ချိုသာစွာ ဧည့်ခံခဲ့တယ်။ ဒါပေမဲ့ ဖေဖေ့ကိုပေးထားတဲ့ကတိကြောင့် ကျွန်တော်တို့ရဲ့ ဘဝမှန်ကို ဖွင့်ပြောခဲ့တယ်။

'ကျွန်တော် အန်တီကို အရေးကြီးတဲ့ စကားတစ်ခွန်းလောက် ပြောပါရစေ'

'မေးပါ'

'အရင်တုန်းက အန်တီနာမည်ဟာ ဒေါ်သီတာ ဟုတ်ပါသလား'

'ဟုတ်တယ်၊ ဒီနာမည်ကို ဘာဖြစ်လို့မေးတာလဲ'

ဒေါ်ထက်ထက်က ခပ်ထန်ထန်မေးလိုက်တယ်။

'ဒါဆို အန်တီဟာ ဦးတင့်နိုင်ဆိုတဲ့ သူတစ်ယောက်နဲ့ သိကျွမ်းဖူးပါသလား'

'မင်း... မင်း ဘယ်သူလဲ'

'ကျွန်တော်ဟာ ဦးတင့်နိုင်ရဲ့သား မောင်မိုးသည်းပါ'

'ဘုရား... ဘုရား... ကိုတင့်နိုင်ရဲ့သား မောင်မိုးသည်း ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထက်ထက်ရဲ့ တစ်ကိုယ်လုံး တုန်ယင်ပြီး ခေါ်သံ ထွက်နေတယ်။

"မင်း ငါ့ကို ဘာနှောင့်ယှက်ဖို့ လာတာလဲ၊ မင်းတို့ သားအတွန်းမယောက်ရဲ့ မျက်နှာကို သေတောင် မတွေ့ချင်ဘူး"

"ကျွန်တော် နှောင့်ယှက်ဖို့လာတာ မဟုတ်ပါဘူး မေမေ မဆုံးခင်..."

"ဟင်... မင်းအမေဆုံးပြီလား"

မေမေ ဆုံးပြီလို့ သိလိုက်တော့ ဒေါ်ထက်ထက်ရဲ့မျက်နှာ ဟာ အံ့သြမှုတွေကြားက ဝမ်းနည်းခြင်းတွေကို တွေ့လိုက်ရ တယ်။

"ဟုတ်ပါတယ် အန်တီ၊ မေမေဟာ လွန်ခဲ့တဲ့ တစ်လ ကသဲ ဆုံးသွားပါပြီ၊ မေမေ မဆုံးခင် ကတိတစ်ခုတောင်း ခဲ့ပါတယ်၊ အဲဒါကတော့ သူဟာ အန်တီတို့သားအမိ အပေါ်မှာ တာဝန်မကျေနိုင်ခဲ့တဲ့အတွက် မေမေပိုင်ဆိုင် တဲ့ ဥစ္စာပစ္စည်းတွေရဲ့ တစ်ဝက်ကို ခွဲပေးဖို့ ပြောခဲ့ပါ တယ်၊ ဒါကြောင့် လိုက်ရှာခဲ့တာပါ"

"ကြော်... ကိုတင့်နိုင်... ကိုတင့်နိုင် ကျွန်မ ရှင့်ဆီက





လိုချင်တာ ငွေကြေးမဟုတ်ဘူး ဘဝတစ်ခုလုံးမှာ သုံး ရက်ပဲပေါင်းခဲ့ရတာဟာ အချစ်တဲ့လား၊ ရှင်ဟာ ရက် ရက်စက်စက် ပစ်ခွာခဲ့ပြီးမှ ငွေကြေးဥစ္စာပစ္စည်းတွေကို လျော်ကြေးပေးတာလား"

"မဟုတ်ပါဘူး အန်တီ၊ မေမေဟာ ကျွန်တော်မွေးနေကဲ့ အတွက် အန်တီဆီကို ချက်ချင်းပြန်မလာနိုင်တာပါ၊ နောက်တော့ သွားရှာပါသေးတယ်၊ အန်တီတို့ ပြောင်း သွားလို့ မတွေ့တော့တာပါ၊ ကျွန်တော်တောင် အကယ် ရွာက ဘကြီးမောင်နဲ့တွေ့လို့ အန်တီဆီကို လာနိုင်တာပါ"

"ကြော်... မင်းက ဘကြီးမောင်နဲ့ တွေ့ခဲ့တာကိုး"

"ဟုတ်ပါတယ် အန်တီ၊ အဖြစ်အပျက်တွေအားလုံး လွန် ခဲ့ပါပြီ၊ အန်တီရယ် ကျွန်တော် တောင်းပန်ပါတယ်၊ နောက်ဆုံး ကွယ်လွန်သွားတဲ့ ကျွန်တော့်မေမေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ ဒီပစ္စည်းတွေကို လက်ခံပေး ပါ အန်တီ"

"ငါ ဘယ်ပစ္စည်းမှ လက်မခံနိုင်ဘူး၊ မင်းကို အခုလို လက်ခံစကားပြောတာတောင် လွန်လှပြီ၊ မင်းသာ ငါ့



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့အသက်ကို ကယ်ခဲ့ဖူးသူမဟုတ်ရင် ငါ လက်ခံပြီး စကားပြောမှာမဟုတ်ဘူး’

‘အန်တီရယ်… ကျွန်တော့်ကို နားလည်ပေးပါ’

‘မင်းအမေနဲ့ ပတ်သက်တဲ့အကြောင်းကို ပြောမယ်ဆိုရင် ငါ မညှာနိုင်တော့ဘူး၊ ခုချက်ချင်း ဒီအိမ်ထဲက ထွက်သွားပါ’

အန်တီဒေါ်ထက်ထက်ရဲ့ အသံက ဟိန်းထွက်လာတယ်။ ဒေါသကြောင့်လား၊ ဝမ်းနည်းကြေကွဲမှုကြောင့်လား၊ သူမသာလျှင် သိမည်မဟုတ်ပါလား။

ကိုမိုးသည်းက အကြောင်းကို မခြွင်းမချန် ပြောပြခဲ့တယ်။

‘ဒါဆို အာကာမိုးထက်နဲ့ မောင်နဲ့ ညီအစ်ကိုအရင်းပေါ့နော်’

‘ဟုတ်တယ် သံစဉ်၊ ဇာတ်လမ်းတွေက ဘယ်တ… ဘယ်လိုရှုပ်ထွေးသွားမှန်းတောင် မသိဘူး’

‘ဒါဆိုရင် မောင် အဝေးကိုထွက်မသွားရတော့ဘူးပေါ့နော်’





‘မောင် ဘယ်ကိုမှ မသွားတော့ဘူး၊ အချစ်ကလေး သံစဉ်နဲ့ပဲ အတူနေဖို့ ဆုံးဖြတ်ထားတယ်’

မောင့်ဆီက ဒီစကားကိုကြားတော့ ကျွန်မ အရမ်းပျော်သွားတယ်။ ကျွန်မဘက်မှာ မောင်ရှိနေတော့ ဘာဝရဲ့အင်အားပေါ့။ ကျွန်မ မချစ်မနှစ်သက်တဲ့ အာကာကို လုံးဝလက်မခံနိုင်တဲ့အကြောင်း မိဘတွေကို တင်ပြမယ်လို့ ဆုံးဖြတ်လိုက်တယ်။

‘ဒါဆိုရင် ဖေဖေတို့ မေမေတို့ကို မောင်နဲ့ချစ်နေတာ ပြောပြမှ ဖြစ်မယ်’

‘သံစဉ် ပြောပြထားလိုက်ပါ၊ မောင်ဟာ မိသားဖသားပီပီ လာပြီးတောင်းပါ့မယ်’

နေအင်အား၊ ပညာအင်အား ပြည့်စုံနေတဲ့ ကိုမိုးသည်းလို လူတစ်ယောက်ကို ကျွန်မမိဘများ ငြင်းပယ်မှာမဟုတ်ဘူးလို့ ထင်ခဲ့တယ်။ ဒါကြောင့် ကိုမိုးသည်းနဲ့ ကျွန်မအကြောင်းကို မိဘများကို ဖွင့်ပြောတယ်ဆိုရင်ပဲ မထင်မှတ်တဲ့ အဖြစ်အပျက်တွေနဲ့ ပေါက်ကွဲကြတယ်။

‘သမီးရဲ့ အိမ်ထောင်ရေးကို လွယ်လွယ်နဲ့ ဆုံးဖြတ်လို့ မရဘူး၊ မောင်မိုးသည်းဟာ ငွေကြေးချမ်းသာမှုရော ပညာပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



မှုပါ ရှိတယ်ဆိုစေမယ့် ထက်ထက်ကို မေမေတို့က ကတိပေး
ထားပြီးပြီ လူကြီးလုပ်ပြီး ကိုယ်ပေးထားတဲ့ကတိကို မဖျက်နိုင်ဘူး
အဲဒီတုန်းက သမီးလည်း မငြင်းခဲ့ဘူး"

"အဲဒီတုန်းက ကိုမိုးသည်းက ပျောက်နေတော့ သမီး
ဘာမှမပြောနိုင်ခဲ့ဘူး မေမေ"

"ဘာပဲဖြစ်ဖြစ် အချစ်ရေးမှာ ကံဆိုးရှာတဲ့ ထက်ထက်ကို
သမီးက နှစ်သိမ့်ပေးပါ၊ သူ့ရင်ကို ထပ်မခွဲပါနဲ့၊ သမီး
သာ မောင်မိုးသည်းနဲ့ယူရင် ထက်ထက်တို့သားအမိ
ဘယ်လောက်စိတ်မကောင်းဖြစ်မလဲ"

"မေမေ သမီး အနိဂတ်ကို စာနာပါတယ်၊ ဒါပေမဲ့ သူတို့
သားအမိကို စာနာသောအားဖြင့် သမီးဘဝနဲ့ လဲရမယ်
ဆိုရင် မမှန်ကန်ဘူး မေမေ၊ သူတို့ရဲ့ အတိတ်ကြွေး
ဦးတင့်နိုင်ဆီမှာတင်တာ၊ ကိုမိုးသည်းဆီမှာ မဟုတ်ဘူး"

"ဘာပဲပြောပြော မေမေတို့ လူကြီးချင်းပြောထားတဲ့
အတွက် သမီးဟာ အတတ်ကိုပဲ လက်ထပ်ရမယ်"

မေမေဟာ ဒေါသတကြီးပြောပြီး အခန်းထဲဝင်သွား
တယ်။ ကျွန်မ ဘာမှထပ်ပြီး ပြောခွင့်မရဘူး။





"မေမေ မတရားဘူး၊ မေမေ မတရားဘူး"

ကျွန်မစိတ်ထဲက အော်ပြောရင်း မျက်ရည်ပေါက်ပေါက်
ကျလာတယ်။ ကျွန်မက ဘာပဲဖြစ်ဖြစ် မောင့်ကိုပဲ လက်ထပ်မယ်။
ဒီလို ခွဲခြဲတဲ့ သန္နိဋ္ဌာန် ချလိုက်တယ်။ ကျွန်မလည်း ဘယ်သူ့ကို
မှ စကားမပြောချင်တာကြောင့် အခန်းတံခါးကို ပိတ်လိုက်ပြီး
အခန်းထဲမှာပဲ တစ်နေကုန် နေပစ်လိုက်တယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

အိမ်ရှေ့မှာ ကားရပ်သံကြားလို့ကြည့်လိုက်တော့ အာကာ
မိုးထက်။

ကားသော့ကလေးကို လက်ညှိုးနဲ့လှည့်ရင်း အိမ်ထဲကို
ဝင်လာခဲ့တယ်။ အာကာမိုးထက်ကို မြင်တော့ တော်တော်စိတ်
ညစ်သွားတယ်။ ကျွန်မတို့မိသားစုကတော့ အာကာကို ကောင်းမွန်
စွာ ကြိုဆိုဧည့်ခံခဲ့တယ်။

'သံစဉ်'

'ဘာလဲ'

'ငါ့အမေက ငါတို့လက်ထပ်ပွဲအတွက် ကြိုပြီး ကားတစ်
စီးဝယ်ပေးခဲ့တယ်၊ အဲဒါ နင်ကြိုက်လားလို့ လာပြတာ'





'နင် အဲ့ဒီလိုတွေ လာပြောမနေနဲ့၊ ငါကြိုက်ကြိုက် မကြိုက်
ကြိုက် ဒီကားက ဝယ်ပြီးပြီမဟုတ်လား'

'ဝယ်ပြီးပေမယ့် နင်မကြိုက်ရင် နင်ကြိုက်တဲ့ကားနဲ့
လဲပေးမယ်ဟာ'

'တော်ပါပြီ… ငါ ဘာကားမှမကြိုက်ဘူး'

အမှန်တော့ ဒေါ်ထက်ထက်ကို ကျွန်မ သနားပါတယ်။
ဒေါ်ထက်ထက်ဟာ စိန့်ရွှေရတနာ ရောင်းဝယ်ခြင်းအလုပ်နဲ့ ရပ်
တည်နေသူပါ။ အလွန်ချမ်းသာတဲ့သူ မဟုတ်ပေမယ့် စားနိုင်
သောက်နိုင်သူ တစ်ဦးပါ။ ဖေဖေတို့နဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေ
တွေဖြစ်ပြီး တစ်ယောက်ကျေးဇူးတစ်ယောက် ရှိခဲ့ဖူးသူပါ။ ဒီ
မျက်နှာထောက်ပြီး အာကာနဲ့ သဘောတူခဲ့တယ်။

အခုလည်း အာကာ အားငယ်မှာစိုးလို့ စီးပွားရေးလုပ်နေ
တဲ့ ငွေထဲက ကားဝယ်ပေးလိုက်တာပဲ။

'သံစဉ် ငါနဲ့ တစ်ခုခုသွားစားရအောင်'

'မလိုက်ချင်ပါဘူး'

ကျွန်မတို့နှစ်ဦး စကားပြောနေစဉ် ဘွားဘွားကြီးက

'သမီး လိုက်သွားလေ၊ စကားလေးဘာလေး ပြောမှပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားကြီးပြောမှ သတိရတယ်။ သူ့ကို လက်မထပ်
နိုင်တဲ့အကြောင်း အရင်ဦးဆုံးပြောပြမှ ဖြစ်မယ်။ ဒါကြောင့်
ကျွန်မ စိတ်ပြောင်းသွားပြီး…

'အာကာ ငါလိုက်ခဲ့မယ်'

လို့ ပြောလိုက်တယ်။

အာကာရဲ့ မျက်နှာ ပြုံးရွှင်သွားပြီး…

'သိစဉ် လာ… သွားကြစို့'

လို့ ပြောလိုက်တယ်။ ကားပေါ်ရောက်တော့…

'အာကာ နင်နဲ့ ငါ စကားပြောစရာရှိတယ်'

'အေး… ငါလည်း နင်နဲ့ စကားပြောစရာ ရှိတယ်'

'ဒါဆို နင် အရင်ပြော'

ကျွန်မက အာကာ့ဘက်ကို အရင်ပြောဖို့ ပြောလိုက်
တယ်။

'နင် ကိုမိုးသည်းအကြောင်း သိပြီးပြီလား'

'ဘယ်အကြောင်းလဲ'

ကျွန်မက သိပြီးပေမယ့် မသိဟန်ဆောင်ပြီး မေးလိုက်
တယ်။





'ဟိုတစ်နေ့က ငါမရှိတုန်း ငါ့အမေဆီကို ကိုမိုးသည်း
ရောက်လာတယ်၊ သေသွားတဲ့ သူ့အမေဟာ ငါ့အမေ
တဲ့၊ နောက် သူတို့ မွေးညီးတစ်ဝက်ကို ငါ့ဗိုက်ကို မေးချင်
တယ်လို့ ပြောသွားတယ်တဲ့'

'အဲဒီတော့ နင့်အမေက ဘာပြန်ပြောလဲ'

'မေမေက အရမ်းဒေါသထွက်တာပေါ့၊ ငါတို့ဟာ သူတို့
လောက် မချမ်းသာပေမယ့် လူတန်းစေ့တော့ နေနိုင်ပါ
တယ်၊ ငါ့အမေက ယောက်ျားတစ်ယောက်ဖြစ်ပြီး တာဝန်
မယူခဲ့တဲ့ ဦးတင့်နိုင်ရဲ့စိတ်ဓာတ်ကို အရမ်းမုန်းတာ၊
သူဟာ ဘယ်လောက်အရှက်ရနေသလဲ၊ ဘယ်လောက်
သိက္ခာကျနေသလဲ၊ ဒါကို နာကြည်းတာ၊ ဒါကြောင့်
ဒီအကြောင်း ပြောမယ်ဆိုရင် အိမ်မလာခဲ့နဲ့လို့ ပြောလိုက်
တယ်'

'ဒါဆို ကိုမိုးသည်းဟာ နင်နဲ့ ညီအစ်ကိုအရင်းပေါ့နော်၊
နင်ကရော ကိုမိုးသည်းအပေါ်မှာ ဘယ်လိုစိတ်ထား
သလဲ'

'အမှန်အတိုင်းပြောမယ်နော်'

www.burmeseclassic.com



'ဖြေပါ'

'ကိုမိုးသည်းကို တွေ့တဲ့အချိန်ကစပြီး ငါ ဘာကြောင့်မှန်း မသိဘူး၊ ကြည့်မရခဲ့ဘူး၊ ဒါပေမဲ့ ပုပွားသွားတဲ့အချိန်မှာ ငါ့အသက်ကို ကယ်လိုက်တော့ ငါတို့နှစ်ယောက်ဟာ ခင်မင်တဲ့ သူငယ်ချင်းတွေ ဖြစ်သွားခဲ့တယ်၊ သူ့အဖေလို့ထင်တဲ့ ငါ့အဖေကို သူ့ကြောင့် မအေးခင် တွေ့ဖူးခဲ့တယ်၊ ငါ့အဖြစ်က ဒီလောက်တောင် ဆိုးဝါးခဲ့တယ်၊ အဖေကို တွေ့ပါရက်နဲ့ အဖေလို့တောင် ခေါ်ခွင့် သိခွင့်မရခဲ့ဘူး'

'ဟုတ်ပါတယ် အာကာရယ်၊ ဒီအဖြစ်ကို တွေးမိတိုင်း ငါလည်း စိတ်မကောင်းဘူး'

အာကာဟာ ကားကလေးကို မောင်းလာခဲ့တာ တဖြည်းဖြည်းနဲ့ မင်္ဂလာဒုံကို ရောက်လာခဲ့တယ်။

'ဒါနဲ့ ဓာတ်တစ်တွေ ဘွဲ့လည်းရပြီးပြီ၊ ဘွဲ့လွန်လည်း ဖြေထားပြီးပြီဆိုတော့ တို့နှစ်ယောက် ရှေ့လလောက်မှာ လက်ထပ်ရအောင်နော်'





'အေး… အဲဒီကိစ္စ ငါပြောမလို့'

'ပြော'

'နင် စိတ်မဆိုးနဲ့နော်'

'ပြောမှာသာ ပြောပါ'

'ငါ နင်နဲ့ လက်မထပ်နိုင်ဘူး'

တုံးတိတိပြောလိုက်တဲ့ ကျွန်မရဲ့စကားကြောင့်…

'ဘာ…'

ဟူသော အာကာရဲ့ အာမေဋိတ်သံဟာ ဟိန်းထွက်လာခဲ့တယ်။

'ငါ နင်နဲ့ လက်မထပ်နိုင်ဘူးလို့ ပြောတာ'

'ဘာကြောင့် လက်မထပ်နိုင်ဘူးလို့ ပြောတာလဲ'

'ငါ ရှင်းရှင်းပဲပြောမယ်ဟာ၊ ငါနဲ့ ကိုမိုးသည်းတို့ ချစ်သူတွေဖြစ်နေကြပြီ'

'ကိုမိုးသည်းနဲ့ နင်နဲ့က ချစ်သူတွေ ဟုတ်လား'

'ဟုတ်တယ်'

'အံ့သြတယ် သံစဉ်၊ နင်နဲ့ ငါနဲ့ဟာ လူကြီးချင်းသဘော



www.burmeseclassic.com

www.burmeseclassic.com



ထွေးထားတာ နှစ်နှစ်လောက်ရှိပြီ၊ မေ့ပျောက်နေရာကမှ ရောက်လာတဲ့သူက နင့်ချစ်သူဖြစ်ရတယ်လို့"

"အေး… ချစ်သူဆိုတာ ဆောတယ် ပျောက်ကျတယ်ဆိုတာ မရှိဘူး၊ အသည်းနှလုံးက လက်ခံမှ ဖြစ်တဲ့ကိစ္စပဲ"

"ဘာပဲဖြစ်ဖြစ် နင် ငါ့ကို သက်သေပြရမယ်"

"နင်က ငါ့ကို အမိန့်ပေးတာလား"

"အမိန့်ပေးတာ မဟုတ်ပေမယ့် ဒီကိစ္စဟာ အားလုံးစိတ်ညစ်ပြီးသွားပဲ၊ ကိုမိုးသည်းကို နင့်အသည်းနှလုံးထဲက ဖယ်ထုတ်လိုက်"

"အဲဒီကိစ္စ ငါပြောချင်လို့ လိုက်လာခဲ့တာ၊ နင့်ကားကို ငါစီးချင်လို့ မဟုတ်ဘူး"

"ပြော"

"ငါ ကိုမိုးသည်းနဲ့ လက်ထပ်တော့မယ်"

"ကြည့်… နင်က ဒီလိုလား နင် တကယ်ရက်စက်တဲ့မိန်းမပဲ"

"ရက်စက်တာ မဟုတ်ဘူး"





"ငါ့ကို ဘာမှမပြောနဲ့တော့ သိစဉ်၊ ငါနားလည်ပြီ၊ ကိုမိုးသည်းဆိုတဲ့သူဟာ ငါတို့မိသားစုအတွက် အကျသိုင်တော်ပဲ၊ သူ့မျှနေလို့ ငါ့အမေမှာ အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့ရတယ်၊ ငါတို့သားအမိ ဘယ်လောက်မျက်နှာငယ်ခဲ့သလဲ၊ သူ့ကို မသိခင်ကတည်းက မုန်းခဲ့တယ်၊ ဒါပေမဲ့ သူဟာ ငါ့အသက်ကိုကယ်ခဲ့တဲ့ ကျေးဇူးရှင်ဆိုပြီး သူ့ကို ခင်မင်ခဲ့တယ်၊ တကယ်တော့ သူဟာ ငါ့ရဲ့ အဆိပ်ပင်အစ်ကို ဖြစ်နေတယ်"

အတော အရူးမလေးသဖြစ်နေမှန်း ကျွန်မ သိလိုက်တယ်၊ သူကတော့ သူ့ရင်ထဲက ခံစားချက်ကို ဆက်ပြောနေတယ်။

"သူ့ကို အစ်ကိုတစ်ယောက်အနေနဲ့ရော ကျေးဇူးရှင်တစ်ယောက်အနေနဲ့ပါ သူ့အတွက် ငါပိုင်ဆိုင်တဲ့ ဘယ်အရာမဆို ပေးဆို ဖွန့်လွှတ်ဖို့ အဆင်သင့်ပဲ၊ ဒါပေမဲ့ အဲဒီထဲမှာ နင်မပါဘူး"

သူ့အသံဟာ ဒေါသကြောင့် တုန်ယင်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကလည်း နဂိုကတည်းကမှ ခေါင်းမာမာ။ မှန်တယ်ထင်ရင် စိန်ခေါ်ရင်တောင် တိမ်ပေါ်လိုက်မယ့်သူမျိုး။ ဒါကြောင့် ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ပြောလိုက်တယ်။

'ဒါက နင့်ဘက်က ဆုံးဖြတ်ချက်လေ'

'ဒါဆို နင်ကရော ဘာဆုံးဖြတ်ထားလဲ'

'ခုနင့်က ပြောပြီးပါရောလား၊ ကိုမိုးသည်းကိုပဲ လက်ထပ်မယ်လို့'

'နင့်ဆုံးဖြတ်ချက်ကို ပြင်လိုက်ပါ သံစဉ်'

'ငါ မပြင်နိုင်ဘူး'

'ဒါဆို ငါ့ကို အဆိုးမဆိုနဲ့'

ပြောပြောဆိုဆို ကားကို အရှိန်ပြင်းစွာ မောင်းလိုက်တယ်။ ကားကလေးဟာ ထောက်ကြန့်က ရွှေညောင်ပင်ကို ကျော်ခဲ့ပြီ။

'ကားကို အရှိန်လျှော့လိုက်ပါ အာကာ'

'မလျှော့နိုင်ဘူး၊ နင် ငါ့ကို လက်ထပ်မယ်ပြောမှ အရှိန်





လျှော့မယ်'

'လက်ထပ်တယ်ဆိုတာ ကလေးကစားတာ မဟုတ်ဘူး၊ လက်ထပ်တာနဲ့ အရှိန်လျှော့တာနဲ့ တခြားစီပဲ'

ကျွန်မက ဒီလိုပြောလေ သူက အရှိန်ကို ပိုတင်လေ။ ရန်ကုန် ပြည်လမ်းမကြီးပေါ်မှာ အာကာမောင်းတဲ့ ကားကလေးဟာ မြားတစ်စင်း ပစ်ခွင်းလိုက်သလို အရှိန်ပြင်းစွာ မောင်းနေခဲ့တယ်။

'အာကာ ကားရပ်တော့၊ ငါ နင့်ကားကို မစီးတော့ဘူး'

'မရပ်နိုင်ဘူး၊ နင့်စကားကြောင့် ငါ နင့်ကို ကားတင်ပြေးပြီ'

'ဘာ...'

ဒီတစ်ခါတော့ ကျွန်မရဲ့ အသံဟာ ဟိန်းထွက်သွားတယ်။

'နင် ငါ့ကို မတရားမလုပ်နဲ့၊ အခုချက်ချင်း ကားရပ်ပေး'

'မတရားလုပ်တာ ငါမဟုတ်ဘူး၊ ကိုမိုးသည်းက နင့်ကို စည်းရုံးပြီး မတရားလုပ်တာ'



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စမှာ သူမပါဘူး"

"ဘာပဲဖြစ်ဖြစ် နင့်ကို ငါ မစွန့်လွှတ်နိုင်ဘူး"

အာကာတစ်ယောက် အရမ်းပေါက်ကွဲနေပြီ။ အရှိန်ပြင်း ထန်တဲ့အတွက် ကားထဲမှာ ဆီးဖြူသီးကို ဆန်ကောထဲလှိမ့်သလို ဖြစ်နေတယ်။

"အာကာ နင် ကားကို မရပ်ဘူးလား၊ ရပ်မလား ပြော"

"မရပ်ဘူး"

"မရပ်ရင် ငါ တံခါးဖွင့်ပြီး ခုန်ချလိုက်တော့မယ်"

"ငါ ကားရပ်ရင် နင် မိုးသည်းဆီပြန်မှာ မဟုတ်လား သူများရင်ခွင်ထဲတော့ ငါ အရောက်မခံနိုင်ဘူး။ သေရင် အတူတူသေမယ်"

"နင် မိုက်ရူးရဲမလုပ်နဲ့"

"ငါဟာ အချစ်ကြောင့် မိုက်ရူးရဲဖြစ်နေပြီ"

"ဝူး... ဝူး... ဝူး..."

ကားရပ်မပေးသော အရှိန်ပြင်းစွာ မောင်းနေဆဲ။ သူကြည့်ရတာ ကားရပ်ပေးမယ့်ပုံမပေါ်။ ကျွန်မကို ကားတင်ပြေးနေပြီ။





ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး။ စွတ်တရွတ်လုပ်တတ်တဲ့သူကို အလျှော့ပေးလိုက်ရင် ကျွန်မ တစ်ဘဝလုံး ရေတိမ်နစ်တော့မယ်။

ဒါကြောင့် ကျွန်မ သူ့ကို နားဝင်အောင် ပြောလိုက်ရတယ်။

"အာကာ နင် ငါ့ကို ကားတင်မပြေးနဲ့၊ ရပ်ပေးပါ"

"ဒါဆို နင် ငါ့ကို လက်ထပ်မယ်လို့ ကတိပေးမလား"

"လူကြီးတွေနဲ့ တိုင်ပင်ပြီး စီစဉ်ကြတာပေါ့"

"သိစဉ် ဒါမျိုးနဲ့ ငါ့ကို လာမချော့နဲ့၊ နင့်ကို ငါ လုံးဝ အဆုံးအရှုံး မခံနိုင်ဘူး"

"တစ်ခွတ်ထိုး မလုပ်ပါနဲ့ အာကာရယ်"

"နင် ငါ့ကို လက်ထပ်မယ်လို့ ကတိပေးရင် အခုပဲ တရားရုံးမှာ လက်မှတ်ထိုးမယ်"

"အာကာ နင်လွန်လာပြီနော်၊ ငါ့ကို ဒီလို အကြမ်းမဖက်နဲ့"

"ငါ အိမ်က ထွက်လာကတည်းက နင့်ကို ခိုးပြေးဖို့ အစီအစဉ်လုပ်လာတာ နင်နဲ့ မိုးသည်းရဲ့သတင်းတွေ ငါကြားပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



အာကာကို အနုနည်းနဲ့ချော့ချော့ အကြမ်းနည်းနဲ့ပဲအော် အော် စိတ်ရိုင်းဝင်နေတဲ့ သူ့ကို ကျွန်မ ဘယ်လိုမှ ပြောမရတော့ ဘူး။ ဒီတော့ တစ်နည်းပဲ ကျန်တော့တယ်။

သူ့ အမွှေခေါ်ရာကို လိုက်မယ့်အစား တစ်ခုခုကို စွန့်ရ ရတော့မယ်။ ဒါကြောင့် ကျွန်မ ဆုံးဖြတ်ချက်တစ်ခု ချလိုက် တယ်။

'ကလစ်'

ကားရဲ့ ဘေးတံခါးခလုတ်ကို ဖွင့်လိုက်တယ်။ နောက် တော့ အရှိန်ပြင်းစွာမောင်းနေတဲ့ ကားပေါ်က မိုက်ရူးရဲဆန်စွာ ကျွန်မ ခုန်ဆင်းလိုက်တယ်။

'သဲစဉ်… သဲစဉ်'

ကားမောင်းနေရင်းနဲ့ အာကာဟာ ကျွန်မကို လှမ်းဆွဲ လိုက်တယ်။ ကားမောင်းနေတဲ့ အာကာရဲ့ လက်အနေအထားဟာ ပျက်သွားပြီး လမ်းဘေးက ကုက္ကိုပင်ကြီးဆီကို ဦးတည်နေပြီ၊

'ဒိုင်း…'

ဆိုတဲ့ အသံကြီး ကျယ်လောင်စွာ ပေါ်ထွက်လာချိန်မှာ





ကျွန်မလည်း ကျောက်လမ်းမနဲ့ ဦးခေါင်း တိုက်မိပြီး အမှောင်ထု ကြီးထဲကို ရောက်သွားခဲ့တယ်။

မျက်စိကို ဖြည်းညင်းစွာ ဖွင့်ကြည့်လိုက်တဲ့အခါ ဖြူဖွေး တဲ့ မျက်နှာကြက်ကလေးကို လှမ်းတွေ့လိုက်ရတယ်။ တစ်ကိုယ် လုံးက ကိုင်ရိုက်ထားသလို နာကျင်နေတယ်။ ဦးခေါင်းကလည်း တအားကိုက်ခဲနေတယ်။

'ဟော… သမီးလေး သတိရလာပြီ'

မေမေရဲ့ အေးမြတဲ့အသံကလေးကို ကြားလိုက်ရတယ်။

'သမီး ဘယ်ရောက်နေတာလဲ မေမေ'

'သမီး ကားပေါ်ကလိမ့်ကျပြီး ဆေးရုံရောက်နေတာလေ'

ပတ်ဝန်းကျင်ကို တစ်ချက်လှမ်းငဲ့ကြည့်လိုက်တယ်။

ဘွားဘွားရော ဖေဖေပါ တွေ့လိုက်ရတယ်။

'သမီးလေး သတိရလာပြီလား'

'ဟုတ်ကဲ့ ဘွားဘွား'

'ဘယ်လိုနေသေးလဲ သမီး'

'တစ်ကိုယ်လုံး ကိုက်ခဲနေတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



"အေး... အေး... နေကောင်းသွားမှာပါ သမီး"

ကျွန်မရဲ့ နှာခေါင်းမှာ အောက်စီဂျင်ပိုက် တပ်ထားသလို လက်မှာလည်း ပိုက်တန်းလန်းနဲ့ ဂလူးကို့စ်ပုလင်း ချိတ်ထားတယ်။

"သမီး သတိမေ့သွားတာ ဘယ်နှရက်ကြာသွားလဲ မေမေ"

"သုံးရက်ကြာသွားတယ်၊ မေမေတို့လည်း စိုးရိမ်လို့ တစ်ချိန်လုံး ထိုင်စောင့်နေတာ"

"ဟင်... သုံးရက်တောင် ကြာသွားသလား"

"ဟုတ်တယ် သမီး"

ကျွန်မ သတိရလာတို့ အားလုံးက ဝမ်းသာနေကြတယ်။

မကြာခင်မှာ ဒေါက်တာထက် ကျွန်မအခန်းကို ဝင်လာတာ တွေ့လိုက်ရတယ်။

"သမီး သတိရလာပြီလား"

"ဟုတ်ကဲ့ အန်တီ၊ အကောင်ရော သတိရပြီလား"

"သူ သတိပြန်ရတာ နှစ်ရက်လောက်ရှိပြီ၊ ဒါပေမဲ့..."

ဒေါက်တာထက်ရဲ့ စကားဟာ ဒီမှာတင် ရပ်သွားတယ်။





ဒါပေမဲ့ဆိုတာ ဘာပါလိမ့် ကျွန်မ စဉ်းစားနေတုန်းမှာ ဒေါက်တာက...

"သမီး သတိရလာတာ အန်တီ ဝမ်းသာပါတယ်"

"ကျေးဇူးတင်ပါတယ် အန်တီ၊ အကောင့်ကို သမီးမေးကြောင်း ပြောပေးပါ"

"အေး... အေး..."

ဒေါက်တာထက်က ကျွန်မကို နှုတ်ဆက်ပြီး ပြန်သွားတယ်။ သိပ်မကြာခင်မှာ ရွှေယင်းမာဦးတစ်ယောက် ရောက်လာခဲ့တယ်။

"ဟယ်... သံစဉ် သတိပြန်ရနေပြီလား"

"ဟုတ်တယ်"

"ငါ နင့်ဆီကို နေ့တိုင်းရောက်တယ်၊ နင် သတိမရသေးလို့ စိုးရိမ်လိုက်ရတာ၊ အခု ဘယ်လိုနေသေးလဲ"

"ခေါင်းမူးတာလောက်တော့ ကျန်သေးတယ်"

ကျွန်မတို့နှစ်ယောက် စကားပြောနေစဉ် မေမေက...

"ထဲ... သမီးတို့ စကားပြောနေနှင့်ဦး၊ မေမေတို့ အပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



ခဏထွက်လိုက်ဦးမယ်'

ဖေဖေ၊ မေမေနဲ့ ဘွားဘွားပါ အပြင်ဘက်ကို ထွက်သွားတယ်။

'သိစဉ်ရယ်… နင့်သတင်းကို ကြားကြားချင်း လိုက်လာခဲ့တာ၊ နင်က သတိမရသေးတော့ ငါ့မှာ ငိုလိုက်ရတာပဲ။ နင့်ကို ကိုမိုးသည်း လာစောင့်နေတာ သုံးရက်ရှိပြီ'

'ဒါဆို သူ အခု ဘယ်မှာလဲဟင်'

'အပြင်မှာရှိတယ်၊ သူ လာပါလိမ့်မယ်'

'နင် အာကာကိုရော သွားကြည့်ပြီးပြီလား'

'အေး… နင့်ဆီ လာကြည့်တော့ သတိမရသေးလို့ အာကာဆီ သွားကြည့်ခဲ့တယ်'

'အာကာက တမြန်နေ့တည်းက သတိရနေတာဆို'

'ဟုတ်တယ်၊ သူ တမြန်နေ့ကတည်းက သတိရနေ တယ် ဒါပေမဲ့…'

'လာပြန်ပြီ ဒါပေမဲ့တစ်ယောက်၊ ဘာတွေဖြစ်နေလို့လဲ





ပြောစမ်းပါ'

'ငါ မပြောချင်ဘူး'

'အာကာ အသက်မှရှိသေးရဲ့လား'

'ကဲပါ… ငါ အမှန်အတိုင်းပဲ ဖွင့်ပြောပါ့မယ်'

'ပြောပါ သူငယ်ချင်း'

'နင် ကားပေါ်က ခုန်ဆင်းလိုက်တော့ အာကာက လှမ်းအဆွဲမှာ အရှိန်လွန်ပြီး ကားက သစ်ပင်နဲ့တိုက်မိပြီး ရှေ့မှန် ကွဲသွားတယ်၊ အဲဒီ မှန်စတွေဟာ အာကာရဲ့ မျက်နှာတစ်ခုလုံး စိုက်ဝင်သွားခဲ့တယ်၊ အဲဒီမှာတင် မှန်စတွေက မျက်လုံးထဲဝင်ပြီး မျက်လုံးနှစ်လုံးစလုံး ကွယ်သွားခဲ့တယ်'

'ဘုရား… ဘုရား… အာကာကတော့ ဒုက္ခပါပဲ'

'ဒါနဲ့ နင်က ဘာဖြစ်လို့ ကားပေါ်က ခုန်ဆင်းရတာလဲ'

'ဟဲ့… သူက ငါ့ကို ခိုးပြေးတာကိုး'

'နင်က ကိုမိုးသည်းနဲ့ လက်ထပ်မယ့်အကြောင်း ပြောလိုက်သေးလား'



www.burmeseclassic.com

www.burmeseclassic.com



"အေး..."

"နှင်းကလည်းဟယ်... ဒေါ်သကြီးတဲ့သူကိုမှ တဲ့တိုး သွားပြောတာကိုး၊ ဒီတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန် တာပေါ့"

"ဒါကလည်း ဒီလိုဖြစ်မယ်မထင်လို့ ပြောလိုက်မိတာပေါ့၊ အခုဆို အာကာဟာ မျက်စိနှစ်ကွင်း အလင်းမရတော့ ဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ငါ စိတ်မကောင်းလိုက်တာဟယ်၊ အန်တီထက်ထက် က ဒီသားလေးကို အရမ်းမျှော်လင့်ထားတာ၊ အခုလိုဖြစ် တော့ ဘယ်လောက်စိတ်မကောင်းဖြစ်လိုက်မလဲလို့"

ကျွန်မ တွေးမိတိုင်း ဆုံးဝစိတ်မကောင်းပါ။ တကယ် တော့ စိတ်ဖြစ်လက်ဖြစ် လုပ်မိတာ ကျွန်မအများလား၊ ဒါမှ မဟုတ် တစ်ခွတ်ဆိုးလုပ်တတ်တဲ့ အာကာ့ဖိုးထက်ရဲ့ အများလား ဘာပဲဖြစ်ဖြစ် အခုတော့ ဆေးရုံပေါ်မှာ။

"နှင်းနဲ့ အာကာတို့ လက်ထပ်ဖို့ကိစ္စ ဘယ်လိုလဲ"





"နင်တို့ညီးက ငါ သူ့ကို လက်မထပ်ဘူးလို့ ပြောပြီး သားပေါ့"

"အာကာကတော့ အရမ်းခံစားရမှာပဲ"

"ငါလည်း စာနာပါတယ်၊ ဒါပေမဲ့ ငါက ကိုမိုးသည်း နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ထားတာ"

"ဟုတ်ပါတယ်လေ၊ အာကာ့အတွက် စိတ်မကောင်းဖြစ် ပေမယ့် နှင်းယူမယ်ဆိုရင်တောင် မျက်မမြင် ဒုက္ခိတ တစ်ယောက်ကို တစ်သက်လုံး လက်တွဲဖို့ ငါ မတိုက် တွန်းရက်ဘူး"

"ငါနဲ့ ကိုမိုးသည်းဟာ တစ်သက်တာ လက်တွဲဖို့အတွက် ဒီလောက်တောင် အခက်အခဲတွေ ရှိနေပြီလား"

ကျွန်မနဲ့ ရွှေသင်းမာဦးတို့ စကားပြောနေစဉ်မှာ ကိုမိုး သည်းတစ်ယောက် ကျွန်မ အခန်းထဲကို အပြေးရောက်လာခဲ့ တယ်။

"ဒီနေ့ သတင်းရလာပြီနော်၊ မောင် ဝမ်းသာလိုက်တာ"

"ဟုတ်တယ် မောင်၊ နောက်မှာ မေမေတို့ရဲ့ တွေ့ဦးလား"

ကိုယ့်ယွန်းလှည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သံစဉ်"

ကိုမိုးသည်းက ကျွန်မရဲ့ လက်ကလေးကို နူးညံ့စွာကိုင်ထွယ်ရင်း…

"သံစဉ် တစ်ခုခုဖြစ်မှာစိုးလို့ မောင် စိုးရိမ်လိုက်ရတာ"

"ဟင်း… အခုမှ လာပြီး အပိုတွေပြောမနေပါနဲ့"

"သံစဉ် ဆေးရုံတက်တဲ့အချိန်ကစပြီး ဆေးရုံရှေ့မှာ တစ်နေ့လုံး တစ်ညလုံး စောင့်နေခဲ့တာ အခုအထိပဲ"

"ပြော်… မောင်ရယ်"

ကျွှာပေါ်မှာ အချစ်တကော်ဆုံး လူသားတစ်ယောက်ရဲ့ အကြင်နာမေတ္တာတွေရဲ့ နွေးထွေးမှုကို ကျွန်မ ရရှိခဲ့တယ်။

ချမ်းမြေ့လိုက်တဲ့ဖြစ်ခြင်း။

အရာရာဟာ ပြီးပြည့်စုံသွားသလို ကျွန်မ ခံစားလိုက်ရတယ်။

* * *

# အခန်း(၁၂)

ကျွန်မ ဆေးရုံပေါ်မှာ နှစ်ပတ်ကျော် နေခဲ့ရတယ်။

ဆေးရုံကဆင်းလို့ အိမ်ပြန်ရောက်တော့ မေမေက…

"သမီး အာတာကို သွားကြည့်သင့်တယ်"

"ဟုတ်ကဲ့ပါ မေမေ၊ နက်ဖြန်ကျရင် သမီး သွားလိုက်ပါ့မယ်"

လို့ မေမေ့ကို ကတိပေးလိုက်တယ်။

နောက်တစ်နေ့မှာ မေမေ့ကို ကတိပေးထားတဲ့အတိုင်း အာတာ့စိုးထက်ဆီကို သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ… သမီးလေးပါလား၊ သားကလေးကို လာကြည့်တာလား"

ခေါင်းထက်ထက်ဟာ ဈေးတော့နွမ်းလျှတဲ့ အသံကလေးနဲ့ နှုတ်ဆက်လိုက်တယ်။

"ဟုတ်ပါတယ် အန်တီ၊ အာကာကို လာကြည့်တာပါ"

"သား ဧည့်ခန်းထဲမှာရှိတယ်၊ ဝင်သွားပါ"

"ဟုတ်ကဲ့ အန်တီ"

ကျွန်မ ဧည့်ခန်းထဲကို ဝင်လိုက်ရင်ပဲ အနောက်နိုင်ငံက ဂီတသံတွေ ပျံ့လွင့်နေတယ်။

နေကာမျက်မှန်တပ်ထားပြီး ဂီတသံစဉ်တေးသွားကို နားထောင်နေတဲ့ အာကာမိုးထက်ကို တွေ့လိုက်ရတယ်။

ဖြည်းညင်းစွာဝင်လာတဲ့ ကျွန်မရဲ့ ခြေလှမ်းတွေကို သူကြားပုံမရဘူး။

ခပ်ငေးငေးကလေး နားထောင်နေတဲ့ အာကာမိုးထက်ကို မြင်လိုက်ရတော့ အရမ်းစိတ်မကောင်းဖြစ်ရတယ်။

"အာကာ"

ကျွန်မ တိုးသက်ညှင်သာတဲ့ အသံကလေးနဲ့ ခေါ်လိုက်တယ်။

အာကာဟာ ရုတ်တရက် ငေးမောနေရာက အသာအယာ ခေါင်းထောင်ကြည့်လိုက်တယ်။ သူ့မျက်နှာကလေးမှာ အံ့ဩတဲ့ အမူအရာကလေး ချက်ချင်းပြောင်းလဲသွားတယ်။

"သံစဉ်လားဟင်"

ခေါင်းကလေးကိုငုံ့ကာ လှမ်းမေးလိုက်တယ်။

"ဟုတ်တယ် အာကာ၊ သံစဉ်ပါ"

"သံစဉ်ရယ်… နင့်ကို ငါ မမြင်နိုင်တော့ပေမယ့် ရေစဉ် မျှော်လင့်နေမိတယ်"

"အာကာရယ်၊ ငါ အရမ်းဝမ်းနည်းတာပဲ"

ဒီလိုပြောရင်း ကျွန်မ မျက်ရည်တွေ ဗိုးဗိုးပေါက်ပေါက် ကျလာတယ်။

"အာကာရယ်… နင် ဒီလိုဖြစ်ရတာ ငါ့အပြစ်ပါ"

"အားလုံးဟာ ကံကြမ္မာကြောင့်လို့သာ သဘောထားလိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



'ကံကြမ္မာ မဟုတ်ပါဘူး၊ ငါသာ ချန်မချခဲ့ဘူးဆိုရင်...'

'မဟုတ်သေးပါဘူး၊ ငါ့အပြစ်ပါ သံစဉ်၊ ငါသာ နင့်ကို

ခိုးပြေးမယ်လို့ မစခဲ့ဘူးဆိုရင်...'

'ဟင်... နင် ငါ့ကိုစတာ ဟုတ်လား'

'ဟုတ်ပါတယ်၊ နင်ဟာ စကားတစ်ခွန်းကို အရေးထား

တတ်သူမို့ ငါက နင်မခံချင်အောင် စတာပါ'

'ဖြစ်မှဖြစ်ရလေ အာကာရယ်၊ အခုတော့ အားလုံးဟာ

စိတ်မချမ်းသာဖြစ်ရပြီ'

'စိတ်မချမ်းသာ မဖြစ်ပါနဲ့ သံစဉ်ရယ်၊ ငါ ဘာမှမပြော

ရတော့ နင့်ကိုပဲ စိတ်မှန်းနဲ့ လွမ်းနေရတာ'

'တော်ပါတော့ အာကာရယ်'

ကျွန်မရဲ့ အသည်းနှလုံးတွေ ပွင့်ထွက်သွားမလား

ထင်ရတယ်။ အာကာကို ချစ်သူအဖြစ်နဲ့ မချစ်နိုင်ပေမယ့် သူငယ်

ချင်းတစ်ယောက်အဖြစ်နဲ့တော့ သံယောဇဉ်ရှိသူပါ။

သူနဲ့ ကျွန်မရဲ့ မှားယွင်းတဲ့ အတွေးအခေါ်ကြားမှာ

ရော ကျွန်မပါ ကံဆိုးခဲ့ရတယ်။ အထီးကျန်ဖြစ်နေသူဘာ





ကျွန်မကို သူ တမ်းတရင်း လွမ်းနေမယ်ဆိုတာ သူ့မပြောခင်

ကတည်းက သိနှင့်နေတယ်။

'နင် နေကောင်းအောင်နေနော်၊ ငါလည်း မကြာခဏ

လာခဲ့မယ်'

'အေးပါ... နိုင်အားမှ လာပါ၊ ဪ... ဒါနဲ့ ကိုမိုး

သည်း လာသွားသေးတယ်'

'ဟုတ်လား... သူ ဘာပြောသွားသေးလဲ'

'သူ စိတ်မကောင်းဖြစ်ရတယ်ဆိုတဲ့ အကြောင်းပေါ့'

'အန်တီရော ဘာပြောသေးလဲ'

'မေမေကတော့ သိတဲ့အတိုင်းပေါ့၊ သူတို့သားအဖကို

နဂိုကမှ မကြည်တာ၊ တစ်ခုခုပြောလိုက်မှုရတယ်'

'အားလုံးဟာ ငါ့ကြောင့်ကြီးပါပဲ'

'မဟုတ်သေးပါဘူးဟာ'

'ဒါနဲ့ မျက်စိဆေးရုံက ဘာပြောလိုက်သလဲ အာကာ'

'မျက်ကြည်လွှာ ပျက်စီးသွားတာတဲ့၊ အလှူရှင်ရှိရင်

အကြောင်းကြားမယ်လို့ ပြောတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မျှော်လင့်ချက် ရှိသေးတာပေါ့နော်'

'မျှော်လင့်ချက် ဟုတ်လား၊ ငါ့ရှေ့မှာ တန်းစီနေတဲ့ မျက်ကြည်လွှာမျက်စီးတဲ့လူနာတွေ အများကြီးပဲ၊ မောင် မြန်မာပြည်မှာ မျက်စိလှူတဲ့ အလှူရှင်တွေက နည်း တယ်၊ ဒီတော့ ငါ့အတွက် မျှော်လင့်ချက် ပေးပါတယ်'

'စိတ်ဓာတ်မကျပါနဲ့ဟာ၊ လုံးဝမမြင်နိုင်တော့ဘူးဆိုတာ ထက် အလှူရှင်ရှိရင် ပြန်မြင်နိုင်တယ်ဆိုတဲ့ ထွက် ပေါက်ဟာ မျှော်လင့်ချက်ပေါ့'

'နေပါစေ သိစဉ်း ငါ့ဘဝနဲ့ ငါပဲ ရှိပါစေတော့'

'ငါတို့တွေမှာ ဟိုဘဝက ဘာတွေလုပ်ခဲ့လို့ ဒီလိုအမြင် ဆိုးနဲ့ တိုးရပါလိမ့်'

'ကံကြမ္မာလို့သာ သဘောထားလိုက်ပါတော့'

'အဲ… ငါပြန်တော့မယ် အကာ'

'အေး… အေး…'

ကျွန်မ စိတ်မကောင်းခြင်းများစွာနဲ့ အကာတို့အိမ်က ပြန်လာခဲ့တယ်။ လူသားတစ်ယောက်ရဲ့ စာနာခြင်းမျိုးနဲ့ အတွေး





ဝင်ခဲ့တယ်။ အခုလို အကာတစ်ယောက် ခုလို့တဖြစ်နေချိန်မှာ သူ့အနားမှာ ပြုစုပေးရင်း သူ့ရဲ့မေတ္တာတွေကို လက်ခံရမလား။

ဒီလို ဦးနှောက်က အတွေးဝင်ပေမယ့် နှလုံးသားက ငြင်းဆန်ခဲ့တယ်။ ဒီလောက် အချစ်ကြီးချစ်တတ်တဲ့ ကိုမိုးသည်း ကို စွန့်ပစ်ဖို့ ကျွန်မ သတ္တိမရှိဘူး။

ကျွန်မနဲ့ ကိုမိုးသည်းဟာ အချစ်တစ်ခုကို မက်မော စွာလမ်းစွာ တန်ဖိုးထားခဲ့သူတွေပါ။ ဘယ်အရာနဲ့မှ ကျွန်မတို့နှစ် ယောက်ရဲ့ မေတ္တာကို ဖြိုခွင်းလို့မရဘူး။

ဒါကြောင့် အကာ့အိမ်းထက်အတွက် မျက်ကြည်လွှာ အလှူရှင် အမြန်ဆုံးပေါ်ပါစေလို့ မြတ်စွာဘုရားသခင် ထံတော် ပါးမှာ အကြိမ်ကြိမ် ဦးနှိမ်ချလို့ ဆုတောင်းနေခဲ့မိတယ်။

ကျွန်မတို့အားလုံးဟာ ကံတရားရဲ့ ကြိုးဆွဲမှုအောက် မှာ ကကြရတဲ့ ကြိုးဆွဲရုပ်တွေမို့ မြတ်စွာဘုရား ထံတော်ပါးမှာ ဆုတောင်းရုံကလွဲလို့ ဘာမှမတတ်နိုင်ခဲ့ဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးသည်းနဲ့အတူ တွေ့နေကျ ကန်တော်ကြီးစောင်းက ရေစပ်နားဆီမှာ တွေ့ခဲ့ကြတယ်။ အရင်ကဆိုရင် အချစ်ကြီးချစ်ခဲ့ကြတဲ့ ချစ်သူနှစ်ယောက်ဟာ ကြာလေသွေးရင်တောင် ဝေးတယ်လို့ ထင်ခဲ့ကြပေမယ့် အခုအချိန်မှာတော့ အာကာ ပြဿနာကြောင့် တကယ့်ကို ဝေးနေသလိုပဲ။

'မောင် အာကာကို သွားကြည့်သေးတယ်ဆို'

'ဟုတ်တယ်၊ သူက ကိုယ့်ညီလေးပဲ၊ မောင်သွားကြည့်ရမှာပေါ့'

'ဒေါ်ထက်ထက်နဲ့ရော အဆင်ပြေရဲ့လား'

'ဒေါ်ထက်ထက်ဟာ အစွန်းရောက်နေသူဆိုတော့ ဘယ်အဆင်ပြေပါ့မလဲ'

'မောင်နဲ့ ဘာဖြစ်ကြသေးသလဲ'

'သူနဲ့ ပြဿနာဖြစ်ခဲ့တယ်၊ အဲဒီအကြောင်းကို သဲစည်ကို ပြောပြမယ်'

ကိုမိုးသည်းဟာ အသက်ငယ်ပေမယ့် အတွေ့အကြုံ ရင့်ကျက်တယ်။ သူဟာ တည်ငြိမ်စွာနဲ့ ကျွန်မကို အဲဒီကိစ္စနဲ့ပတ်သက်





တဲ့ အကြောင်းတွေကို ပြောပြတယ်။

'လွန်ခဲ့တဲ့ တစ်ပတ်လောက်က မောင်ဟာ အာကာကို သွားတွေ့ခဲ့တယ်'

ဒီလို အစပြုပြီး သူကြုံတွေ့ခဲ့တဲ့အကြောင်းတွေကို ပြောပြခဲ့တယ်။

'အန်တီ အာကာနဲ့ တွေ့ချင်လို့ပါ'

'ငါ မင်းကို မလာခဲ့နဲ့လို့ ပြောထားတယ် မဟုတ်လား'

'အကြောင်းကိစ္စ မရှိရင်တော့ မလာပါဘူး၊ အခုတော့ အာကာကို ကျွန်တော့်သူငယ်ချင်းတစ်ယောက်အနေနဲ့ တွေ့ခွင့်ပြုပါ'

'အေး… အာကာနဲ့တွေ့ပြီးရင် မင်း မပြန်နဲ့ဦး၊ ငါ မင်းကို ပြောစရာတွေရှိတယ်'

'ဟုတ်ကဲ့ အန်တီ'

အန်တီကို ခွင့်တောင်းပြီး ကိုမိုးသည်းဟာ အာကာမိုးထက်ဆီကို ရောက်လာခဲ့တယ်။

'အာကာ နေရတာ အဆင်ပြေရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



"ပြေပါတယ်"

"မင်းအကြောင်းကြားရတာ ငါ စိတ်မကောင်းပါဘူး အာကာ"

"ကိုယ့်မိုက်ပြစ်နဲ့ကိုယ် ခံရတာ၊ ကိုမိုးသည်း ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ"

"ကိုမိုးသည်းကို တစ်ခုတောင်းဆိုချင်တယ်"

"ပြောပါ"

"အခုအချိန်မှာ ကျွန်တော်ဟာ နက္ခတ်ဘဝကို ရောက်နေ ပြီဆိုတော့ သံစဉ်ကို ဘယ်လိုမှ မစောင့်ရှောက် မထေ ကွယ်နိုင်တော့ဘူး၊ ဒါကြောင့် သံစဉ်ကို ဘဝတစ်သက် တာအတွက် စောင့်ရှောက်ပါနော်"

"အာကာ မင်း သံစဉ်ကိုသိပ်ချစ်မှန်း ငါသိပါတယ် သံစဉ်ကသာ သဘောတူမယ်ဆိုရင် မင်းအတွက် ငါ ရွှန်လွှတ်ရပါတယ်"

"အားလုံး နောက်ကျသွားပြီ ကိုမိုးသည်း"



"ကံကြမ္မာမှာ နောက်ကျတယ်၊ စောတယ်ဆိုတာ မရှိပါဘူး၊ မင်း ကံကောင်းပါစေလို့ ငါ ဆုတောင်းပါတယ်"

"အခုလို ဆုတောင်းပေးတာ ကျေးဇူးတင်ပါတယ်"

"ကဲ… ဒါဆိုရင် ငါပြန်တော့မယ်"

အာကာမိုးထက်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့တယ်။

ဆေးသမားများရှာ့ ကော်ထန်လှတဲ့ ဒေါ်ထက်ထက်နဲ့ ရင်ဆိုင်တွေ့လိုက်ရတယ်။ ဒေါ်ထက်ထက်နဲ့ ရင်ဆိုင်ရမယ်မှန်း နဂိုကတည်းက သိထားပြီးသားပါ။ ကိုမိုးသည်း ရင်ဆိုင်နိုင်ပါပေ့။

"မင်းကို ငါ အရင်းပြောချင်နေတဲ့ စကားတွေရှိတယ်၊ ဒါပေမဲ့ အခုလို ပြောခွင့်ကြုံရမယ်လို့ မထင်ခဲ့ဘူး"

"ပြောပါ အန်တီ"

"လောကမှာ လူမဆန်တဲ့ ယောကျ်ားတစ်ယောက်ကြောင့် ငါ့ဘဝ ပျက်ခဲ့ရတယ်၊ ဒါကို ဝဋ်ကြွေးတစ်ခုလို့ သတ်မှတ်ပြီး ငါ ကြေသိမ့်ခဲ့တယ်။ ဒီ သားကလေးဟာ ငါ့ရဲ့ ဘဝ ငါ့ရဲ့ပတ်ဝန်းကျင် ငါမျှော်မှန်းရာ အသိုက်အမြုံ ကလေးတစ်ခုအဖြစ်နဲ့ ဘဝခရီးကို ငါဟာ အဆောင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ခဲ့တယ်၊ လူမဆန်တဲ့လူ တာဝန်မယူရဲတဲ့ လူ တစ်ယောက်ကို ရှိနေစေဦးတော့ နာကြည်းနေတုန်းပဲ၊ အခု သူ မရှိတော့ဘူးဆိုတော့ ငါ့ရဲ့ နာကြည်းချက်တွေကို တမလွန်အထိ လိုက်မပေးချင်လို့ မေ့ထားလိုက်တယ်၊ ဒီစာတော်လမ်းကို ပြီးဆုံးသွားပြီလို့ ထင်ခဲ့တယ်၊ ဒါပေမဲ့ ကံကြမ္မာဆရာက ဒုတိယအကြိမ် ထိုးနှက်ပြန်တယ်၊ ငါ့သားဟာ အသည်းနှလုံးတွေ ကြေကွဲပျက်စီးရတဲ့ အပြင် မျက်စိနှစ်လုံး ဆုံးရှုံးသွားတဲ့ ဒုက္ခိတတစ်ယောက် ဖြစ်ရတာ ငါ့ အသည်းအနာဆုံးပဲ"

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော်လည်း အရမ်း စိတ်မကောင်းဖြစ်ရပါတယ်"

"သိစေဦးနဲ့ သားလေးဟာ အရင်တုန်းက မိဘတွေ သဘောတူခဲ့တယ်၊ ဒါကို သိစေဦး မငြင်းခဲ့ဘူး၊ မင်းကို တွေ့မှ သားလေးကို သိစေဦးဟာ ခါးခါးသီးသီး ဖြစ်ခဲ့တယ်၊ မင်းအမေက ငါ့ရဲ့ဘဝကို ဖျက်ဆီးတာ အားမရလို့ မင်းက ငါ့သားရဲ့ဘဝကို လာပြီးဖျက်ဆီးတာလား





မင်းတို့သားအမေဟာ ငါတို့သားအမိအတွက် ရေစက်တွင်မယ် လူဆိုးတွေပဲ"

ဒေါ်ထက်ထက်တစ်ယောက် ဒေါသပေါက်ကွဲတာ မျက်ရည်ပေါက်ကြီးငယ်ကျရင်း အဆီအငေါ်မဲ့တဲ့ စကားလုံးများနဲ့ ကိုမိုးသည်းကို ထိုးနှက်ခဲ့တယ်။

ကိုမိုးသည်းဟာ အမေကိုထိတော့ ရင်နင့်အောင် နာကျင်ခဲ့ရပါတယ်။

"အန်တီ ကျွန်တော့်ကို ပြောချင်သလို ပြောပါ၊ လူမြင်မှာ မရှိတော့တဲ့ မေမေ့ကိုတော့ အပြစ်မတင်ပါနဲ့တော့၊ မေမေဟာ နဂိုတုန်းက လူအေးတစ်ယောက်ပါ၊ မေမေ့ရဲ့ အသိုင်းအဝိုင်းကြားမှာ အပြစ်ရှိသူတစ်ယောက် ဖြစ်လေတော့ သူ မလွန်ဆန်နိုင်ဘဲ အန်တီ့အတွက် လူပျော့လူညံ့တစ်ဦး ဖြစ်ခဲ့ရတယ်၊ တကယ်တော့ မေမေဟာ အန်တီတို့သားအမိကို တော်တော်ချစ်ပုံရပါတယ်၊ သူ မဆုံးခင်အထိ အန်တီတို့သားအမိကို နေရာအနှံ့အပြား လိုက်ရှာခဲ့တယ်၊ ဘယ်လိုမှ ရှာလို့မရတဲ့အတွက် သူ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မကျေဖြစ်ရတယ်ဆိုပြီး မေမေ မကွယ်လွန်ခင်မှာ ကျွန်တော့်ကို ဒီတာဝန်လွှဲပြောင်းပေးပြီး ရှာခိုင်းခဲ့တယ် တွေ့ရင် အမွေတစ်ဝက် လွှဲပေးဖို့ပါ ပြောခဲ့တယ်၊ ဒါ ဟာ သူ့တတ်နိုင်တဲ့ တာဝန်ကို ထမ်းဆောင်တာပါ"

"ဘာပဲဖြစ်ဖြစ် ငါ့သားလေး ခုလိုဖြစ်ရတာ မင်း ကြောင့်ပဲ၊ မင်းကို စွဲလမ်းပြီး သိစဥ်သာ ကားပေါ်က ခုန်မချခဲ့ဘူးဆိုရင် အခုအချိန်အထိ ငါ့သား ဘာမှဖြစ်မှာ မဟုတ်ဘူး"

"အာကာကိစ္စမှာ ကျွန်တော့်ကြောင့် ဖြစ်ရတယ်ဆိုတဲ့ စွပ်စွဲချက်ဟာ တစ်စိတ်တစ်ပိုင်း မှန်တယ်၊ ဒါကြောင့် အာကာအတွက် ကျွန်တော် တာဝန်ကျေချင်တယ် တာဝန်ကျေအောင် အတတ်နိုင်ဆုံး ကြိုးစားမှာပါ"

"ငါ့အဖို့တော့ အရူးတစ်ပိုင်း ဖြစ်နေပြီ ဒီကလေးကို ကြည့်ပြီး ဘာမှမလုပ်နိုင်တော့ဘူး၊ သူ့အတွက် ငါဟာ အရမ်းစိတ်ထိခိုက်နေရတယ်"

ပြောပြောဆိုဆို ဝမ်းနည်းကြေကွဲနေတဲ့ မိခင်တစ်ယောက်ရဲ့ သောကကို မြင်တွေ့ခဲ့တယ်။





"သိစဥ်သာ အရုပ်ကလေးတစ်ရုပ်ဖြစ်မယ်ဆိုရင် အာကာ စိတ်ချမ်းသာဖို့ ကျွန်တော် ပေးခဲ့မှာပါ"

ဒီစကားကို ပြောချင်ပေမယ့် ကိုမိုးသည်းနှုတ်မှ ထွက်ပေါ်လာခြင်း မရှိပါ။ ရင်ထဲ အသည်းထဲမှာ တီးတိုးပြောဆိုနေမိတယ်။ ကိုမိုးသည်းဟာ သူနဲ့ ဒေါ်ထက်ထက်တို့ တွေ့ဆုံပုံကို ချွင်းမချန် ပြောပြခဲ့တယ်။

ပြီးတော့ အာကာမိုးထက်ပေါ်မှာ သူ ဘယ်လိုစိတ်ထားတယ်ဆိုတဲ့အကြောင်း ဆက်ပြောခဲ့တယ်။

"မောင်ဟာ သူငယ်ချင်းလည်းဖြစ်၊ ညီလေးလည်းဖြစ်၊ ရည်းစားလုတက်လည်းဖြစ်ခဲ့တဲ့ အာကာအပေါ်မှာ လူသားတစ်ယောက်ရဲ့ မေတ္တာကို အပြည့်အဝ ပေးချင်တယ်၊ ကံကြမ္မာဆိုတဲ့ အရာကြီးက ခွင့်ပြုရင်ပေါ့"

"ဟုတ်ပါတယ် မောင်၊ သူတို့သားအမိဟာ ဘာကြောင့်များ ဒီလောက်ထိဆိုးရတာလဲ၊ သူ့ကို မျက်စိပြန်မြင်စေချင်လိုက်တာ အရမ်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လည်း ကံဆိုးရှာတဲ့ မောင့်ညီလေးရဲ့ မျက်စိ
နှစ်ကွင်း အလင်းရစေချင်ပါတယ်"

ဒီလိုနဲ့ ကျွန်မဟာ မောင်နဲ့လမ်းခွဲပြီး အိမ်ကိုပြန်ခဲ့တယ်။

* * *

တစ်ပတ်ခန့်အကြာ တစ်ခုသော ညနေခင်းတွင်...

"ကလင်... ကလင်"

တယ်လီဖုန်း ဘဲလ်မြည်လာတဲ့အတွက် ဖုန်းခွက်ကိုကိုင်ရင်း...

"ဟဲလို... ဟဲလို..."

"ဟဲလို... ချိုသဲစဉ်နဲ့ တွေ့ချင်လို့ပါ"

"ချိုသဲစဉ် စကားပြောနေပါတယ်"

"အဒေါ်က မောင်မိုးသည်းတို့အိမ်မှာနေတဲ့ ဒေါ်စိန်ပါ
မောင်မိုးသည်း ကားမှောက်ပြီး ဒဏ်ရာအကြီးအကျယ်
ရသွားတယ်"

"ရှင်..."





ကျွန်မနားကိုပင် မယုံချင်တော့။ တယ်လီဖုန်းကိုင်ထားတဲ့
လက်ဟာ တဆတ်ဆတ်တုန်ယင်နေသလို ရင်တွေ တဒိန်းဒိန်းခုန်
နေတယ်။

ဘုရား... ဘုရား... ကိုမိုးသည်းတစ်ယောက် ဘာမှ
မဖြစ်ပါစေနဲ့လို့ တီးတိုးဆုတောင်းပြီး...

"အဒေါ် အခု ကိုမိုးသည်း ဘယ်မှာလဲ"

"ဆေးရုံကြီး ဝဒ် ငါးမြောက်မှာ တင်ထားတယ်၊ အဲဒါ
အမြန်ဆုံးလာပါလို့ မောင်မိုးသည်းက ဖုန်းဆက်ခိုင်းလို့"

"ဟုတ်... ဟုတ်ကဲ့ ကျွန်မ အခုပဲလာခဲ့ပါ့မယ်"

ဖုန်းခွက်ကို အမြန်ချပြီး ကိုမိုးသည်းဆီကို အပြေးလာခဲ့
တယ်။ ကိုမိုးသည်းကို အရေးပေါ်အခန်းထဲမှာ ထားခဲ့တယ်။

လူနာက ကျွန်မနာမည်ကို တစ်ချိန်လုံး ခေါ်နေတဲ့အတွက်
ကျွန်မကို ဝင်ခွင့်ပေးလိုက်တယ်။

"သဲစဉ်"

"မောင်"

တစ်ကိုယ်လုံး သွေးတွေရွှဲနေတဲ့ ကိုမိုးသည်းကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်။ နောက် ကိုမိုးသည်းရဲ့ နံဘေးမှာ သေတမ်းစစ်ချက်ယူနေတဲ့ ရဲအရာရှိအချို့ကို တွေ့လိုက်ရတယ်။

"မောင် ဘယ်လိုဖြစ်တာလဲ မောင်ရယ်"

ပြောရင်း ကျွန်မ မျက်ရည်တွေ တပေါက်ပေါက်ကျလာတယ်။

"သဲစည် မောင့်မှာ အချိန်မရှိဘူး၊ မောင်ပြောတာ နားထောင်"

ကိုမိုးသည်းဟာ အတော်အားယူပြီး ပြောနေရတယ်။

"ဟုတ်ကဲ့"

"မောင် မနေရတော့ဘူး၊ မောင့်ညီလေးအတွက် မောင့် မျက်လုံးတစ်စုံကို လှူခဲ့ပြီးပြီ၊ သဲစည် ဆက်လုပ်ပေးပါနော်"

"အောင်မယ်လေး... မောင်ရယ်၊ ဖြစ်မှဖြစ်ရလေ"

"မောင်မျက်စိလုံးလှူတာ အာကာကို မပြောနဲ့၊ သူ မျက်စိမြင်အောင် သဲ... သဲစည် လုပ်ပေး..."

သူ ပြောရင်း အသံတိမ်ဝင်သွားတယ်။





"မောင်... မောင်"

ကိုမိုးသည်းရဲ့ အသံတွေ တိမ်ဝင်သွားတော့ ကျွန်မ မောင့်ကို အထပ်ထပ်ခေါ်လိုက်တယ်။ ဆရာဝန်တွေက မျက်လုံးကိုဖြဲကြည့်ပြီး ခေါင်းယမ်းလိုက်တယ်။

"ကိုမိုးသည်း အသက်မရှိတော့ပါဘူး"

ဒီအသံကို ကြားလိုက်ရတဲ့အခါ ကျွန်မ ခေါင်းတစ်ခုလုံး ချာချာလည်သွားခဲ့တယ်။ မတ်တတ်ရပ်ဖို့တောင် အင်အားမရှိတော့ဘူး။ ကိုမိုးသည်းရယ် ဘယ်လိုအဖြစ်ဆိုးနဲ့ တိုးခဲ့လေသလဲ။ ဝမ်းနည်းလွန်းလို့ ရင်တွေဆို့နင့်လာတယ်။

"သမီးလေး ငိုချလိုက်ပါ သမီးရယ်"

"အန်တီစိန်ရယ်"

ကျွန်မ အန်တီစိန်ကိုဖက်ပြီး ငိုချလိုက်တယ်။ အတန်ကြာအောင် ငိုပြီးမှ ကိုမိုးသည်းအကြောင်းကို မေးလိုက်တယ်။ ရဲအရာရှိတွေက အောက်ပါအတိုင်း ရှင်းပြခဲ့တယ်။

"သေတမ်းစစ်ချက်အရ ကိုမိုးသည်းဟာ နေမကောင်းလို့ ဆေးသောက်ပြီး ဆိုင်ကို ကားမောင်းအပြန်မှာ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အိပ်ငိုက်တဲ့ ဘေးထွက်ဆိုးကျိုးရှိတဲ့ ဆေးကို သောက်မိတဲ့အတွက် ခေါင်းတွေမူးဝေပြီး ငိုက်သွားလို့ လမ်းဘေးမှာရှိတဲ့ သစ်ပင်ကို ဝင်တိုက်မိတယ်၊ အရှိန်က ပြင်းတော့ ရင်ဘတ်နဲ့ စတီယာရင်နဲ့ညှပ်ပြီး ရင်ဘတ်မှာ အကြီးအကျယ် ဒဏ်ရာရခဲ့တယ်၊

ဒါဟာ မှုခင်းကေ့(စ်)မို့ ကျွန်တော်တို့ လာကြည့်တော့ ခေါ်စိန်နဲ့ချိုသဲစဉ် ခေါ်ပေးပါဆိုလို့ ကျွန်တော် အကြောင်းကြားနိုင်းလိုက်တယ်၊ နောက် သူ့မျက်စိကို သူ့ရဲ့ညီအရင်း အာကာအတွက် လှူချင်တယ်ဆိုလို့ သက်ဆိုင်ရာက အားလုံးကို အစီအစဉ်လုပ်ပေးခဲ့တယ်'

ကျွန်မ လိုက်လှဲစွာ ကြေကွဲဝမ်းနည်းရပါတယ်။ ကိုမိုးသည်း ပြောခဲ့သလို ကြမ္မာက သူ (သို့မဟုတ်) အာကာရဲ့ မျက်နှာသာပေးရှောသလား။ အာကာမိုးဇေက်ရဲ့ မျက်စိနှစ်ကွင်း အလင်းပါစေလို့ မြတ်စွာဘုရားထံပါး အကြိမ်ကြိမ်တောင်းတဲ့ဆုဟာ အခုတော့ ပြည့်ခဲ့ပါပြီ။ ဒါပေမဲ့ ဒီဆုကို ကျွန်မနဲ့ အသည်းနှလုံး အလဲအလှယ်လုပ်ခဲ့ရပြီ။





ကိုမိုးသည်းရဲ့ ဆန္ဒအတိုင်း မျက်စိဘဏ်က အားလုံး ဆောင်ရွက်ပေးခဲ့တယ်။

မကြာခင်မှာ အာကာရဲ့ အမေထံကို မျက်ကြည်လွှာအလှူရှင် ရပြီဆိုတဲ့အကြောင်း ကျွန်မထံကို အကြောင်းကြားခဲ့တယ်။

'သမီး သဲစဉ် အာကာအတွက် မျက်ကြည်လွှာအလှူရှင် ရပြီ၊ မောင်အာကာ ခွဲစိတ်ကုသမှာဖြစ်လို့ မျက်စိဆေးရုံကြီးကို အမြန်ဆုံးလာခဲ့ပါ'

'ဟုတ်ကဲ့ အန်တီ'

ကျွန်မ မျက်ရည်လည်ရွဲနဲ့ အာကာဆီကို ရောက်ခဲ့တယ်။ အာကာနဲ့တွေ့တော့...

'သဲစဉ် ငါ့အတွက် မျက်ကြည်လွှာအလှူရှင် ရပြီဆိုတော့ ငါမျက်လုံး ပြန်မြင်ရတော့မယ်၊ ငါ အရမ်းဝမ်းသာတာပဲ၊ နင်ရော ဝမ်းမသာဘူးလား'

'အေး... ငါ ဝမ်းသာပါတယ် အာကာရယ်'

အာကာကို ပြန်ပြောရင်း ကျွန်မ မျက်ရည်တွေ စီးကျလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင် ဒေါ်ထက်ထက်က ကျွန်မကို လက်တို့ပြီး အပြင်ဘက်ကို ခေါ်သွားတယ်။

'သမီး ဘာလို့ မျက်ရည်ကျနေတာလဲ'

ဒေါ်ထက်ထက်ရဲ့အသံက တိုးပေမယ့် ကျွန်မရဲ့နားထဲမှာ ရှူးရှကျယ်လောင်တဲ့ အသံကြီးတစ်ခုလို ဒိန်းခနဲ ခံစားလိုက်ရ တယ်။

'ဒီမျက်ကြည်လွှာဟာ ကိုမိုးသည်းရဲ့ မျက်ကြည်လွှာ ပါ'

လို့ ကျွန်မ ပြန်ပြောလိုက်ချင်တာ။ မပြောပါနဲ့ဆိုတဲ့ ကိုမိုးသည်းရဲ့ စကားကြောင့် ကျွန်မဟာ…

'သမီးစဉ် ဝမ်းသာလွန်းလို့ မျက်ရည်ကျမိတာပါ'

လို့ ပြန်ပြောလိုက်တယ်။ အမှန်ကို ပြောခွင့်မရလို့ ရင် ထဲမှာ နာကျင်စွာ ခံစားလိုက်ရတယ်။

ဒီနေ့ အာကာမိုးထက် ခွဲစိတ်ခန်းဝင်မယ့်နေ့။

ဖေဖေ မေမေနဲ့ ကျွန်မပါ အာကာမိုးထက်ကို အား ဖို့ ရောက်လာခဲ့တယ်။





ဒေါ်ထက်ထက်နဲ့အတူ ခွဲစိတ်ခန်းအပြင်ဘက်မှာ စောင့် နေခဲ့တယ်။ ဒေါ်ထက်ထက်က…

'ကျွန်မလေ မျက်ကြည်လွှာအလှူရှင်ကို ကျေးဇူးတင် လွန်းလို့ ဆရာဝန်တွေကို မျက်ကြည်လွှာအလှူရှင်ရဲ့ အမည်ကို သွားမေးတော့ အမည်ကို လျှို့ဝှက်ထားတဲ့ အလှူရှင်တဲ့၊ ထူးဆန်းလိုက်တာ၊ ဘယ်သူများပါလိမ့်'

ဖေဖေနဲ့ မေမေကို အံ့သြစွာပြောလိုက်တယ်။ ကျွန်မရဲ့ ပါးစပ်မှာ အာစေးထည့်ထားသလို ကတိတစ်ခုကို ရင်မှာသိမ်း ထားရသူမို့ ဘာကိုမှ ပြောခွင့်မရပါ။ တကယ်လို့သာ ပြောခွင့် ရခဲ့မယ်ဆိုရင်…

'ရှင်တို့ သားအမိ သိပ်မုန်းခဲ့တဲ့ လူပျော့လူညံ့ရဲ့သား၊ ကိုမိုးသည်းဟာ သေခါနီးမှာ လူသားဆန်စွာ ပေးလှူခဲ့ တဲ့ မျက်ကြည်လွှာပေါ့'လို့ ပြောလိုက်ချင်တာ။

အဲဒီအချိန်မှာ ခွဲစိတ်ခန်းထဲက လူနာတင်လှည်းကလေး ထွက်လာခဲ့တယ်။ အဲဒီအပေါ်မှာ ပက်လက်အနေအထားနဲ့ အာကာ မိုးထက်ရှိ ပါလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ဆရာဝန်ကြီးက…

'ဒီလူနာအတွက် အကောင်းဆုံးလုပ်ပေးလိုက်တယ်၊ သူ့ကံကောင်းမှာပါ'

'ကျေးဇူးတင်ပါတယ် ဆရာကြီး'

အာကာ မျက်စိဖြေတဲ့နေ့ ဆရာဝန်ကြီးက…

'မောင်အာကာ ဖြည်းဖြည်းမျက်စိဖွင့်နော်' လို့ ပြောလိုက်တယ်။

'ဟုတ်ကဲ့ ဆရာကြီး'

ကျွန်မတို့အားလုံးဟာ အာကာမိုးထက်ကို မျှော်လင့်တကြီးနဲ့ စိုက်ကြည့်နေကြတယ်။

ဟော… အာကာရဲ့မျက်စိ တဖြည်းဖြည်းပွင့်လာပြီး သူ့ရဲ့ နှုတ်ခမ်းက…

'သံစဉ် နင့်ကို ငါ မြင်ရပြီ'

'ဟုတ်လား အာကာ၊ သေသေချာချာ မြင်ရပြီလား'

'အေး… သေသေချာချာ မြင်ရပြီ'

'ငါ အရမ်းဝမ်းသာတာပဲ၊ အန်တီကို ကြည့်လိုက်ပါဦး'





'မေမေ သား အားလုံးကိုမြင်ရပြီ'

'သားလေးရယ်… မေမေ ဝမ်းသာလိုက်တာ'

'ဦးတို့ ဒေါ်ဒေါ်တို့ကိုလည်း မြင်ရပြီ'

'အေး… အေး… ဦးတို့ အန်တီတို့ကလည်း ဝမ်းသာပါတယ်ကွယ်'

ဒေါ်ထက်ထက်၊ ဖေဖေ၊ မေမေတို့အပါအဝင် အားလုံးပျော်ရွှင်သွားခဲ့တယ်။ ဒေါ်ထက်ထက်က…

'ကျွန်မဘဝမှာ ဒီနေ့ဟာ အပျော်ဆုံးနေ့ပါပဲ'

ထခုန်မလောက် ဝမ်းသာပျော်ရွှင်စွာ ပြောနေသော ဒေါ်ထက်ထက်ရဲ့ အပြုံးတွေဝေနေတဲ့ မျက်နှာမျိုး ဒီတစ်ခါပဲ တွေ့ရသေးတယ်။

အရှုံးများစွာ ရှုံးခဲ့ရတဲ့ ဒီသားအမိ အပြုံးတွေဝေဖို့ ကျွန်မ ရှုံးနိမ့်ခဲ့ရတဲ့ ဘဝအဖြစ် ကံကြမ္မာက ဖန်လေရော့သလား။

ဒါမှမဟုတ် ကိုမိုးသည်းပဲ ကံဆိုးလေရော့သလား။

သူတို့အားလုံး ပျော်ရွှင်နေပေမယ့် အချစ်ဆုံးချစ်သူကို ဆုံးရှုံးခဲ့ရတဲ့ ကျွန်မဟာ နှမြောတသ ယူကျုံးမရခြင်းနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးတွေ ကွဲကြေနေပါပြီ။ ဖွင့်ဟငိုရန်ခက်တဲ့ဘဝမှာ တိုးတိတ်လွန်းတဲ့ ရှိုက်သံများ ရင်မှာပြည့်သိပ်နေလေရဲ့။ အိပ်မက်သာဖြစ်ခဲ့ရင်,ဘယ်လောက်ကောင်းမလဲ ကိုမိုးသည်းရယ်။ အမြန်ဆုံး နိုးထလိုက်ချင်ပြီ။ အိပ်မက်မဟုတ်တဲ့ဘဝမှန်း သိလိုက်တော့ ဝေ့ဝဲလာတဲ့ မျက်ရည်ကို အသာထိန်းထားလိုက်ရတယ်။

ကျွန်မတို့ မိသားစုဟာ အာကာမိုးထက်တို့ သားအမိကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြတယ်။ ဆေးရုံပေါ်မှာ ထိန်းထားသမျှ အိမ်ကိုရောက်တော့ မေမေ့ကိုဖက်ပြီး ငိုချလိုက်တယ်။ ဖေဖေက အံ့သြစွာနဲ့ လှမ်းကြည့်လိုက်တယ်။

'ဟဲ့… သမီး ဘာဖြစ်လို့လဲ'

မေမေက အထိတ်တလန့်နဲ့ မေးလိုက်တယ်။

'မေမေရယ်… သမီး ငိုချင်လွန်းလို့ပါ'

'ဘာဖြစ်လို့လဲ သမီးရယ်၊ မထိတ်သာ မလန့်သာ'

'သမီး ပြောစရာတွေရှိတယ် မေမေ'

'ပြောပါ သမီးရယ်'

'ကိုမိုးသည်း ကားတိုက်လို့ဆုံးသွားပြီ မေမေ'





'အို… ဖြစ်မှဖြစ်ရလေ'

'ကားတိုက်လို့ ဆုံးခါနီးမှာ သူ့ရဲ့ မျက်ကြည်လွှာကို အာကာ့ကို လှူခဲ့တယ် မေမေ'

'ဟင်… ဟုတ်လား'

မေမေရော ဖေဖေပါ အံ့အားသင့်သွားတယ်။

'ကိုမိုးသည်းက သူ့မျက်ကြည်လွှာလှူတဲ့ အကြောင်းကို သူတို့သားအမိကို မပြောပါနဲ့လို့ မဆုံးမီက မှာခဲ့တယ် မေမေ'

'သူ့အဖေနဲ့ ပတ်သက်ပြီး ထက်ထက်က နာကြည်းစရာတွေ ရှိထားတာကိုး'

'ဟုတ်ပါတယ် မေမေ၊ ကိုမိုးသည်းဟာ သူ့အဖေရဲ့ အတိတ်ကြွေးကို ဘဝနဲ့ရင်းပြီး ဆပ်လိုက်သလိုပဲ'

'ကြားရတာ မေမေ စိတ်မကောင်းလိုက်တာ၊ မောင်မိုးသည်းဆုံးတဲ့အကြောင်း မေမေတို့ကို ဘာဖြစ်လို့ မပြောတာလဲ'

ကျွန်မ မည်သို့မျှ ပြောနိုင်စွမ်းမရှိတော့ပါ။ ဖေဖေ့လို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားတင်းမာလှသူပင်။ ကိုမိုးသည်းအကြောင်း ကြားရသောအခါ စိတ်မကောင်းဖြစ်သွားတယ်။ ကျွန်မတို့သားအမိ ဖြစ်အင်ကို မကြည့်ရက်လို့ အိမ်ပြင်ဘက် ထွက်သွားတယ်။ မေမေက ကျွန်မကို ပွေ့ဖက်ရင်း နှစ်သိမ့်အားပေးခဲ့တယ်။ ပူလောင်နွမ်းလျတဲ့ ကျွန်မရဲ့ဘဝမှာ မေမေ့ရဲ့ မေတ္တာရိပ်ဟာ တကယ့်ကို ချမ်းမြေ့ခဲ့ပါတယ်။

* * *

## အခန်း(၁၃)

'သမီး မေမေလည်း မပြောချင်ပေမယ့် ပြောရဦးမယ်'

'ပြောပါ မေမေ'

'ထက်ထက်က သမီးနဲ့ အာကာ လက်ထပ်ဖို့ကိစ္စ ထပ်ပြီး ဆွေးနွေးတယ်၊ ဖေဖေရော မေမေပါ သမီးကို ဘာမှမတိုက်တွန်းဘူး၊ သမီးဘာသာ စဉ်းစားဆုံးဖြတ်ပါ၊ လက်မထပ်နိုင်ဘူးဆိုရင်လည်း မေမေတို့ ငြင်းလိုက်မယ်'

'သမီး စဉ်းစားပါ့မယ် မေမေ'



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ စကားပြောပြီး အိပ်ခန်းထဲမှာ တံခါးပိတ်ကာ လှဲနေလိုက်တယ်။

မေမေတို့အားလုံးဟာ ကျွန်မရဲ့ ခါးသီးတဲ့အဖြစ်ဆိုးကြောင့် ဘာတစ်ခုမှ အမေးစမ်းခြင်း မပြုခဲ့ပါ။ ကျွန်မရဲ့ လက်ထပ်ခြင်းကို ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ရမယ်တဲ့။

ကျွန်မကို လွတ်လပ်ခွင့်ပေးလိုက်ပြီ။ ဒီအခွင့်အရေးဟာ ကျွန်မဘဝမှာ ပထမဆုံး ရရှိတဲ့ အခွင့်အရေးပါ။

ကျွန်မ လက်ထပ်ဖို့ ဘယ်မှာလဲ ချစ်သူ။

ချစ်သူဆုံးရှုံးခဲ့တဲ့ မိန်းမတစ်ယောက်ဟာ ဘယ်သူ့ကို လက်ထပ်ရမလဲ။ ငြင်းပယ်ရုံကလွဲလို့ ဘာရှိဦးမှာလဲ။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်စပြီး ကျွန်မကို မေမေရော ဖေဖေပါ အတာကိုလက်ထပ်ဖို့ အာဏာသုံးပြီး အတင်းအဓမ္မ တိုက်တွန်းခဲ့တယ်။ အဲဒီတုန်းက အသက်နှစ်ဆယ်အရွယ် အချစ်ဆိုတာ ဘာမှန်းမသိသေးတဲ့ ကျွန်မဟာ လက်ခံခြင်း၊ ငြင်းဆန်ခြင်း မပြုခဲ့ပါ။ ဒါပေမဲ့ အချစ်ဆိုတဲ့အရာကို ကိုမိုးသည်းဆီက ကျွန်မ ရရှိခဲ့တဲ့နောက်ပိုင်း အဲဒီကိစ္စကို ငြင်းပယ်ခဲ့တယ်။





အချစ်ရဲ့ နူးညံ့သိမ်မွေ့မှုအောက်မှာ ကျွန်မတို့နှစ်ယောက် အပျော်ကြီး ပျော်ခဲ့ကြတယ်။ နှစ်ဦးစလုံးရဲ့ စစ်မှန်တဲ့ချစ်ခြင်းကြောင့် စိတ်ဆိုးရမှန်း စိတ်ညစ်ရမှန်းတောင် မသိခဲ့ဘူး။

ဒါပေမဲ့ တစ်ပါးသူတွေရဲ့ ပယောဂထဲမှာ ကျွန်မတို့ရဲ့ အချစ်အိမ်ကလေး ပျက်စီးခဲ့ပြီး တစ်စစီကြွေနေတဲ့ အသည်းအပိုင်းအစတွေကို ကျွန်မ ဘယ်မြေကြီးပေါ်က ကောက်ရမလဲ။

ကျွန်မရဲ့ ကိုမိုးသည်းဟာ တစ်ယောက်ကိုတစ်ယောက် ပိုင်ဆိုင်ချင်တဲ့ အချစ်မျိုးနဲ့ ချစ်ခဲ့ကြသူတွေပါ။

ကမ္ဘာပေါ်မှာ တစ်ဦးတည်းသော အချစ်တော်ဆုံး လူသားတစ်ဦးထံက နူးညံ့သိမ်မွေ့တဲ့ ချစ်ခြင်းမေတ္တာတွေ။

နိုင်မြဲတဲ့ သစ္စာတရားတွေ။

အကြင်နာ အယုအယတွေ။

ချစ်မြတ်နိုးမှုတွေ။

အားလုံး အားလုံး ဘာမှမရနိုင်တော့တဲ့ ဘဝမှာ။

ကျွန်မ အရှုံးဝမ်းနည်းကြေကွဲခဲ့တယ်။

ဒီမှာတင် အလင်းရောင်ကလေးတစ်ခု ကျွန်မရဲ့ဦးနှောက်ထဲကို ဖျတ်ခနဲ ဝင်လာခဲ့တယ်။ ကျွန်မ မေ့နေလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီမှာ ကျန်ရစ်ခဲ့တဲ့ 'ချစ်သူရဲ့ မျက်ဝန်းတစ်စုံ'။

ချစ်သူဆီက ဘာမှမရနိုင်တော့တဲ့ ကျွန်မဘဝမှာ 'ချစ်သူရဲ့ မျက်ဝန်းတစ်စုံ' ကိုသာ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် ခပ်နုံနုံ၊ ခပ်ညံ့ညံ့ သိပ်ချစ်တတ်တဲ့ မိန်းမသားဘဝအဖြစ် ကျွန်မ ကျေနပ်စွာ ခံယူနိုင်စွမ်းရှိပါတယ်။

ကိုမိုးသည်းရဲ့ မျက်ဝန်းတစ်စုံဟာ အာကာမိုးထက်ဆီမှာ ကျန်ရစ်ခဲ့တာ ကျွန်မ သတိရလိုက်တယ်။ ကိုမိုးသည်းရဲ့ ခန္ဓာကိုယ်ထဲက အစိတ်အပိုင်းတစ်ခုမို့ ရူးအောင်ချစ်မိခဲ့တဲ့ ကျွန်မအတွက် ဒီမျက်ဝန်းကလေးကို ပိုင်ဆိုင်သင့်တယ်ဆိုတဲ့ အတွေးတွေ ဝင်လာခဲ့တယ်။

တစ်ညလုံး တလူးလူး တလိမ့်လိမ့်နဲ့ အိပ်မရခဲ့။

'ငါဟာ ဘာဖြစ်လို့ ဒီမျက်ဝန်းတစ်စုံကို အစက မတွေးခဲ့မိတာပါလိမ့်'

ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ခြင်းလား၊ စဉ်းစားပေဖြန့်ခြင်းလား ကွဲပြားစွာ အသိမရှိခဲ့။

မနက်မိုးလင်းတော့…

'မေမေ သမီး အာကာကို လက်ထပ်မယ်'





ကျွန်မရဲ့ အဖြေကို မေမေ အံ့သြသွားတယ်။ တစ်ချိန်လုံး ခါးခါးသီးသီး ငြင်းခဲ့တဲ့ ကျွန်မ ဖေဖေရဲ့ အဆိုနဲ့ကို ဖီဆန်ခဲ့တဲ့ ကျွန်မ။ အခုတော့ ဘယ်သူ့ရဲ့ တိုက်တွန်းမှုမှမပါဘဲ ဘာကြောင့် ဒီအဖြေကိုပေးပါလိမ့်။ ဖေဖေ မေမေတင်မကဘူး။ ဒေါ်ထက်ထက်ရော အာကာပါ အံ့သြစေခဲ့တယ်။

နောက်တစ်ရက်မှာ အာကာမိုးထက် ကျွန်မဆီ ရောက်လာခဲ့တယ်။

'သံစဉ် နင် ငါ့ကို လက်ထပ်မယ်ဆိုတာ တကယ်လား ဟင်'

'ဟုတ်ပါတယ်၊ ငါ တကယ်ပြောတာပါ အာကာ'

'ဝမ်းသာလိုက်တာ သံစဉ်ရယ်၊ ဟိုအရင်တုန်းကသာ နင့်မှာ ဒီလိုအတွေးမျိုး ရှိခဲ့မယ်ဆိုရင် တို့တစ်တွေ ဒီလိုဖြစ်ခဲ့ကြမှာ မဟုတ်ဘူး'

'ဒါပေါ့ဟာ…. ဒီအချိန်ဟာ အတွေးအခေါ်တွေကို ရင့်ကျက်စေခဲ့တာ မဟုတ်လား'

'ဘာပဲဖြစ်ဖြစ် နင့်ဆီက အဖြေရတာ မေမေရော ငါရော သိပ်ပျော်တာပဲဟာ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ အဖြေဟာ ဒဲ့ကာဘိုးထောက်ကို အလွန်ပဲ ပျော်ရွှင်စေခဲ့တယ်။

"ငါတို့ တစ်လအတွင်း လက်ထပ်ရအောင်နော်"

"အေးပေါ့ ... နှင်းသဘောပါပဲ"

ကျွန်မက အေးအေးကိုင်းရှိုင်း ပြောလိုက်တယ်။ တကယ်တော့ ဒီစကားဟာ ကျွန်မ ကိုမိုးသည်းကို ပြောမယ့်စကားပါ။

အဘကာဘိုးထောက်က စကားပြောရင်း ဘယ်ကိုအတွေးဝင်သွားတယ်မသိ။ စကားမဆက် ငြိမ်းနေ မေးလိုက်တယ်။

"ဒါနဲ့ ကိုမိုးသည်းတစ်ယောက်ရော၊ မတွေ့တာကြာပြီ"

ကျွန်မအတွက် ဦးရှင်ရက်လက်တို့ဆိုသလို ဖြစ်ခဲ့ရတယ်။

"သံစဉ်နဲ့ ကိုမိုးသည်း တွေ့ကြသေးလား"

ကျွန်မကို လှမ်းမေးလိုက်တယ်။

"ကိုမိုးသည်း အဝေးကို ထွက်သွားပြီ"

မှုသားမပါတဲ့ စကားတစ်ခွန်းကိုရွေးပြီး ပြောလိုက်တယ်။

"ဘာပဲဖြစ်ဖြစ် ကိုမိုးသည်းဟာ ငါ့ရဲ့အစ်ကို၊ ငါ့ရဲ့ ကျေးဇူးရှင်ပဲ၊ ငါ့ရဲ့ မင်္ဂလာပွဲမှာ သူ့ကို ရှိစေချင်လိုက်တာ၊ နှင်းရောဟင်"





"ငါလည်း ရှိစေချင်တာပေါ့"

"ငါ အခုလို မျက်စိပြန်မြင်တာတွေ့ရင် သူလည်း တော်တော်ဝမ်းသာမှာပဲ"

"ဟုတ်တာပေါ့"

"ဒါနဲ့ ငါ့ရဲ့ မျက်ကြည်လွှာအလှူရှင်က 'အမည်မသိ' တဲ့၊ ဘာကြောင့်မှန်း သူ့ရဲ့အမည်ကို လျှို့ဝှက်ထားပါလိမ့်နော်"

"သေသွားတဲ့ လူတစ်ယောက်ရဲ့ နာမည်ကို သိလို့ရော ဘာအကြောင်းထူးမှာလဲ အဘကာရယ်"

ကျွန်မဟာ ကျလုဆဲဆဲ မျက်ရည်စတွေကို အသာထိန်းပြီး ပြောလိုက်တယ်။ ဒါပေမဲ့ တကယ်ပြောချင်တဲ့ စကားကတော့...

"နှင်း အခုလို အလင်းရအောင် မျက်ကြည်လွှာပေးလှူတဲ့ အလှူရှင်ဟာ နှင်းတို့သားအမိ သိမ်မှန်းခဲ့တဲ့ ကိုမိုးသည်းပေါ့" လို့။

လူ့ဘဝမှာ ထိန်းချုပ်ရန်ခက်ခဲတဲ့ အကြောင်းတရားတွေ များကြီးရှိပါတယ်။ ဒါပေမဲ့ ကတိတစ်ခုအတွက် ပြိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင်ထိန်းချုပ်နိုင်ခြင်းဟာ မြင့်မားတဲ့ အဆင့်အတန်းတစ်ခု ပါပဲလို့ စံတင်ထားတဲ့ ကိုမိုးသည်းရဲ့ စကားအတိုင်း ကျွန်မ လိုက်နာခဲ့တယ်။

ကိုမိုးသည်းရယ်…

ကျွန်မဟာ ချစ်သူဆုံးရှုံးရတဲ့ မိန်းကလေးတွေထဲမှာ ချစ်သူရဲ့ မျက်ဝန်းတစ်စုံကို ရှားရှားပါးပါး ပိုင်ဆိုင်ခွင့်ရခဲ့တာမို့ ကံဆိုးထဲက ကံကောင်းတယ်လို့ ဆိုရမှာပဲ။

ချစ်သူ…

မြင့်မြတ်တဲ့ ဘုံဘဝမှာ စမ်းမြောက်ဝမ်းသာ ရှိပါစေ တော့။

ကံကောင်းခြင်းလက်ဆောင်အဖြစ် ရရှိခဲ့တဲ့ ချစ်သူ မျက်ဝန်းတစ်စုံကို မြတ်နိုးစွာထွေးပိုက်ရင်း စာဝခရီးတစ်လျှောက် မှာ အားအင်အပြည့်နဲ့ ရှေ့သို့ လျှောက်လှမ်းသွားမယ် ချစ်သူရယ်။

စာဖတ်ပရိသတ်များ ကြည်နူးချမ်းမြေ့ကြပါစေ…

မြမှုးခင်ခင်

ပထမဦးဆုံး ထွက်ရှိခဲ့သော

ဂျူနီယာ
စာရေးဆရာမကြီး **ရီရီငြေး**

လုံးချင်း လက်ရာကောင်း

# လှူးရေတာနာသိုက်

(ဒုတိယအကြိမ်)
ထွက်ရှိပါမည်။

ကိုယွန်းယှဉ် စာပေတိုက်
အမှတ်(၅၈)၊ မွေ့ကဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့၊ ☎ : 09 51 66140

www.burmeseclassic.com